# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် | ၂၀၁၅ ခုနှစ်၊ ဇွန် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၄၁]


**အေးစေ မြဲစေ မေတ္တာရေ**

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

## တည်ငြိမ်အေးချမ်းရေး၊ ပွံ့ဖြိုးတိုးတက်ရေးနှင့် တပ်မတော်၏အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအခြေအနေများဆွေးနွေး

သတင်း၊ စာမျက်နှာ-၃

# ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဖြစ်လာမည့် ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံ

သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့လယ်ကောင်ရှိ အများပြည်သူများ အနားယူအပန်းဖြေလျက်သော မဟာဗန္ဓုလပန်းခြံအား ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ် အပြာရောင်ကမ္ပည်းပြားကို ယခုလအတွင်း မှတ်တမ်းတင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့၏ သမိုင်းဝင်မြို့ပြအမွေအနှစ်ဖြစ်လာမည့် အဆိုပါ မဟာဗန္ဓုလပန်းခြံသည် အလောင်းဘုရားခေတ် ရန်ကုန်မြို့တည်ချိန်က ရေကန်များပတ်လည်ဝန်းရံနေသည့် ရွှံ့နွံတောများသာဖြစ်ပြီး ဗြိတိသျှအစိုးရလက်ထက် ၁၈၆၇-၆၈ ခုနှစ်တွင် ပန်းခြံအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့၏ သမိုင်းဝင် မြို့ပြအမွေအနှစ်ဖြစ်လာမည့် မဟာဗန္ဓုလပန်းခြံသည် ယခုအခါ နှစ်ပေါင်း ၁၅၈ နှစ်ရှိပြီဖြစ်သည်။ ထိုစဉ်က ယင်းပန်းခြံအမည်ကို မြန်မာနိုင်ငံကော်မရှင်နာ၏ နာမည်ဖြစ်သည့် Albert Fytche ကို အစွဲပြုပြီး Fytche Square ပန်းခြံဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်။ နောက်ပိုင်းတွင် ဗစ်တိုးရီးယားဘုရင်မကြီးပန်းခြံဟု အမည်တွင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

"ကျွန်မတို့ ဒီဇွန်လထဲမှာ ရန်ကုန်မြို့ရဲ့ ဆဋ္ဌမမြောက် ရှေးဟောင်းအမွေအနှစ် အပြာရောင်ကမ္ပည်းပြားကိုတပ်ဆင်ပေးသွားဖို့ရှိပါတယ်။ အဲဒီ ဆဋ္ဌမမြောက် ရန်ကုန်မြို့ရဲ့ မြို့ပြအမွေအနှစ်ကတော့ ရန်ကုန်မြို့လယ်မှာရှိတဲ့ မဟာဗန္ဓုလပန်းခြံဖြစ်မလား၊

*စာမျက်နှာ ၁၀ ကော်လံ ၅* ❐



ရန်ကုန်မြို့ပြအမွေအနှစ်ဖြစ်လာမည့် ရန်ကုန်မြို့လယ်ကောင်မှ မဟာဗန္ဓုလပန်းခြံ။ ဓာတ်ပုံ-မင်းထက်

# ဘီးလင်း-နတ်ကြီး-ဖာပွန် ကားလမ်း ရာသီမရွေးသွားလာနိုင်ရန် ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်



သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

**ဘီးလင်း ဇွန် ၂**

မြန်မာနိုင်ငံ၌ ယခင်က နိုင်ငံ၏ အထက်ပိုင်းနှင့် အောက်ပိုင်း ဆက်သွယ်နေသည့် လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ခြမ်း၌သာ သွယ်တန်းလျက်ရှိသော်လည်း ယခုအခါ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ဘီးလင်း-နတ်ကြီး-ဖာပွန် ကားလမ်းသည် မြန်မာနိုင်ငံ၌ အထင်အရှားရှိနေသည့် အရှေ့၊ အနောက်၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻

**ယနေ့ မာတိကာ**


ယန်ဇီမြစ်အတွင်း သင်္ဘောမှောက်မှုတွင် အသက်ရှင်ကျန်သူငါးဦးတွေ့ စာမျက်နှာ » ၄

အိန္ဒိယအာကာသစီမံကိန်း၏ ဂြိုဟ်နီကြီး လေ့လာရေးခရီး စာမျက်နှာ » ၅

ဇူလိုင်လဆန်းမှစ၍ ကျန်းမာရေးအာမခံ စတင်ထားနိုင်ရန် စီစဉ်နေ စာမျက်နှာ » ၁၄





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တိုင်းရေနှင့် ကျေးလက်ဖွံ့ဖြိုးရေး

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်စပါး အဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်သည့်အလျောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်လာရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးပြီး မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ တိုးတက်လာရမည်ဖြစ်ပါသည်။ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးနေခြင်းသည် ဆင်းရဲမှုလျှော့ချရေးကို အလေးထားဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။ ယခု ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချသွားရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ ဆင်းရဲမှုနှုန်းလျှော့ချရာတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနများသည် အဓိကဦးဆောင်ဦးရွက်ပြု ကူညီပေးလျက်ရှိသည်ကို တွေ့ရပေသည်။ အများအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ လယ်ယာအခြေခံလုပ်ငန်းများတွင် အခြေခံအဆောက်အအုံများနှင့် အရင်းအနှီးများ တိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က မေ ၃၀ ရက်တွင် ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်း ၃၆၅၄ သင်းက အသင်းသား ၃၂၉၈၄၁ ဦးကို အသေးစား အရင်းအနှီး ချေးငွေကျပ် ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးမည်ဖြစ်ပြီး အရစ်ကျချေးငွေစနစ်နှင့် လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာများ ဝယ်ယူကြမည့် သမဝါယမအသင်း ၈၂၅ သင်းက အသင်းသား ၈၈၅၃ ဦး အတွက် စက်ကိရိယာစီးရေ ၈၈၄၉ စီး တန်ဖိုးငွေကျပ် ၃၇၆၀ ဒသမ ၇၂၇ သန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဤသို့ ငွေကြေးအရင်းအနှီးနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများနှင့် ယာဉ်ယန္တရားများ ထူထောင်ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှ ပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်စွာ လုပ်ကိုင်လာနိုင်တော့မည်ဖြစ်ပါသည်။ ထိုမှ တစ်ဆင့်တက်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စက်အခြေပြုတီထွင်ဆန်းသစ်လုပ်ကိုင်ရာမှ စက်မှုလယ်ယာလုပ်ငန်းနှင့် စက်မှုအခြေခံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာနိုင်မည်ဖြစ်ပါသည်။ သမဝါယမဝန်ကြီးဌာန၏ ဤသို့ ဖြည့်ဆည်းပေးနေမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးကို ဖြည့်ဆည်းပေးနိုင်မှုမှာ တစ်နိုင်ငံလုံး၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်ပါသည်။

သို့ပါ၍ ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများသည် မိမိတို့ လူမှုစီးပွားဘဝမြှင့်တင်သွားနိုင်ရန် အခွင့်အလမ်းကောင်းတစ်ခုကို ရယူပိုင်ဆိုင်ထားပြီဖြစ်ပါသည်။ မိမိတို့၏ ကိုယ်တိုင်ကြိုးစားအားထုတ် လုံ့လပြု လုပ်ကိုင်သွားရန်သာလိုပါသည်။ မည်မျှပင် အကူအညီအထောက်အပံ့ရစေကာမူ မိမိတို့ကိုယ်တိုင် လုံ့လပြု ကြိုးစားအားထုတ်နိုင်ခြင်းမပြုဘဲ ပေါ့ပေါ့ဆဆနေလျှင် ရရှိထားသော အခွင့်အလမ်းများနှင့် လွဲချော်သွားနိုင်ပါသည်။ သို့ပါ၍ ရရှိထားသော အခွင့်အလမ်းကောင်းတစ်ခုကို အမိအရ ဆုပ်ကိုင်ပြီး မိမိနှင့်တကွ မိမိတို့၏ မြို့ရွာများအလျင်အမြန် ဖွံ့ဖြိုးတိုးတက်ကာလူတစ်ဦးချင်းဝင်ငွေတိုးပွားလာအောင် အပြင်းအထန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

# တတိယအကြိမ်အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းဆွေးနွေး



**နေပြည်တော် ဇွန် ၂**

အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ Enhancing of Women's Empowerment Sector Working Group ၏ တတိယအကြိမ် ညှိနှိုင်း ဆွေးနွေးပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီခွဲက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပထမအကြိမ်မြန်မာနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (1st Myanmar Development Cooperation Forum) မှ ထွက်ပေါ်လာသော နေပြည်တော် ကြေညာစာတမ်းအရ လုပ်ငန်းအဖွဲ့ (၁၆)ဖွဲ့အနက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့တို့တွင် မိမိတို့ဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ထမ်းဆောင်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)ကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ (Development Partners) အနေဖြင့်မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားမြှင့်တင်ရေးလုပ်ငန်းများအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် စီမံချက်၊ လုပ်ငန်းအစီအစဉ်များအား ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် UNFPA (မြန်မာ) မှ ဌာနေကိုယ်စားလှယ်က အမှာစကား ပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသော အစိုးရဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၁၀)နှစ် စီမံကိန်းပါ သက်ဆိုင်ရာ ဧရိယာ(၁၂)ခုအပေါ် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ ကြီးကြပ်မှုဖြင့် ပဲခူးခရိုင်တရားရုံးက ဖွင့်လှစ်သည့်စာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို မေ ၃၀ က တရားလွှတ်တော်သင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက စာရေးဝန်ထမ်းများအနေဖြင့် တရားရုံးများ၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်တတ်မြောက်မှု၊ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို သိရှိနားလည်သဘောပေါက်လျက်ထိရောက်စွာ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။



အခမ်းအနားသို့ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေး ဦးစီးမှူး၊ ပဲခူးခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိမြို့နယ်တရားရုံးများမှ တရားသူကြီးများ တက် ရောက်ကြသည်။ သင်တန်းသို့ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်း ၂၈ ဦး တက်ရောက်ကြကြောင်း သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။


**သန့်စင်(ပဲခူး)**

# HTC ဖုန်းများတွင် မြန်မာဖောင့်များ ပါမည်

**ရန်ကုန် ဇွန် ၂**

ဇူလိုင်လမှစ၍ အာရှတိုက်တွင်းဖြန့်ချိမည့် HTC ဖုန်းများတွင် မြန်မာဖောင့်များ ပါဝင်မည်ဖြစ်ကြောင်း HTC မြန်မာမှ Head of Business Development ဦးကျော်သူအောင်က ပြောကြားသည်။

"လာမယ့်ဇူလိုင်၊ ဩဂုတ်လအတွင်းကစပြီး အာရှတိုက်မှာ ဖြန့်ချိမယ့်ဖုန်းတွေမှာ မြန်မာဖောင့်တွေဖြစ်တဲ့ ယူနီကုတ်၊ ဇော်ဂျီဖောင့်တွေ ပါဝင်တော့မှာပါ။ ဒီလိုမျိုး မြန်မာဖောင့်ကို Root လုပ်စရာ မလိုတဲ့အတွက် အဆင်ပြေပြေ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ **မွန်းဦးနဒီ**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၂-၆-၂၀၁၅

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၇၀၀ |

**စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၉၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၆.၅၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၈၉ |
| တရုတ် | တစ်ယွမ် | ၁၇၅.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၁ |

**ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၈၀၀-၁၉၂၀၀ |
| ပေါက်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၉၂ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၆၀၀-၂၀၀၀ |
| ကြက်သွန်ဖြူ(ကြိုးကုတ်သစ်) | တစ်ပိဿာ | ၁၇၅၀-၁၈၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၆၀-၇၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇေ့ငှတင်ပြသည်။

# တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်မတော်၏အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအခြေအနေများဆွေးနွေး


**နေပြည်တော် ဇွန် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်အခြေစိုက် ဟားဗတ်တက္ကသိုလ် အုပ်ချုပ်မှုပညာရပ်ဆိုင်ရာ ကနေဒီကျောင်း (HARVARD Kennedy School) အက်ရှ်စင်တာ (ASH Center)၊ မြန်မာဌာနမှ Mr.Thomas J.Vallely အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် Mr.Thomas J.Vallely က မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ နိုင်ငံရေးအရ လေ့လာနေသော Proximity Designs အဖွဲ့၏ လေ့လာတွေ့ရှိချက်များကို အခြားနိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ဆွေးနွေးသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိနိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့် နောက်ခံသမိုင်းကြောင်းအပေါ် မူတည်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် တပ်မတော်၏အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

**(မြဝတီ)**





ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော ဒေါ်ယဉ်ယဉ်မြင့် မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဂျာမနီနိုင်ငံသမ္မတ H.E. Mr. Joachim Gauck ထံသို့ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(မြန်မာ့အလင်း)

## မိုးလေဝသအခြေအနေ

နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

နောက်နှစ်ရက် အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။

## ဒေါက်တာနေဇင်လတ်၏ အမျိုးသားတိုးတက်ရေးပါတီနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၇/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်

၁၃၇၇ ခု၊ နယုန်လပြည့်ကျော် ၁ ရက်

**ဒေါက်တာနေဇင်လတ်၏ အမျိုးသားတိုးတက်ရေးပါတီနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်ခြင်း**

၁။ အမျိုးသားတိုးတက်ရေးပါတီ ထူထောင်ခဲ့သောနိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့၊ အဖွဲ့ဝင်ဒေါက်တာနေဇင်လတ်အား နိုင်ငံတော်သမ္မတနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သော်လည်းကောင်း ဆက်စပ်ပတ်သက်မှုမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၃၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၅)ဖြင့် တာဝန်မှအနားယူခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့၊ ယခင်အဖွဲ့ဝင် ဒေါက်တာနေဇင်လတ်နာယကအဖြစ်ထူထောင်ထားသော အမျိုးသားတိုးတက်ရေးပါတီသည် နိုင်ငံတော်သမ္မတနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်သော်လည်းကောင်း လုံးဝပတ်သက်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ဆရာလိုအပ်ချက်အတွက် ဖြည့်ဆည်းခန့်ထားနိုင်ရေးဆိုင်ရာ ဆွေးနွေး

**ရန်ကုန် ဇွန် ၂**

အခြေခံပညာ ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဆရာလိုအပ်ချက်အတွက် ဖြည့်ဆည်းခန့်ထားနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအသင်းနာယက ဒေါက်တာဦးသန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအဆင့်တိုးခြင်းနှင့်ဆရာဖြည့်ဆည်းရေး၊ ပညာရေးကောလိပ်များမှ ဆရာ ဆရာမ မွေးထုတ်နိုင်မှုအခြေအနေ၊ အထက်တန်းပြ၊ အလယ်တန်းပြနှင့် မူလတန်းပြတို့တွင် ဆရာ ဆရာမဖြည့်ဆည်းခန့်ထားရေး 'မူ'၊ နေ့စားလပေး မူလတန်းပြခန့်ထားရေးနှင့် ဆရာအတတ်ပညာအပြည့်အဝရရှိရေးနှင့် ကန်ထရိုက်စနစ်ဖြင့် ဆရာ ဆရာမခန့်ထားရေး 'မူ'တို့ကို တင်ပြသည်။

ထို့အပြင် တက်ရောက်လာကြသူများကလည်း ဆရာ ဆရာမများ ရာထူးတိုးမြှင့်ရေးတွင် သင်ကြားမှုအပေါ်တွင်လည်း ထည့်သွင်းစဉ်းစားရေး၊ ဆရာအတတ်ပညာ အရည်အသွေးဖြည့်ဆည်းပေးရေး၊ လိုအပ်ချက်နှင့်ကိုက်ညီရေးအတွက် တစ်ဘာသာထက်ပိုမိုသင်ကြားနိုင်သော ဆရာ ဆရာမများကို ဦးစားပေးမွေးထုတ်ရေးတို့ကိုလည်း အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပညာရှင်များ တက်ရောက်ကြသည်။ **(ပညာရေး)**

# လာမည့်ဩဂုတ်လတွင် ရန်ကုန်၌ဘဏ်ခွဲဖွင့်လှစ်တော့မည့် ဂျပန်နိုင်ငံက မီဇူဟိုဘဏ်

**ရန်ကုန် ဇွန် ၂**

ပြည်ပရင်းနှီးမြှုပ်နှံမှုမြင့်တက်လာသည့် မြန်မာနိုင်ငံ၌ နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ခွင့်ရရှိကြသည်ဖြစ်ရာ ဂျပန်ဘဏ်ကြီးတစ်ခုဖြစ်သည့် မီဇူဟို (Mizuho) ဘဏ်သည် လာမည့်ဩဂုတ် ၃ ရက်တွင် ရန်ကုန်၌ဘဏ်ခွဲဖွင့်လှစ်မည်ဖြစ်ကြောင်း ဘဏ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မေ ၂၉ ရက်က ပြောကြားသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုထောက်ခံချက်နှင့်အတူ ဘဏ်ခွဲဖွင့်လှစ်ခွင့်ရသော မီဇူဟိုဘဏ်သည် ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၏ စတုတ္ထထပ်၌ ဘဏ်ခွဲဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သော ကျွမ်းကျင်ဘဏ်ဝန်ထမ်းများကို စုဆောင်းပြီးဖြစ်ကြောင်း အဆိုပါဘဏ်၏ရန်ကုန်ကိုယ်စားလှယ်ရုံးမှ ဒေါ်မီမီနေမင်းဝင်းက ပြောကြားသည်။

မီဇူဟိုဘဏ်သည် မြန်မာနိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးသည့်အနေဖြင့် ဇွန် ၃ ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၂၅ ဦးနှင့် ဇွန် ၅ ရက်တွင် မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၂၅ ဦး စုစုပေါင်း ကျောင်းသား ၅၀ အား ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း မီဇူဟိုဘဏ်၏ကိုယ်စားလှယ်ချုပ်ဖြစ်သူ မစ္စတာ တက်ဆူရိုနိုနာကာက ပြောသည်။

အဆိုပါပညာသင်ဆုအစီအစဉ်ကို ယမန်နှစ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၂၅ ဦးကို ပေးအပ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ယမန်နှစ် စက်တင်ဘာ ၃၀ ရက်က ဩစတြေးလျနှင့် နယူးဇီလန်ဘဏ်အုပ်စုလီမီတက် (ANZ)၊ ဗန်ကောက်ဘဏ်၊ တိုကျို-မစ်ဆူဘီရှီဘဏ်၊ တရုတ်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မေဘဏ်၊ မီဇူဟိုဘဏ်၊ အိုဗာဆီးချိုင်းနစ်ဘန်ကင်းကော်ပိုရေးရှင်း၊ ဆူမီတိုမိုမစ်ဆူအီဘန်ကင်းကော်ပိုရေးရှင်းနှင့် ယူနိုက်တက်အိုဗာဆီးဘဏ်တို့ကို မြန်မာနိုင်ငံအတွင်း ဘဏ်ဖွင့်လှစ်ခွင့် လိုင်စင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သဲအိမ်**

## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြု

**ဘီးလင်း ဇွန် ၂**

ဘီးလင်းမြို့နယ် မြို့နယ်သံဃမဟာနာယကအဖွဲ့ကကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ဘီးလင်းမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုထပ်ဆင့်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်သာသနာ့ဗိမာန်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ပထမအဆင့် ထူးချွန်ဆုနှင့် ဗုဒ္ဓဘာသာ မြန်မာစာ၊ ဒုတယိအဆင့်စာမေးပွဲတို့တွင် ထူးချွန်ဆုရရှိသူ ငါးဦးစီတို့အား မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအဂ္ဂပီယ၊ ငြိမ်းချမ်းရိပ်မြုံမွှာစရိယ သင်တန်းကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒနှင့်အလှူရှင်များက ဂုဏ်ပြုဆုငွေနှင့်ရွှေတံဆိပ်များကိုပေးအပ်ချီးမြှင့်ခဲ့ရာ ပထမဆုငါးမူးသား ရွှေဆွဲပြား၊ ဒုတိယဆု တစ်မတ်သား ရွှေဆွဲပြား၊ တတိယဆုငွေကျပ် ၁၃၀၀၀၀ တန် ရွှေဆွဲပြားနှင့် နှစ်သိမ့်ဆုကျပ် ၈၀၀၀၀ တန် ရွှေဆွဲပြားတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဒိုရီကြေးမပေး၍ ခင်ပွန်းသည်က ဇနီးဖြစ်သူကို မီးရှို့သတ်

**နယူးဒေလီ ဇွန် ၂**

အိန္ဒိယနိုင်ငံ ခန်ပါရွာတွင် အသက်သုံးဆယ်အရွယ် အမျိုးသမီး တစ်ဦးကို သတို့သမီးဘက်မှပေးရသော မင်္ဂလာစရိတ်မပေးနိုင်သဖြင့် သူ၏ခင်ပွန်းနှင့် ယောက္ခမများက မီးရှို့သတ်ခဲ့ကြောင်း ရဲများက ပြောသည်။

သေဆုံးသူ၏ ဖခင်မှ ဖြေရှင်းချက်အရ ကာဂျာလ်သည် ပြီးခဲ့သော ညနေက ခင်ပွန်းဖြစ်သူနှင့် ယောက္ခမများဘက်မှ တောင်းဆိုသော ဒိုရီကြေး မပေးနိုင်သဖြင့် မီးရှို့ခံရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း ရဲများက ပြောသည်။

ကာဂျာလ်၏ ခင်ပွန်းဖြစ်သူ ဆိုနူ၊ ယောက္ခမများဖြစ်သော ဗီဂျေပါနှင့် မူနက်ရှ်တို့ကို ဖမ်းဆီးထားပြီး အဆိုပါအမှုနှင့် သက်ဆိုင်သောအခြား ခြောက်ဦးကိုလည်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ပီတီအိုင်)**

## ယန်ဇီမြစ်အတွင်း သင်္ဘောမှောက်မှုတွင် အသက်ရှင်ကျန်သူငါးဦးတွေ့

**ရှန်ဟိုင်း ဇွန် ၂**

နှစ်ပေါင်းများစွာအတွင်း တရုတ်နိုင်ငံအတွက် အဆိုးရွားဆုံး ဘေးဒုက္ခတစ်ခုအဖြစ် ယန်ဇီမြစ်အတွင်း သင်္ဘောမှောက်မှုတွင် အသက်ရှင်ကျန်သူများရှိသေးကြောင်း အင်္ဂါနေ့က မီဒီယာများတွင် ဖော်ပြသည်။ အဆိုပါ သင်္ဘောသည် ခရီးသည်ပေါင်း ၄၅၈ ဦးတင်ဆောင်လာပြီး အများစုမှာ သက်ကြီးတရုတ်ခရီးသွားများဖြစ်သည်။

တနင်္လာနေ့ ညနေပိုင်းက မုန်တိုင်း တိုက်ခတ်သောကြောင့် သင်္ဘောတိမ်းမှောက်ပြီး ငါးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဒေသတွင်း သတင်းများတွင် ဖော်ပြထားသည်။

ခရီးသွားလှေမှ လူပေါင်း ၁၂ ဦးခန့်ကို ကယ်ဆယ်ခဲ့သည်ဟု သိရသော်လည်း ကယ်ဆယ်ရမိသူ မည်ရွေ့မည်မျှရှိကြောင်း အတိအကျ မသိရသေးပေ။

ခရီးသည်များ၏ ကူကယ်ရာမဲ့ အော်ဟစ်သံများကို ကြားရကြောင်း ဆင်ဟွာသတင်းဌာနမှ ဖော်ပြသကဲ့သို့ ပြည်သူ့နေ့စဉ်သတင်းစာတွင်လည်း အဆိုပါ သင်္ဘောပေါ်၌ခရီးသည်အချို့ကျန်ရှိနေသေးကြောင်း ဖော်ပြထားသည်။

မိုးထဲလေထဲတွင် အသက်ကယ်လှေ အမြောက်အမြားသည် နစ်မြုပ်သင်္ဘောဆီသို့ရောက်ရှိရန် ကြိုးစားနေချိန်တွင် ကယ်ဆယ်သူ တစ်ဦးသည် သင်္ဘောပျက်ကိုယ်ထည်ပေါ်၌ လက်နှိပ်ဓာတ်မီးတစ်ခုနှင့် သင်္ဘောအတွင်းဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိသည်ကို ရုပ်မြင်သံကြားတွင် တွေ့ရသည်။ ကယ်ဆယ်ရေး လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရန် သမ္မတရှီကျင့်ဖျင်က ညွှန်ကြားခဲ့ပြီး ဝန်ကြီးချုပ် လီကာကျင်းကမူ ဟူဘေနယ် အလယ်ပိုင်း၌ အဆိုပါ မတော်တဆမှုအတွက် ကိုယ်တိုင်ဦးဆောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ကနဦး စုံစမ်းစစ်ဆေးမှုအရ အဆိုပါသင်္ဘောသည် ဝန်ပိုတင်ဆောင်ခြင်းမရှိကြောင်း၊ ခရီးသည်များအတွက် သင်္ဘောပေါ်တွင် အသက်ကယ် ဝတ်စုံအလုံအလောက် ပါရှိကြောင်း၊ ကယ်ဆယ်ရမိသူများသည် အသက်ကယ်ဝတ်စုံများ ဝတ်ဆင်ထားလျက်ရှိကြောင်း နောက်ပိုင်း သတင်းများတွင်ဖော်ပြထားသည်။ **(ရိုက်တာ)**



## ပင်စင်ဆိုင်ရာသတင်းအချက်အလက်ပေါက်ကြားမှုကို စိတ်ချရသောအနေအထားထိရောက်အောင် ဂျပန်အစိုးရ အစွမ်းကုန်ကြိုးစားဆောင်ရွက်



**တိုကျို ဇွန် ၂**

ကြီးမားသော သတင်းအချက်အလက် ကျိုးပေါက်မှုဖြစ်ပွားပြီးနောက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအစိုးရသည် ၎င်း၏ ပြည်သူများကို ပင်စင်ကိစ္စနှင့်ပတ်သက်ပြီး မစိုးရိမ်ကြရန် ဇွန် ၂ ရက်က အခိုင်အမာ ပြောကြားသည်။ ဤမကောင်းသတင်းနှင့်ပတ်သက်ပြီး ပွဲတင်ထပ်မှုများက ဝန်ကြီးချုပ် အာဘေး၏ ပထမသက်တမ်း အတွင်း ၎င်းကို ရာထူးမှ ပြုတ်ကျ စေနိုင်သည်။

ဝေဖန်သူများက ကာလရှည်ကြာစွပ်စွဲခဲ့သည်မှာ ထိခိုက်မခံသော ဂျပန်နိုင်ငံ၏ ဆိုက်ဘာတိုက်ခိုက်မှုများ ဖြစ်သည်။ ဤသတင်းအချက်အလက်ကျိုးပေါက်မှုသည် တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ် အာဘေးကို စစ်ကြိုစစ်ဆန့်ကျင်ရေး ဝါဒမှဥပဒေပြုရေးအတွက် ကြီးမားသော ပြောင်းလဲမှုကို ပြုလုပ်ရန် ဖိအားပေးနေသည်။

ထို့ပြင် ပြန်လည်အားယူလာသော ဖွံ့ဖြိုးစအနေအထားကို တည်မြဲအောင် ဆက်လုပ်၍ ပြည်သူလူထု၏ ကြွေးမြီကိစ္စကို ထိန်းချုပ်ရန် အရေးကြီးသော အစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရန် ဝန်ကြီးချုပ်ကို တွန်းအားပေးသကဲ့သို့ဖြစ်နေသည်။

စစ်အခြေစိုက် စခန်းများနှင့် အခြေခံ အဆောက်အအုံများကို ပစ်မှတ်ထား ဆန့်ကျင်တိုက်ခိုက်မှုများကို ကာကွယ်ရန် အမေရိကန်သည် ၎င်း၏ မဟာမိတ်နိုင်ငံများအပေါ် ဖြန့်ကြက် လွှမ်းခြုံသော ဆိုက်ဘာကာကွယ်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည်ဟု အမေရိကန်နှင့် ဂျပန်နိုင်ငံတို့က ပူးတွဲကြေညာမှုပြုပြီးနောက် ကြီးမားသော သတင်းအချက်အလက် ကျိုးပေါက်တိုက်ခိုက်မှု ဖြစ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်ပင်စင်ဌာန၏ ကွန်ပျူတာများသည် ပြင်ပအီးမေးလ် ဗိုင်းရပ်စ်ဖြင့်တိုက်ခိုက်ခံခဲ့ရပြီး အချက်အလက်ပေါင်း ၁ ဒသမ ၂၅ သန်း ကျော်ပေါက်ကြားခဲ့ကြောင်း ၎င်းဌာနအကြီးအကဲက ဇွန် ၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

အဆိုပါ သတင်းအချက်အလက်ပေါက်ကြားမှုတွင် အမည်စာရင်းများ၊ ဝန်ထမ်းသက်သေခံအမှတ်များ၊ မွေးနေ့မွေးရက်များနှင့် လိပ်စာများပါဝင်ကြောင်းသိရသည်။

သတင်းအချက်အလက် ပေါက်ကြားမှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများ၏ သတင်းအချက်အလက်များကို စိတ်ချရသော အနေအထားထိ ရောက်ရှိအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်၏ ထိပ်တန်း လက်ထောက်တစ်ဦးဖြစ်သူ ဝန်ကြီးအဖွဲ့၏အတွင်းရေးမှူး ယိုရှီဟိုက်စုဂါက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ **(ရိုက်တာ)**

## အာဖဂန်၌ အကူအညီပေးရေးလုပ်သား ကိုးဦး တိုက်ခိုက်ခံရ

**ကဘူးလ် ဇွန် ၂**

အာဖဂန်နစ္စတန်နိုင်ငံ ဘော့ခါးပြည်နယ် မြောက်ပိုင်း၌ တနင်္လာနေ့က ပစ်ခတ်တိုက်ခိုက်မှုကြောင့် အာဖဂန် အကူအညီပေးရေးလုပ်သားကိုးဦး သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့ နံနက်ပိုင်းတွင် ပြောကြားသည်။

ယမန်နေ့ညပိုင်းက ဇာရီခရိုင် ကျေးရွာတစ်ရွာ၌ အကူအညီပေးရေးလုပ်သားများစခန်းကို သေနတ်သမားများက ပစ်ခတ်ခဲ့ရာ ကိုးဦးသေဆုံးခဲ့ကြောင်း အဆိုပါတာဝန်ရှိသူက ဆင်ဟွာသို့ပြောကြားသည်။

အဆိုပါ သေဆုံးသူများတွင် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း ၎င်းသတင်းရပ်ကွက်က ပြောသည်။ ယင်းဖြစ်စဉ်ကို ကျေးလက်ဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြည်နယ်အကြီးအကဲ အဗ္ဗဒူလ်ဘာဆစ်ဟာနီက ပြောသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဟာနီက ဆင်ဟွာသို့ပြောသည်။ တိုက်ခိုက်မှုမှာ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်သည်ကို ချက်ချင်းမသိရသေးဟု ဆိုသည်။ အာဖဂန်၌ ၂၀၁၅ ခုနှစ် ပထမလေးလအတွင်း တိုက်ခိုက်မှုများကြောင့် အရပ်သား ၉၇၀ သေဆုံးပြီး ၁၉၆၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## အမေရိကန်ရဲများ၏ပစ်ခတ်မှုကြောင့် တစ်နေ့လျှင် နှစ်ဦးကျော်သေဆုံး

**ဝါရှင်တန် ဇွန် ၂**

အမေရိကန် ရဲတပ်ဖွဲ့ဝင်များသည် ယခုနှစ် မေ ၁ ရက်အထိ အနည်းဆုံး လူပေါင်း ၃၈၅ ဦးကိုပစ်သတ်ခဲ့ကြောင်း၊ တစ်နေ့လျှင် နှစ်ဦးနှုန်းထက်ပိုကြောင်း ဝါရှင်တန်ပို့စ်က ဖော်ပြခဲ့သည်။

လွန်ခဲ့သောဆယ်စုနှစ်က စုံစမ်းစစ်ဆေးရေးဖက်ဒရယ်ဗျူရို (အက်ဖ်ဘီအိုင်) ကပြုလုပ်ခဲ့သော စာရင်းများအရ အသတ်ခံရမှုနှုန်းသည် နှစ်ဆကျော်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်က ဖော်ပြခဲ့သည်။

ယင်းသတင်းအချက်အလက်ကို အတိအကျခြေရာခံ၍မရလျှင် ရဲများပစ်ခတ်မှုအကြိမ်အရေအတွက်ကို လျှော့ချပေးမည်မဟုတ်ကြောင်း ယခင်ရဲဌာနအကြီးအကဲက ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ရဲများပစ်ခတ်မှုအကြိမ်အရေအတွက်ကို အကြမ်းဖျင်း ဖော်ပြခြင်းသာဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

## တောင်ကိုရီးယား၌ လူနှစ်ဦး မားစ်ရောဂါဖြင့် သေဆုံးကြောင်း အတည်ပြု

**ဆိုးလ် ဇွန် ၂**

အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာရောဂါ(မားစ်)ကြောင့် တောင်ကိုရီးယားနိုင်ငံ၌ အင်္ဂါနေ့က ပထမဆုံး လူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အသက်(၅၈ နှစ်) အရွယ်ရှိအမျိုးသမီးတစ်ဦးသည် အဆိုပါရောဂါဖြင့် တနင်္လာနေ့က သေဆုံးခဲ့ရာ အင်္ဂါနေ့က အတည်ပြုနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအမျိုးသမီးသည် မေ ၁၃ ရက်က ပန်းနာရင်ကျပ်ရောဂါဖြင့် ဆေးရုံတင်လိုက်ရသည်။

မေ ၁၅ ရက်မှစတင်ကာ အဆိုပါအမျိုးသမီးလူနာနှင့် သုံးရက်ကြာ သီးခြားထားရှိခဲ့ကြောင်း သိရသည်။ အသက်(၇၁ နှစ်)အရွယ်ရှိ အမျိုးသားတစ်ဦးမှာလည်း မေ ၂၈ ရက်က အဆိုပါ ရောဂါဖြင့်ကွယ်လွန်ခဲ့ကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ **(ဆင်ဟွာ)**



ထွန်းတောက်

# အိန္ဒိယအာကာသစီမံကိန်း၏ ဂြိုဟ်နီကြီးလေ့လာရေးခရီး



အိန္ဒိယနိုင်ငံသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် မန်ဂလီယန်း အော်ဘစ်တာဟု အမည်ပေးထားသည့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးဂြိုဟ်တုကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ရာ ၎င်းဂြိုဟ်တုသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အင်္ဂါဂြိုဟ်၏ပတ်လမ်းအတွင်းသို့ စတင်ဝင်ရောက်ပြီး ယနေ့တိုင်ပင် စူးစမ်းလေ့လာမှု ပြုလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် အာကာသသိပ္ပံ စူးစမ်းလေ့လာရေးပညာရပ်များတွင် သိသာစွာ ဖွံ့ဖြိုးတိုးတက်လာသည့် အာရှနိုင်ငံများတွင် ပါဝင်လာပြီဖြစ်သည်။

ဂြိုဟ်နီကြီးဟု လူသားတို့ခေါ်ဝေါ်သည့် အင်္ဂါဂြိုဟ်ကို အမေရိကန်၊ ရုရှားနှင့် ဥရောပသမဂ္ဂအဖွဲ့တို့ပြီးလျှင် အိန္ဒိယသည် စတုတ္ထမြောက် အောင်မြင်စွာလေ့လာနိုင်သည့် နိုင်ငံဖြစ်လာသည်။

အိန္ဒိယနိုင်ငံက ၎င်းဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်နိုင်သည့်နေ့မှာပင် အာရှတိုက်တွင် အာကာသစိုးမိုးရေးအတွက် အိန္ဒိယနှင့် အားပြိုင်နေသည့် တရုတ်နိုင်ငံ၏ ပြောခွင့်ရပုဂ္ဂိုလ် ဟွန်းလီက လူသားအားလုံး အာကာသကို လေ့လာစူးစမ်းခွင့်နှင့် အသုံးချခွင့်ရှိကြောင်း၊ အာကာသတွင် ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းတည်ငြိမ်မှု ဖြစ်ပေါ်စေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သင့်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အာကာသစိုးမိုးရေးအတွက် အိန္ဒိယနိုင်ငံသည် ကြီးကျယ်သော စီမံကိန်းများ ချမှတ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားရာတွင် တရုတ်ပြောခွင့်ရပုဂ္ဂိုလ်ဟွန်းလီက အိန္ဒိယ နှင့် တရုတ် ဆက်ဆံရေးမြှင့်တင်ဆောင်ရွက်နေကြောင်းနှင့် နှစ်နိုင်ငံကြားတွင် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နေကြောင်း ပြောဆိုခဲ့သည်။

သို့သော် တရုတ်ကွန်မြူနစ်ပါတီ၏ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် ဂလိုဘယ်တိုင်းမ်သတင်းစာ၌ အိန္ဒိယသည် တရုတ်၏အာကာသစကြဝဠာစီမံကိန်းကို ကျော်တက်နိုင်ရန်အတွက် ရည်မှန်းချက်ကြီးမားစွာ ဆောင်ရွက်နေသည်ဟု ဝေဖန်တိုက်ခိုက်ထားသည့် ဆောင်းပါးကို ဖော်ပြထားသည်။

သန်းပေါင်းများစွာသော အိန္ဒိယပြည်သူတို့ဆင်းရဲနေကြသော်လည်း အိန္ဒိယအစိုးရသည် ဒေါ်လာသန်းချီ အကုန်အကျခံကာ အာကာသစီမံကိန်းကို ဖော်ဆောင်နေခြင်းမှာ တရုတ်အာကာသစီမံကိန်းကို ကျော်တက်နိုင်ရန်ဟူသော မဟာဗျူဟာပင်ဖြစ်သည်ဟု ဂလိုဘယ် တိုင်းမ်သတင်းစာ၌ ဝေဖန်သုံးသပ်ထားသည်။

အာရှနိုင်ငံများ၏ အာကာသစီမံကိန်းများတွင် အိန္ဒိယနိုင်ငံသည် ဦးဆောင်သူ၏နေရာကိုရရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်ဟု ၎င်းသတင်းစာတွင် ဖော်ပြထားသည်။ ပစ္စုပ္ပန်ကာလ၌ အမေရိကန်၊ ရုရှားနှင့် ဥရောပသမဂ္ဂအဖွဲ့တို့သည်သာ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး စီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်သည်။

အင်္ဂါဂြိုဟ်သို့ စူးစမ်းလေ့လာရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယင်ဟွာ အို-၁ ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်းနှင့် ဂျပန်နိုင်ငံ၏ နိုဇိုမီဂြိုဟ်တုလွှတ်တင်ရေး စီမံကိန်းများမှာ ယနေ့တိုင်အောင်မြင်မှုမရရှိသေးဘဲ ဒုံးပျံများမှာ လေထုအတွင်း၌ ပေါက်ကွဲပျက်ကျသွားခဲ့ကြသည်ချည်းဖြစ်သည်။

လူဦးရေ ၁ ဒသမ ၂ ဘီလျံရှိသည့် ဖွံ့ဖြိုးစ အိန္ဒိယနိုင်ငံသည် စီမံကိန်းဘတ်ဂျက် ဒေါ်လာ ၇၃ သန်းကို ချွေတာစွာသုံးစွဲ၍ အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး စီမံကိန်းကို ဖော်ဆောင်နေခြင်းဖြစ်သည်။ ယင်းစီမံကိန်းဘတ်ဂျက်သည် တရုတ်နှင့် ဂျပန်တို့၏ အာကာသစီမံကိန်းဘတ်ဂျက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်နည်းပါးသည်ဟု သုတေသီများက နှိုင်းယှဉ်ဝေဖန်ပြောဆိုသည်။ ဂလိုဘယ်တိုင်းမ်သတင်းစာ၌ ဆောင်းပါးရှင်က အာကာသစီမံကိန်းများနှင့် ပတ်သက်လျှင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် အနောက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆင်းဆင်းရဲရဲ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အာကာသဆိုင်ရာနည်းပညာများတွင် အလွန်ဖွံ့ဖြိုးတိုးတက်နေသော အမေရိကန်နှင့် ရုရှားနိုင်ငံတို့အား စံပြအဖြစ် အတုယူဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံနှင့် ပြိုင်ဆိုင်နေခြင်းမဟုတ်ကြောင်း ဆောင်းပါးရှင်က ဝေဖန်ပြောဆိုထားသည်။

သို့သော် တရုတ်နိုင်ငံသည် ကမ္ဘာပတ်လမ်းကြောင်းတွင် အာကာသစခန်းတည်ဆောက်သော နည်းပညာနှင့် အာကာသယာဉ်မှူးများဖြင့် ပျံသန်းလှည့်ပတ်သော နည်းပညာတွင် အိန္ဒိယထက် ပိုမိုသာလွန်လျက်ရှိသည်ဟု ၎င်းဆောင်းပါးရှင်က ဖော်ပြထားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် လကမ္ဘာ စူးစမ်းလေ့လာရေးစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အပြင် တရုတ်သိပ္ပံပညာရှင်များသည် ရုရှားနိုင်ငံမှပိုင်ဆိုင်သည့် မီယာအာကာသစခန်းကြီးကဲ့သို့ ကြီးမားသော အာကာသစခန်းကြီးတစ်ခုကို တည်ဆောက်နေလျက်ရှိသည်ဟု သိရှိရသည်။

ရုရှားနိုင်ငံ၏ မီယာနိုင်ငံတကာ အာကာသစခန်းကို အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများမှ အာကာသယာဉ်မှူးများက ယနေ့အချိန်၌ အသုံးပြုလျက်ရှိသည်။

ယူကရိန်းနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ အမေရိကန်နှင့် အနောက်ကမ္ဘာက ရုရှားအပေါ် စီးပွားရေးပိတ်ဆို့ထားလျက်ရှိကာ နှစ်နိုင်ငံအကြား စစ်အေးပုံစံသစ် ဖြစ်ပေါ်လျက်ရှိသည့်အတွက် မကြာမီက မီယာစခန်းကို အနောက်နိုင်ငံများအား သုံးခွင့်မပြုရန် ပိတ်ပင်လိုက်သည်ဟု သိရှိရသည်။

ဂလိုဘယ်တိုင်းမ် သတင်းစာအယ်ဒီတာအာဘော်အခန်းတွင် တရုတ်နိုင်ငံသည် ၎င်း၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မဟာဗျူဟာမြောက် စွမ်းအားများကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အာကာသဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အိန္ဒိယအစိုးရသည်အာကာသစီမံကိန်းအပြင် လေယာဉ်တင်သင်္ဘော တည်ဆောက်ရေးစီမံကိန်း၊ ရေငုပ်သင်္ဘောတပ်ဖွဲ့ထူထောင်ရေးစီမံကိန်းနှင့် တိုက်ချင်းပစ်ဒုံးကျည်များ တည်ဆောက်ရေးစီမံကိန်းများတွင် တရုတ်နိုင်ငံနှင့်အပြိုင် တည်ဆောက်နေသည်ကို တွေ့ရှိနေရသည်ဟု ဂလိုဘယ်တိုင်းမ်သတင်းစာအာဘော်တွင် ဖော်ပြထားသည်။

> **"သန်းပေါင်းများစွာသော အိန္ဒိယပြည်သူတို့ ဆင်းရဲနေကြသော်လည်း အိန္ဒိယအစိုးရသည် ဒေါ်လာသန်းချီ အကုန်အကျခံကာ အာကာသစီမံကိန်းကို ဖော်ဆောင်နေခြင်းမှာ တရုတ်အာကာသစီမံကိန်းကို ကျော်တက်နိုင်ရန်ဟူသော မဟာဗျူဟာပင်ဖြစ်သည်ဟု ဂလိုဘယ်တိုင်းမ်သတင်းစာ၌ ဝေဖန်သုံးသပ်ထားသည် "**

နေပြည်တော် ဖုန်း - 251277 251288 | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | ၅.၆.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြမြီ




ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၁၄ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဓနုစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၇၂၅၄၀၉၁ ၀၉၇၇၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၀၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (မြစ်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂



# ဆေးပညာသတင်းဆန်းများ(၉၉)

ဒေါက်တာကံညွန့်

Tattoo ခေါ် ဆေးမှင်ကြောင်ထိုးတယ်ဆိုတာ လူတိုင်းသိကြတာပါ။ နည်းပညာတွေ မြင့်လာတဲ့အခါ Tattoo ကို အနာခံထိုးစရာမလိုတော့ဘဲ Tattoo အရုပ်ကို ကပ်လိုက်ရုံနှင့် Tattoo ထိုးသလို ရုပ်မျိုး ရသွားနိုင်ကြပါပြီ။ အခုတော့ ဒီနည်းပညာကို အသုံးပြုပြီး ဆီးချိုဝေဒနာရှင်တွေအတွက် အလွန်အကျိုးသက်ရောက်သောနည်းတစ်ခုကို သိပ္ပံပညာရှင်တွေ ထွင်လိုက်ကြပါပြီ။ ဒါကတော့ လက်ကောက်ဝတ်မှာ Tattoo အရုပ်ကလေးကပ်လိုက်တာနဲ့ မိမိသွေးထဲမှာ Glucose ဘယ်လောက်ရှိနေသလဲဆိုတာ သိနိုင်တဲ့နည်းပါ။ ဒီနည်းကိုတော့ အမေရိကန်နိုင်ငံ San Diego မြို့ Calfornia တက္ကသိုလ်က ဆေးပညာရှင်တွေ တီထွင်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီအရုပ်ကလေးရဲ့အောက်မှာ အားပျော့တဲ့ Electrical Current ပါဝင်ပြီး ဒီလျှပ်စစ်ဓာတ်အားက အရေပြားအောက်မှာရှိတဲ့ Glucose ဓာတ်ကို ဆွဲငင်အားနှင့် စုပ်ယူသိနိုင်တာလို့ ဆိုပါတယ်။ ဒီနည်းပေါ်လာတာကြောင့် ကမ္ဘာပေါ်က ဆီးချိုရောဂါခံစားနေရတဲ့ လူသန်းပေါင်းများစွာဟာ လက်ထိပ်ကလေးအပ်နဲ့ ဖောက်ကာ နေ့စဉ်အနာခံ စမ်းသပ်နေရတဲ့အဖြစ်က လွတ်မြောက်ရတော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**နှလုံးသွေးကြောကျဉ်းရောဂါ**

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပြီး နှလုံးကြွက်သားပျက်စီးကာ အသက်ဆုံးရမယ့်သူတွေမှာ ယင်းကြွက်သားတွေကို ပြန်လည်ရှင်သန်နိုင်အောင် Stem Cell ထည့်သွင်း ကုသနိုင်တာကို သိခဲ့ကြပြီးပါပြီ။ ယခုထပ်ပြီး ဒီ Stem Cells ကို နှလုံးခွဲစိတ်ကုသနေချိန်မှာ ထည့်သွင်းခြင်းမဟုတ်ဘဲ သာမန်အပေါက်ငယ်လေးနှင့် ကုသနိုင်တဲ့နည်းတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ကြပါပြီ။ ဒီနည်းကို Bio Generator Device Implant ထည့်သွင်းကုသနည်းလို့ ခေါ်ပါတယ်။ ဒီနည်းကို အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်နှင့် Stony Brook University တို့က ပူးပေါင်းတီထွင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီသေးငယ်တဲ့ Capsule တစ်ခုအရွယ် Device ငယ်လေးကို ရင်ဘတ်အပေါက်ကလေးကနေပြီး Catheter တစ်ခု အကူအညီနဲ့ နှလုံးကြွက်သားနံရံမှာ မြှုပ်နှံထားမှာပါ။ ဒီ Device မှာပါတဲ့ Stem Cells တွေဟာ ပျက်စီးနေတဲ့ နှလုံးကြွက်သားတွေထဲကို စိမ့်ဝင်နေပြီး နှလုံးကြွက်သားပုံမှန်ဖြစ်သွားအောင်ထိ စွမ်းဆောင်နေကြမှာ ဖြစ်ပါတယ်။ ဒီနည်းဟာ သွေးကြောအစားထိုး ကုသမှုခံယူရလောက်အောင် မဆိုးတဲ့ နှလုံးသွေးကြောကျဉ်းရောဂါရှင်တွေအတွက် အထူးကောင်းမွန်တဲ့နည်းတစ်ခုဆိုတာ သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

**နားလေးရောဂါ**

ဆေးပညာသတင်း နောက်တစ်ပုဒ်ကတော့ နားလေးရောဂါခံစားနေရသူတွေ အတွက်ပါ။ ဆေးပညာရှင်တွေဟာ သိပ္ပံပညာရှင်တွေနဲ့ ပူးပေါင်းပြီး လူသားတွေအတွက် အကျိုးဖြစ်ထွန်းမှုတွေရရှိအောင် ကြိုးစားခဲ့ကြရာမှာ ယခုအခါ Nano Plug Hearing Aid ခေါ်တဲ့ ကော်ဖီစေ့အရွက် (7mm) ခန့်သေးငယ်တဲ့ နားကြားကိရိယာတစ်ခုကို တီထွင်လိုက်ကြပါတယ်။ ဒီကိရိယာဟာ ယခုထွက်ပေါ်ပြီးတဲ့ နားကြားကိရိယာတွေထဲမှာ အသေးငယ်ဆုံးကိရိယာတစ်ခုဖြစ်တယ်လို့ဆိုပါတယ်။ ယခုနောက်ပိုင်းခေတ်မီပြီး အကြားအာရုံပိုမိုကောင်းမွန်တဲ့ နားကြားကိရိယာတွေ ထုတ်လုပ်နိုင်ခဲ့ကြပေမယ့် ဒီလောက်အရွယ်အစားသေးငယ်တာကို မထုတ်နိုင်ခဲ့လို့ ဒီကိရိယာကိုဝတ်ဆင်ရာမှာ လူမှုရေးအရ တပ်ဆင်ကြသူတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်လို့ ဆိုပါတယ်။ ယခု ထုတ်လုပ်လိုက်တဲ့ Nanoplug အမျိုးအစားဟာ နားထဲမှာ လူတွေအလွယ်တကူမမြင်နိုင်ဘဲ ထည့်ထားနိုင်တယ်လို့ ဆိုပါတယ်။ ဒီပစ္စည်းမှာ Nanobattery အသေးလေးတစ်ခုပါပြီး ဒီဘက်ထရီဟာ တစ်ခါအားသွင်းထားရင် ခြောက်ရက်ကြာ အသုံးပြုနိုင်ပြီး အားသွင်းချိန်ဟာလဲ ခဏပဲကြာတယ်လို့ ဆိုပါတယ်။ ဈေးနှုန်းအားဖြင့်လည်း အမေရိကန်ဒေါ်လာ ၄၀၀ ခန့်သာ ကုန်ကျတာကြောင့် လူအများအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီကိရိယာကို အမေရိကန်နိုင်ငံ Medgadget ကုမ္ပဏီကထုတ်လုပ်ကြောင်း တင်ပြလိုက်ရပါတယ်။

**သွေးကင်ဆာရောဂါ**

Leukaemia ခေါ်တဲ့ သွေးကင်ဆာရောဂါဆိုတာ သိရခက်တဲ့ရောဂါတစ်ခုပါ။ ဒီရောဂါဟာ သွေးမှာဖြစ်တဲ့အတွက် Fluid Cancer (သို့မဟုတ်) Liquid Tumour လို့လည်း ခေါ်ကြပါတယ်။ သွေးကို ကိုယ်ခန္ဓာရဲ့အစိတ်အပိုင်း Organ တစ်ခုလို့ သတ်မှတ်လိုက်ရင် သွေးဟာ ခန္ဓာကိုယ်ရဲ့ အကြီးဆုံး Organ ဖြစ်တာကြောင့် သွေးကင်ဆာဟာ ကိုယ်ခန္ဓာရဲ့ အကြီးဆုံးကင်ဆာဖြစ်ပါတယ်။ ကျန်တဲ့ကင်ဆာနဲ့မတူတဲ့ အချက်တွေကတော့ ဒီကင်ဆာမှာ အခြားကင်ဆာတွေလို အဆင့် သတ်မှတ်ချက်မရှိဘဲ ရောဂါဟာသွေးထဲမှာပဲရှိနေပြီး တခြား Organs တွေကို ကူးစက်ပျံ့နှံ့မှုမရှိခြင်းတို့ဘဲ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံဟာ လူဦးရေ ငါးသန်းကျော်သာရှိတဲ့ နိုင်ငံငယ်လေးတစ်ခုပါ။ ဒီအထဲမှာ စင်ကာပူနိုင်ငံသားက သုံးသန်းခန့်သာရှိပြီး ကျန်တဲ့နိုင်ငံက လာရောက်အလုပ်လုပ်ကိုင်နေသူက နှစ်သန်းဝန်းကျင်ရှိပါတယ်။ ဒီနိုင်ငံငယ်လေးမှာ ထူးခြားစွာပဲ ဒီ Leukaemia ခေါ်တဲ့ သွေးကင်ဆာရောဂါဟာ မထင်မှတ်ဘဲ ပိုဖြစ်နေတာကို တွေ့နေရပါတယ်။ တစ်နှစ်မှာ လူနာသစ် ၂၀၀၀ ခန့် နှစ်စဉ်ရှိနေတယ်လို့ ဆိုပါတယ်။ ဒါဟာ တစ်နေ့မှာ ခြောက်ယောက်နှုန်းပါပဲ။ စင်ကာပူတစ်နိုင်ငံလုံးရဲ့ လူနာအားလုံးရဲ့ ၄၀ ရာခိုင်နှုန်းဟာ Leukaemia လူနာဖြစ်တယ်လို့ဆိုပါတယ်။ ဒီအထဲမှာ ကလေးတွေပိုဖြစ်ပြီး ကလေးတွေမှာ ဖြစ်တတ်တဲ့ ကင်ဆာ ၄၀ ရာခိုင်နှုန်းဟာ Leukaemia ရောဂါတွေဖြစ်တယ်။ ဒါပေမယ့် ကံကောင်းထောက်မစွာဘဲ ကလေးမှာဖြစ်တဲ့ သွေးကင်ဆာရဲ့ ၈၀ ရာနှုန်း၊ ၉၀ ရာနှုန်း ပျောက်ကင်းအောင် ကုသတယ်လို့ ဆိုပါတယ်။

ဒီရောဂါဟာ ဘာကြောင့်ဖြစ်တယ်ဆိုတာ အတိအကျမသိနိုင်ပေးမယ့် ယခုလောလောဆယ်မှာတော့ Genetic Disorder ဥပမာ Down's Syndrome လိုမျိုးနှင့် Radiation ခေါ် ဓာတ်ရောင်ခြည်နှင့်အများဆုံးထိတွေ့သူတွေဖြစ်တယ်လို့ ဆိုပါတယ်။ ဒီရောဂါဖြစ်လာရင် မောပန်းလွယ်ခြင်း၊ အားအင်ချိနဲ့ခြင်း၊ ထိခိုက်ဒဏ်ရာတစ်ခုခုရရင် သွေးမတိတ်ဘဲ သွေးထွက်လွန်ခြင်း၊ နှာခေါင်းသွေး ခဏခဏလျှံခြင်း၊ အနည်းငယ်ထိခိုက်တာနဲ့ Bruise ခေါ် အညိုအမဲကွက်ပေါ်ခြင်း၊ ကိုယ်ခံအားနည်းပြီး ရောဂါကူးစက်မြန်ခြင်းတို့ ဖြစ်တတ်ပါတယ်။ လောလောဆယ်မှာတော့ ဒီရောဂါရဲ့ ကုထုံးဟာ Chemotherapy ခေါ် ဆေးသွင်းကုသနည်း၊ သွေးသွင်းကုသခြင်းနှင့် Bone Marrow Transplant ကုသနည်းတို့ ဖြစ်ကြောင်း စင်ကာပူနိုင်ငံထုတ် Global Health and Travel မဂ္ဂဇင်းမှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။



**ပီဇာအန္တရာယ်**

ပီဇာ(Pizza) ခေါ်တဲ့ အနောက်နိုင်ငံကလာတဲ့ အစားအစာတစ်မျိုးဟာ ကျွန်တော်တို့နိုင်ငံက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လိုမြို့ကြီးတွေမှာလဲ ရောင်းချနေတဲ့ အစာတစ်ခုပါ။ ဒီပီဇာဟာ ကလေးတွေ နေ့စဉ်မစားသင့်ဘူးဆိုတဲ့ လေ့လာထားချက်တစ်ခုကို တင်ပြချင်ပါတယ်။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Chicago မှာရှိတဲ့ University of Illinois Institue For Health Research က ဆေးပညာရှင်တွေ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ နှစ်နှစ်က ၁၁ နှစ်အရွယ် ကလေးတွေနဲ့ ၁၂ နှစ်က ၁၉ နှစ်အရွယ် ကလေးပေါင်း ၁၂၀၀၀ ကျော်ကို လေးနှစ်ကြာလေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ ပီဇာအချပ်တစ်ခုမှာ Saturated Fat 5 gram နှင့် ဆားဓာတ် 484 milligm တို့ ပါဝင်တယ်လို့ဆိုပါတယ်။ ပီဇာတစ်ခုဟာ အင်အားဓာတ် 365 K Calorie ဖြစ်စေတယ်။ သူတို့လေ့လာတဲ့ အုပ်စုထဲက ငါးပုံတစ်ပုံဟာ ပီဇာကို နေ့စဉ်နီးပါးစားသုံးသူတွေဖြစ်ပြီး သူတို့ဟာ အဝလွန်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအထဲက အယောက် ၂၀ မှာ တစ်ယောက်ဟာလည်း သွေးတိုးရောဂါဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်ပီဇာကို ကလေးတွေအား တစ်ခါတရံလောက်သာကျွေးပြီး နေ့စဉ်နီးပါး မကျွေးသင့်ကြောင်း လေ့လာထားချက်ကို တင်ပြလိုက်ရပါတယ်။

**အာကာသတွင်း လူ၏ကျန်းမာရေးလေ့လာမည်**

အမေရိကန်နိုင်ငံရှိ နာဆာခေါ်တဲ့ အာကာသသိပ္ပံဆိုင်ရာ လေ့လာရေးအဖွဲ့ကြီးဟာ ၂၀၂၀ ပြည့်နှစ်မှာ အင်္ဂါဂြိုဟ်ကို အရောက်သွားဖို့ကြိုးစားနေပါတယ်။ ဒီလိုမသွားခင်မှာ အာကာသထဲမှာ လူတွေကြာကြာနေရင် လူတွေရဲ့ ကျန်းမာရေးကို ဘယ်လိုအကျိုးသက်ရောက်နိုင်တယ်ဆိုတဲ့ လေ့လာမယ့်အစီအစဉ်တစ်ခု ပြုလုပ်နေပါတယ်။ တခြား နိုင်ငံရေးရာတွေမှာ ဘယ်လိုသဘောထားကွဲလွဲကွဲလွဲ၊ အာကာသသိပ္ပံလေ့လာရေးဆိုင်ရာကိစ္စတွေမှာတော့ အမေရိကန်ဟာ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လေ့ရှိပါတယ်။ ယခုလည်း အာကာသကို တစ်နှစ်တာသွားရောက်မယ့် ခရီးစဉ်မှာ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် အမေရိကန် အာကာသယာဉ်မှူးတစ်ဦးတို့အတူ လိုက်ပါသွားကြမှာဖြစ်ပါတယ်။ အဲဒီထဲက အာကာသယာဉ်မှူးတစ်ဦးရဲ့ အမြွှာညီအစ်ကိုဖြစ်တဲ့ အာကာသယာဉ်မှူးတစ်ဦးဟာ မြေပြင်မှာ ကျန်ခဲ့မှာဖြစ်ပါတယ်။ ဒီလူရဲ့ဇီဝကမ္မဓာတ်တွေဟာ လိုက်ပါသွားတဲ့ အာကာသမှူးနှင့် ထပ်တူဖြစ်နေတာကြောင့် သူ့ကို အခြေခံထားပြီး ပြောင်းလဲသွားပုံကို ယှဉ်ကြည့်နိုင်မှာဖြစ်ပါတယ်။ ယခင် အာကာသမှာ ခြောက်လခန့်နေထိုင်ခဲ့ဖူးတဲ့ အတွေ့အကြုံရှိခဲ့ပါတယ်။ ယင်းအတွေ့အကြုံအရ အာကာသကပြန်လာတဲ့ ယာဉ်မှူးတွေမှာ အရိုးပွရောဂါနှင့် ကြွက်သားအားပျော့တဲ့ရောဂါတွေ ရှိနေတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါဟာ ကိုယ်လက်လှုပ်ရှားမှုမရှိလို့လား၊ ဒါမှမဟုတ် အာကာသမှာ ကမ္ဘာ့ဆွဲငင်အားမရှိတာကြောင့်လားဆိုတာ အတိအကျသိနိုင်ဖို့ ယခုလွှတ်လိုက်မယ့် အာကာသယာဉ်မှူးတွေကို နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုတွေပါ ပြုလုပ်ခိုင်းမှာဖြစ်ပါတယ်။ နောက်ပြီး သူတို့ရဲ့ဦးနှောက်နှင့် ပတ်သက်ပြီး စိတ်နေစိတ်ထားပြောင်းလဲမှု၊ မှတ်ဉာဏ်ပြောင်းလဲမှု၊ အမြင်အကြားစတာတွေနဲ့ အာရုံကြောဆိုင်ရာပြောင်းလဲမှု Metabolism ပြောင်းလဲမှုစတဲ့ ကျန်းမာရေးဆိုင်ရာ ပြောင်းလဲမှုတွေအားလုံး စစ်ဆေးကြမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

# ထိုင်းနိုင်ငံရှိ မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း စတင်ဖွင့်လှစ်

**မဟာချိုင် ဇွန် ၂**

ထိုင်းနိုင်ငံ စမွတ်စာခွန်ခရိုင်အတွင်းရှိ မဟာချိုင်မြို့ ဝေလရပ်ကွက်(၁လမ်း)ထိပ် (စီပီချိုင်ဟဆေးရုံအနောက်)၌ရှိသော မြန်မာအလုပ်သမားများ၏ သားသမီး ကလေးငယ်တို့အား မြန်မာ့ပညာရေးစနစ်အတိုင်း သင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှာ ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်လိုက်သဖြင့် မြန်မာကလေးငယ်များ ပျော်ရွှင်စွာ စာသင်ကြားနေကြပြီဖြစ်ကြောင်း မြန်မာ့ဂုဏ်ဆောင် အခြေခံမူလတန်းကျောင်း တည်ထောင်သူ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ကျောင်းဆရာ ကိုစောမောင်က ဆက်သွယ်ပြောသည်။

ဇွန် ၁ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်လိုက်သော အဆိုပါ မြန်မာ့ဂုဏ်ဆောင်အခြေခံမူလတန်းကျောင်းတွင် ဆရာ ဆရာမလေးဦးဖြင့် မူကြိုဘာသာရပ်မှ အလယ်တန်းဘာသာရပ်အထိကို ဘာသာရပ်လိုက် သင်ကြားပေးနေပြီဖြစ်ပြီး ထိုင်းဘာသာရပ်စကားများပါ မြန်မာကလေးငယ်များ နိုင်ငံအတွင်း နေထိုင်မှုလွယ်ကူစေရေးအတွက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း တည်ထောင်သူ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ကျောင်းဆရာကိုစောမောင်က "ဒီနေ့ ကျောင်းစဖွင့်လိုက်ပါပြီ။ ကျောင်းဆရာ ဆရာမလေးဦးနဲ့ မူကြိုကနေ ခြောက်တန်းအထိကို ဘာသာရပ်အလိုက် စသင်နေပါပြီ။ အားလုံးကလေး ၅၀ လောက် ကျောင်းတက်ကြပါတယ်။ ကလေးတွေကို ဒီနေ့ နေ့လယ်စာ ကြက်သားဟင်းနှင့် အာလူးချက်ကျွေးပါတယ်။ နွားနို့တိုက်ပါတယ်။ ကလေးတွေ စားဖို့အတွက်လည်း စေတနာရှင်များက လာရောက်လှူဒါန်းကြပါတယ်။ ခုလို ကျွန်တော်ကျောင်းလေးကို ဖွင့်လို့ရအောင်ဝိုင်းဝန်းကူညီကြတဲ့ စေတနာအလှူရှင်တွေကို အထူးကျေးဇူးတင်ပါတယ်။ ကျောင်း ရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက်နဲ့ ပြည်ပရောက် မြန်မာကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် မြန်မာနိုင်ငံတော် အစိုးရအနေနဲ့ တတ်နိုင်သမျှ ကူညီပေးစေချင်ပါတယ်"ဟု ပြောသည်။ "အခုခေတ်က ပညာခေတ်ဆိုတော့ တိုင်းပြည်တစ်ခု နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့အတွက် ပညာတတ်လူငယ်တွေ များစွာလိုအပ်နေပါတယ်။ အဲဒီအတွက်လည်း ပြည်ပရောက် မြန်မာကလေးငယ်တွေ တစ်ချိန်မှာ အမိမြန်မာနိုင်ငံတိုးတက်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ တာဝန် ထမ်းဆောင်နိုင်စေရေးကို ရည်ရွယ်ပြီး အခုလို ကျွန်တော်အပါအဝင် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှ ဆရာ ဆရာမတွေအားလုံးဟာ အခက်အခဲများစွာကြားထဲကနေ ကျောင်းကို ဆက်လက်ရပ်တည်နေတာပါ" ဟု ဆက်လက်ရှင်းပြသည်။ **စိုးဝင်း**(SP)



ဇွန် ၁ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမနေ့အဖြစ် ပျော်ရွှင်စွာသင်ကြားခဲ့ပြီး ကျောင်းဆင်းလာသည်ကို တွေ့မြင်ရစဉ်။

အောင်ကျော်မိုး

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၄၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်အတည်ပြုပေးနိုင်ရန်ရှင်းလင်း



**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားပြီး တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် ၄၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချေးငွေလျာထားချက်ဖြစ်သည့် ၂၀၁၅ မိုးချေးငွေအတွက် ငွေကျပ် ၁၀၅၆ ဒသမ ၂၆ ဘီလီယံ၊ ၂၀၁၅ ဆောင်းချေးငွေအတွက် ငွေကျပ် ၂၈၃ ဒသမ ၁၃ ဘီလီယံနှင့် ၂၀၁၆ မိုးကြို ချေးငွေအတွက် ငွေကျပ် ၅၈ ဒသမ ၃၇ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၃၅၂ ဒသမ ၇၆ ဘီလီယံ ရရှိရေးအတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့သို့ တင်ပြတောင်းခံခဲ့ရာ မြန်မာ့စီးပွားရေးဘဏ်မှ ကျပ် ၈၀၀ ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် ၄၀၀ ဘီလီယံ စုစုပေါင်း ကျပ် ၁၂၀၀ ဘီလီယံ ထုတ်ချေးခွင့် ရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျပ် ၄၀၀ ဘီလီယံ ထုတ်ချေးခွင့် ရရှိရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မ (၉၁)အရလည်းကောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၁၃ အရလည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ် ၄၀၀ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခွင့်ရရှိရေး အတည်ပြုခွင့်ပြုပေးနိုင်ပါရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် ချေးငွေဖြစ်သည့် မိုးချေးငွေ၊ ဆောင်းချေးငွေနှင့် မိုးကြိုချေးငွေများကို ထုတ်ချေးပေးခဲ့ပါကြောင်း၊ ငွေချေးငှားရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ ပုဒ်မ (၉၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စိုက်ပျိုးစရိတ် ချေးငွေအတွက် ကျပ် ၄၀၀ ဘီလီယံ ချေးယူရေးကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ တည်ပြုပေးနိုင်ရန်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်းနှင့် ဂျပန်နိုင်ငံပါဝင်မည့် လက်မှတ်ရေးထိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၏ **"မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံး စီမံကိန်းဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးကာလသည် ကြာမြင့်နေပြီဖြစ်၍ ထိုစီမံကိန်းကြီး အမြန်ပြီးစီးရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို ပြည်သူများသို့ ရှင်းလင်းတင်ပြပေးနိုင်ပါရန်"** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်



**ဒုတိယဝန်ကြီး ဦးဟံစိန် ဖြေကြားစဉ်။**

(သတင်းစဉ်)



**ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး မေးမြန်းစဉ်။**

(သတင်းစဉ်)

အထည်ဖော်ရေးနှင့် ပတ်သက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံသာမက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရ၏ ပူးတွဲကြေညာချက်အား ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် (၂၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပစဉ်က ထုတ်ပြန်ခဲ့ပါကြောင်း၊ ထို့အတူ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေး မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီဥက္ကဋ္ဌများကလည်း ဂျပန်နိုင်ငံအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်ရန် ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဖိတ်ကြားစာပေးပို့ခဲ့ပါကြောင်း၊ မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင် ညှိနှိုင်းအစည်းအဝေးများ၊ မြန်မာ-ဂျပန်နှင့် ထိုင်း-ဂျပန် နှစ်ဖက် ညှိနှိုင်းအစည်းအဝေးများကို ပူးတွဲအဆင့်မြင့်ကော်မတီနှင့် ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပချိန်များတွင် ပြုလုပ်ခဲ့ပြီး ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံမှ ပါဝင်ဆောင်ရွက်ရေးအား ဆွေးနွေးခဲ့ကြပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်းနှင့် ဂျပန်နိုင်ငံ ပါဝင်လာမည့် Memorandum of Intent (MOI) ပြုစု၍ အမြန်လက်မှတ်ရေးထိုးရေးတို့အား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပညာရေးနှင့်စပ်လျဉ်းသည့်မေးခွန်းများအား ပညာရေး ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပြောကြားရာတွင် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ရွှေ၏ **"အချို့သော အစိုးရ အထက်တန်းကျောင်းများရှိ ဒသမတန်းစာသင်ခန်းများတွင် စာမေးပွဲမတိုင်မီ နှစ်လ၊ သုံးလ အလိုမှစ၍ စာသင်ကြားခြင်းမရှိသည်ကို သိရှိရပါသဖြင့် လာမည့်နှစ်တွင် စာသင်ခန်းများကို သတ်မှတ်ချိန်အပြည့် မည်ကဲ့သို့ ဆက်လက်သင်ကြားမည်ကိုသိလိုခြင်း"** နှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများ ကျောင်းတက်မှန်စေရေးအတွက် ကျောင်းတက်ရာခိုင်နှုန်းကို ၇၅ ရာခိုင်နှုန်းဖြင့် ထိန်းချုပ်၍ ဖေဖော်ဝါရီ ၁၈ ရက်အထိ တွက်ချက်ရမည်ဟု ညွှန်ကြားထားရှိပါကြောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျောင်းတက်ရာခိုင်နှုန်း တွက်ချက်ရခြင်းမှာ ဒုတိယနှစ်ဝက်ဆုံး စာမေးပွဲစစ်ဆေးသည်အထိ ကျောင်းတက်ရန် သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ မိဘပြည်သူများကိုလည်း အသိပေးပြီးဖြစ်သကဲ့သို့ ဆရာ ဆရာမများကလည်း ပြန်လှန်သင်ကြားခြင်းများဖြင့် ဒုတိယနှစ်ဝက်ဆုံး မစစ်ဆေးမီအချိန်အထိ သင်ကြားမှုများကို ဆောင်ရွက်ပေးပါကြောင်း၊ စာမေးပွဲမတိုင်မီ နှစ်လ၊ သုံးလ အလိုမှစ၍ ဆရာ ဆရာမများအား စာသင်ကြားခြင်းမပြုရန် ခွင့်ပြုထားခြင်း လုံးဝမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဘိုကလေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၏ **"ဘိုကလေး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများ**

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေများ ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းများ လွှတ်တော်၏အဆုံးအဖြတ်ရယူ

**နေပြည်တော် ဇွန် ၂**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပပြီး အမျိုးသားလွှတ်တော် ဘယ်လာရုစ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏အမည်စာရင်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မြို့နယ်အလိုက် အရိပ်ရပင်၊ လေကာပင်နှင့် ပန်းအလှပင်များကို စီမံကိန်းချမှတ်၍ တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အမြန်လမ်းမကြီး၏ မြေသားတာပေါင် လမ်းပခုံးတွင် အရိပ်ရနှစ်ရှည်ပင်များ စိုက်ပျိုးရန်နှင့် လမ်းလယ်ကျွန်းတွင် ရာသီဥတုနှင့် ကိုက်ညီမည့် အလှပန်းပင်များ စိုက်ပျိုးရန်အစီအစဉ်များရေးဆွဲ၍ နှစ်စဉ် စိုက်ပျိုးဆောင်ရွက်လျက် ရှိပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မိုးရာသီကာလအတွင်း အရိပ်ရပင် ၆၇၅၅ ပင်၊ ပန်းအလှပင် ၇၅၄၆၂ ပင်နှင့် ထန်းပင် ၈၂၉၁ ပင်တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်ဖြစ်ထွန်းမှု ရှိစေရန် ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် မေလအတွင်း အရိပ်ရပင်များဖြစ်သည့် မလေးရှားပိတောက် ၁၆၈၀ ပင်၊ ကုက္ကိုပင် ၁၉၀၀ ၊ ပန်းအလှပင်များဖြစ်သည့် စက္ကူပန်းပင် ၁၀၀၀၀၊ နွယ်သာကီပင် ၁၄၀၀၀၊ စိန်ပန်းပုပင် ၁၁၀၀၀ ၊ ခရာဝါပင် ၁၀၀၀၀ နှင့် ထန်းပင် ၈၀၀၀ တို့ကို ပျိုးထောင်၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ပြန်လည်အစားထိုး စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ် ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းသယ်ယူရေးစီမံကိန်း မဟာစီမံချက် (Master Plan Of River Water Conveyance Scheme) ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့် ပတ်သက်ပြီး ခြောက်သွေ့ရာသီများတွင် စိုက်ရေ၊ ပျိုးရေ၊ သောက်ရေ၊ သုံးရေရရှိမှု အခက်အခဲကြုံတွေ့ခံစားနေရမှုများသည် ပုံမှန်ဖြစ်နေပါကြောင်း၊ မိုးရာသီရောက်သည့်အခါတွင်လည်း ချောင်းများ၊ မြောင်း



**ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။**

(သတင်းစဉ်)



**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။**

(သတင်းစဉ်)

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV၊ ဇနီး IRINA. V. SALYUKOV နှင့်အဖွဲ့တို့ ဂုဏ်ပြုညစာတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)




**နေပြည်တော် ဇွန် ၂**

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Colonel General OLEG L.SALYUKOV၊ ဇနီး IRINA. V. SALYUKOV နှင့် အဖွဲ့အား ဇွန် ၁ ရက် ည ၇ နာရီခွဲက နေပြည်တော်ရှိ ရွှေနန်းတော် ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှ‌ဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကြည်းတပ်ဦးစီးချုပ်တို့သည် အဖွဲ့ဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ **(မြဝတီ)**

## မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိ

**နေပြည်တော် ဇွန် ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် ကျိုက္ခမီမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ(မူကြမ်း)၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)တို့နှင့်စပ်လျဉ်း၍ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂**

ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဦးဆောင်ကျင်းပသည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ရေးရာဆောင် အမှတ်(၄) ဧည့်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)၊ တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များအနေဖြင့် အားလုံးအပြည့်သဘော ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ ဥပဒေကြမ်း ညှိနှိုင်းအစည်းအဝေးသို့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ အမျိုးသမီးအဖွဲ့အစည်း၊ ကွန်ရက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

### ပြည်သူ့လွှတ်တော်အစည်းအဝေးမှ

**စီမံခန့်ခွဲထားမှု မညီမျှခြင်းကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး နစ်နာမှုများအား မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း"**နှင့် စပ်လျဉ်း၍ အလယ်တန်းပြ ဆရာ ဆရာမ လစ်လပ်နေရာများတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်ဒီပလိုသင်တန်း နှစ်နှစ်သင်တန်းဆင်းများအား အလယ်တန်းပြအဖြစ် တိုက်ရိုက်ခန့်ထားခြင်းဖြင့်လည်းကောင်း၊ ဘွဲ့တစ်ခုခုနှင့် မူလတန်းပြဆရာဖြစ် သင်တန်းဆင်းလက်မှတ်ရရှိပြီး မူလတန်းပြလုပ်သက်နှစ်နှစ်ရှိသူအား အလယ်တန်းပြသို့ တိုးမြှင့်ခန့်ထားခြင်းဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်းပြ ဆရာ ဆရာမ လစ်လပ်နေရာများတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ဒီပလိုမာသင်တန်းဆင်းနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်သင်တန်းသင်တန်းဆင်းများဖြင့် လည်းကောင်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ မူလတန်း ဆရာဖြစ်သင်တန်းဆင်းများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆရာလိုအပ်နေသော ကျောင်းများအတွက် ဘွဲ့ရများအား နေ့စားလစာ (မူလတန်းပြ) များအဖြစ် ခန့်ထားပေးခြင်းဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

### အမျိုးသားလွှတ်တော်အစည်းအဝေးမှ

များ တိမ်ကောနေပြီး ရေလမ်းကြောင်းကြမ်းပြင် အတော်များများသည် လယ်ယာမြေများထက် မြင့်နေသည့်အတွက် ရေထုတ်နုတ်စွမ်းအား နိုင်နင်းမှုမရှိဘဲ စိုက်ပျိုးသီးနှံများ၊ လူနေအိမ်ရာများ ရေနစ်မြုပ်ဆုံးရှုံးနေကြရပါကြောင်း၊ နောင်အနာဂတ်တိုးပွားလာမည့် နိုင်ငံလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေး၊ ဖွံ့ဖြိုးတိုးချဲ့လာမည့် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများ၊ လက်ရှိမြန်မာနိုင်ငံ၏စီးပွားရေး ဦးတည်ချက်ဖြစ်သည့် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဂေဟစနစ်အတွက် ရေအပြိုင်လိုအပ်မှုများကို ရေရှည်ဖြည့်ဆည်းပေးနိုင်သည့် ရေရှည်စီမံချက် ချမှတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် တင်သွင်းသည်။

ယင်း အဆိုကို အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက အရေးကြီးအဆိုအဖြစ် **လေ့စီးရွှေ့ပြောင်းသူများနှင့် ပတ်သက်၍ ပြတ်သားသော မူဝါဒ ချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

အဆိုရှင် ဦးလှဆွေက ပိုမိုကောင်းမွန်သည့်ဘဝကို ရလိုခြင်းကြောင့် လှေစီးထွက်ပြေးသူများသည် တစ်ဖက်နိုင်ငံကတစ်ဆင့် မြန်မာ့ရေပြင်ကို ဖြတ်သန်းဝင်ရောက်လာ၍ မကြာခဏ ဖမ်းမိသည့်ဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိပါကြောင်း၊ ပိုမိုသာလွန်သည့်ဘဝကို ရရှိလိုမှုကြောင့် လှေစီးထွက်ခွာသူများသည် ဒုက္ခသည်များ မဟုတ်သည့်အတွက် နိုင်ငံတကာကလည်း ဒုက္ခသည်နှင့် သက်ဆိုင်သည့် စကားလုံးများကို အသုံးပြုခြင်းမရှိပါကြောင်း၊ သို့သော်လည်း ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း တချို့က ဒုက္ခသည်ဟု သုံးနှုန်းခြင်းသည် လှေစီးဝင်ရောက်လာသူ အရေအတွက် ပိုမိုတိုးပွားလာစေရန် အားပေးရာရောက်နေပါကြောင်း၊ ဖမ်းဆီးမိသူများကို လူသားချင်းစာနာ၍ ခေတ္တထိန်းသိမ်းပြီး တစ်ဖက်နိုင်ငံ တာဝန်ရှိသူများနှင့် ၎င်းတို့နိုင်ငံသားဖြစ်၊ မဖြစ် စိစစ်စေလွှတ်ပေးခြင်းကို ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ခေတ္တထိန်းသိမ်းခြင်းဆိုသည့် စကားရပ်အတွက် ပြည်သူများက စိုးရိမ်ပူပန်နေပါကြောင်း၊ ခေတ္တဆိုသည့်စကားကို ၁၅ ရက် သို့မဟုတ် တစ်လ တိတိကျကျ သတ်မှတ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးကသာလျှင် အဖြေဖြစ်ပါသည်

ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန



လွန်ခဲ့သည့် ရက်များအတွင်း၌ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်ဖို့ကြိုးစားရင်း အတိဒုက္ခရောက်နေကြရသည့် လူထောင်ပေါင်းများစွာအတွက် တစ်ကမ္ဘာလုံးက စိုးရိမ်ပူပန်မှုတိုးပွားလာလျက်ရှိပါသည်။

ကျွန်တော်ကိုယ်တိုင်လည်းထိုလူများ အတိဒုက္ခရောက်နေရခြင်းကို ကိုယ်ချင်းစာ၍ စိုးရိမ်ပူပန်မိပါသည်။ ပင်လယ်အတွင်းမှ ထိုလူများကို ရှာဖွေကယ်တင်နိုင်ရေးမှာ တစ်ကမ္ဘာလုံး၏ တာဝန်ဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိလာသည့် ထိုလူများကိုတပ်မတော်(ရေ)၏ အကူအညီဖြင့် အလျင်အမြန်ရှာဖွေကယ်ဆယ်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လိုအပ်သလိုပေးနိုင်ရန် ဆောင်ရွက်နေပါသည်။ ပထမဆုံးနှင့် အဓိကအကျဆုံးမှာပင်လယ်အတွင်း မျောပါနေသူများကို ရှာဖွေကယ်ဆယ်၍ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ အလျင်အမြန်ပေးရန်ပင် ဖြစ်ပါသည်။

ထို့အပြင် ရေရှည်အတွက် မျှော်၍ နည်းဗျူဟာများကိုလည်း စဉ်းစားကြရမည်ဖြစ်ပါသည်။ လူကုန်ကူးမှု၊ တရားမဝင်ခိုးသွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာရသည့် ယခုပြဿနာသည် အချိန်တိုအတွင်း လွယ်ကူစွာ ပြီးဆုံးသွားလိမ့်မည်မဟုတ်ပါ။ ထို့အပြင် ထိုသူများအားပိုမိုကောင်းမွန်သည့် ဘဝပိုင်ဆိုင်ရေးဆိုသည့် မျှော်လင့်ချက်ဖြစ်ပေါ်စေပြီး အန္တရာယ်အလွန်ကြီးမားလှသည့် ရေလမ်းခရီးကို ဖြတ်ကျော်စေရန် အဓိကတွန်းအားပေးနေသည့် ဆင်းရဲမွဲတေမှုသည်လည်း လွယ်လွယ်နှင့် ပျောက်ကွယ်သွားဦးမည် မဟုတ်ပေ။ ထို့ကြောင့် ယခုပြဿနာအတွက် ရေရှည်မျှော်မှန်းစဉ်းစားရန် လိုအပ်သည်ဟုဆိုရခြင်းဖြစ်ပါသည်။

အရှိန်အဟုန်ဖြင့် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် နည်းပညာပေါက်ကွဲမှု၊ ဆိုက်ဘာရာဇဝတ်မှုများ၏ ခြိမ်းခြောက်မှုများ၊ တစ်ဖက်တွင်လည်းရာသီဥတုများ ပြောင်းလဲဖောက်ပြန်ခြင်းစသည့် အခြင်းအရာများဖြင့် ကျွန်တော်တို့၏ ကမ္ဘာကြီးသည် လွန်ခဲ့သည့် ၂၅ နှစ်ခန့်လောက်နှင့် နှိုင်းစာလျှင်ပင် အလွန်ကွာခြားလာခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် ၂၁ ရာစု၏စိန်ခေါ်မှုအသစ်များကို အမီလိုက်ပါရန် ကြိုးပမ်းလျက်ရှိပြီး အချို့နိုင်ငံများက အောင်မြင်သလို အချို့နိုင်ငံများကတော့ကျရှုံးကျန်ရစ်ခဲ့ကြပါသည်။

ယနေ့ခေတ် ကမ္ဘာကိုပုံဖော်ဖန်တီးနေသည့် အဓိကသော့ချက် တစ်ခုမှာ ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေးအခြေအနေမတူညီမှုပင်ဖြစ်ပါသည်။ ထိုအချက်ကြောင့်ပင်လျှင် ကမ္ဘာ့လူသားသန်းပေါင်းများစွာသည် ယင်းတို့အတွက် ပိုမိုကောင်းမွန်သည့် ဘဝရပ်တည်မှုနှင့်အခွင့်အလမ်းများကို ရှာဖွေကြရန် ၎င်းတို့၏ နေရပ်ဇာတိကိုစွန့်ခွာကာ အခြားနိုင်ငံများသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေကြခြင်းဖြစ်ပါသည်။ ထိုသို့ ရွှေ့ပြောင်းနေထိုင်ရန် ကြိုးပမ်းရာ၌ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များကိုပင် အမှုမထားနိုင်တော့ဘဲ စွန့်စားထွက်ခွာနေကြသည့်ဖြစ်ရပ်များကို အမေရိကန်-မက္ကဆီကိုနယ်စပ်၊ မြေထဲပင်လယ်ဒေသမှစတင်ကာ ဘင်္ဂလားပင်လယ်အော်အထိ တွေ့ရမည်ဖြစ်ပါသည်။ ထိုသို့ ပြောင်းရွှေ့ထွက်ခွာနေကြခြင်းသည် ပိုမိုကြီးမားလာမည့် စိန်ခေါ်မှုကြီးတစ်ရပ်သာဖြစ်ပါသည်။ ဤစိန်ခေါ်မှုကိုအမီလိုက်နိုင်ခြင်း၊ မလိုက်နိုင်ခြင်း၊ တုံ့ပြန်နိုင်ခြင်း၊ မတုန့်ပြန်နိုင်ခြင်းဆိုသည်မှာ နိုင်ငံများ၏ တိုးတက်အောင်မြင်မှုအပေါ်တွင်သာ မူတည်လိမ့်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စစ်အုပ်ချုပ်ရေးပုံစံမှ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသို့ လျှောက်လှမ်းရာလမ်းပေါ်တွင် အချိန်ကာလအားဖြင့် လေးနှစ်သက်တမ်းရှိခဲ့ပြီဖြစ်ပါသည်။ ထိုခရီးလမ်းမှာ လွယ်ကူလှသည်တော့မဟုတ်ပါချေ။ ဒီမိုကရေစီအသွင်ကူးပြောင်းရန် ကြိုးပမ်းရင်းအောင်မြင်မှုမရဘဲ ကျရှုံးသွားသည့် နိုင်ငံများအများအပြားရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ကျင့်သုံးခြင်းမှာလည်း ကတိမ်းကပါးဖြစ်သွားနိုင်သည်ဆိုသည့် အချက်ကို ကျွန်တော်တို့အစိုးရသစ်အနေနှင့် သိရှိသဘောပေါက်နားလည်ခဲ့ပါသည်။ ကျွန်တော်တို့အနေနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမအောင်မမြင် မဖြစ်စေရဟူသော စိတ်ပိုင်းဖြတ်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ ကြိုးပမ်းရာတွင် ဆိုင်ရာ အကျိုးစီးပွားများကို ထိန်းညှိပေးရန်၊ ငြိမ်းချမ်းစွာပြောင်းလဲရန်နှင့် ကျွန်တော်တို့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် မြေပြင်တွင် လက်တွေ့ဖြစ်ပေါ်နေသည့် အရှိတရားများကိုချိတ်ဆက်လုပ်ကိုင်ခဲ့ရပါသည်။ လေးနှစ်တာကာလအတွင်း ကျွန်တော်တို့အနေနှင့် နိုင်ငံရေးဖြေလျှော့မှုများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးများ၊ ဆယ်စုနှစ်များစွာရပ်တန့်နေခဲ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံတကာနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ရေးများအပြင် များပြားလှသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြစ်ပွားနေသည့် ပဋိပက္ခများရပ်တန့်နိုင်ရန်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်အများအပြားကို လုပ်ဆောင်ခဲ့ရပါသည်။

ကျွန်တော်တို့၏ ကြိုးပမ်းမှုတိုင်းအတွက် မည်သူမဆိုအကြံပြုချက်များ ပေးနိုင်ရန် လမ်းဖွင့်ပေးထားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးဝေဖန်မှုများကို ကြိုဆိုလက်ခံပါသည်။ နှစ်ပေါင်းများစွာ စစ်အုပ်ချုပ်ရေးဖြင့် စခန်းသွားခဲ့ရသည့်အခြေအနေမှ ကျွန်တော်တို့၏ နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ဆွဲထုတ်ရန် ကြိုးပမ်းရာတွင် ပြင်ပမှ ကျွန်တော်တို့၏ မိတ်ဆွေများကို မီးလောင်ရာလေပင့်မလုပ်ဘဲမီးငြိမ်းသတ်ရန် ရေသာယူလာခဲ့ပေးပါဟု မေတ္တာရပ်ခံလိုပါသည်။ လက်ညှိုးထိုးအပြစ်တင်မည့်အစား ကျွန်တော်တို့နိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာကိုလက်တွေ့ကျကျနှင့် အမှန်တကယ်ပြေလည်စေမည့် နည်းလမ်းများဖြင့် လက်တွဲကူညီကြရန်လည်းမေတ္တာရပ်လိုပါသေးသည်။

ကျွန်တော်တို့ နိုင်ငံ၏ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်အတွင်းက ဆိုးရွားလှသော အဓိကရုဏ်းများဖြစ်ပွားခဲ့ကာ တစ်ရာကျော်သေဆုံးပြီး အစ္စလမ်ဘာသာနှင့် ဗုဒ္ဓဘာသာနှစ်ဖက်အသိုက်အဝန်းမှ လူထောင်ပေါင်းများစွာအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။ ပြဿနာတစ်ခု၊ အဖြစ်ပျက်တစ်ခုအပေါ် အခြေခံပြီးခံစားချက်များ ပြင်းထန်လာကာအကြမ်းဖက်မှုကို ဦးတည်စေခဲ့သည့် အခြေအနေများကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါသည်။ ယခုအခါတွင်မူ အခြေအနေများ ပြောင်းလဲသွားခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့အနေနှင့် အကြမ်းဖက်မှု အသစ်များ ထပ်မံပေါ်ပေါက်မလာအောင် တားဆီးနိုင်ရုံမျှမက အကြမ်းဖက်မှုများ ဖြစ်ပွားရန် လှုံ့ဆော်သည့်ပြဿနာ၏ ရေသောက်မြစ်များကိုလည်း ရှာဖွေဖော်ထုတ်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ် အရေးနှင့်ပတ်သက်၍ စိတ်ဝင်စားသူမည်သူကိုမဆို ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်ကိုယ်ကျလာရောက်လေ့လာ၍ ကောက်ချက်ချစေလိုပါသည်။ လက်ရှိအချိန်တွင်မူ ရခိုင်ပြည်နယ်၌ နိုင်ငံတကာထောက်ပံ့ကူညီရေးအဖွဲ့အစည်း ၂၀ ကျော်က လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂနှင့်အခြားအဖွဲ့အစည်းများ ကောင်းစွာသိရှိထားပြီးဖြစ်သည့်အတိုင်း ကျွန်တော်တို့အနေနှင့် ယခုအခါတွင် ပထမဦးဆုံးခြေလှမ်းဖြစ်သည့် လူ့အသိုက်အဝန်းအတွင်း ပြန်လည်နေရာချထားရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ဤလုပ်ငန်းစဉ်မှာမည်မျှခက်ခဲနက်နဲပြီး အကဲဆတ်၍ ထိလွယ်ရှလွယ်ရှိသည်ဆိုသည့်အကြမ်းဖက်မှုများဖြစ်ပွားအပြီး ပုံမှန်အခြေအနေသို့ ရောက်ရှိအောင် ပြန်လည်တည်ဆောက်ရသည့်လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ဖူးသည့် အတွေ့အကြုံရှိသူတိုင်းကောင်းစွာ နားလည်သဘောပေါက်နိုင်ကြပါသည်။

လှေစီးဒုက္ခသည်များအရေးဘက်သို့ ဆက်ပါဦးမည်။ ပင်လယ်တွင်း မျောပါလျက်ရှိသည့် လှေစီးဒုက္ခသည်များကို ရှာဖွေကယ်ဆယ်ရန်မှာ ပထမဦးဆုံးနှင့်အရေးပေါ်အဖြစ် လတ်တလောလုပ်ဆောင်ရမည့်ကိစ္စဖြစ်ပါသည်။ လုပ်ဆောင်ရမည့်ကိစ္စမှာ ထိုသို့ကူကယ်ရာမဲ့ဖြစ်နေသည့် လူသားများအပေါ် ပစ်မှတ်ထား၍ အမြတ်ထုတ်နေသော လူကုန်ကူးဂိုဏ်းများနှင့် မှောင်ခိုဂိုဏ်းများကို ဖြိုခွင်းရန်မှာ ကာလလတ်အနေနှင့် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့ ဖြိုခွင်းရန်မှာလည်း ဒေသတွင်းနှင့် နိုင်ငံတကာက ပူးပေါင်းလုပ်ဆောင်မှသာအောင်မြင်နိုင်မည်ဟု ကျွန်တော့်အနေနှင့် ယုံကြည်မိပါသည်။ လက်ရှိပြဿနာမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောပဋိပက္ခများ၏ အကျိုးဆက်သာဖြစ်သည်ဟူသည့် ရှုမြင်မှုမျိုးဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံတည်းကိုသာအပြစ်တင်နေမည့်အစား နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ယခုပြဿနာကို ရှေ့ဆက်ဖြေရှင်းနိုင်ရန် လက်တွေ့ကျသည့်နည်းလမ်းဖြင့် ကူညီထောက်ပံ့ခြင်းကသာလျှင် ပိုမိုကောင်းမွန်လိမ့်မည်ဖြစ်ပါသည်။ ယခုလက်ရှိ ကြုံတွေ့နေရသည့်ပြဿနာမှာ စီးပွားရေးအရ ရွှေ့ပြောင်းနေထိုင်မှုနှင့် ၎င်းတို့၏ အတိဒုက္ခကြုံတွေ့နေရမှုများဖြစ်ပါသည်။ ထိုကိစ္စရပ်များမှာ ဒေသတွင်းပြဿနာတစ်ရပ်ဖြစ်၍ နှစ်နိုင်ငံချင်း၊ ဒေသတွင်းနိုင်ငံများ အချင်းချင်းပူးပေါင်းဖြေရှင်းရမည်ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းနိုင်ရန်လည်း နိုင်ငံတကာအကူအညီများစွာမှပင် လိုအပ်ပါသည်။

ရှေ့ဆက်လုပ်ဆောင်နိုင်မည့် လက်တွေ့ကျသည့် နည်းလမ်းများကို စဉ်းစားရာတွင် ကျွန်တော်တို့အနေနှင့် သမိုင်းကြောင်းများကိုလည်းသိရှိရန် လိုအပ်ပြီး လက်ရှိအရွေ့များကိုလည်း ဘက်ပေါင်းစုံမှ စဉ်းစားရန်လိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော်တို့၏ စိတ်ကူးစိတ်သန်းများနှင့် မျှော်မှန်းချက်များကိုလည်း လက်တွေ့မြေပြင်တွင် ဖြစ်ပျက်နေသောအဖြစ်အပျက်များနှင့်ယှဉ်၍ အစမ်းသပ်ခံနိုင်သောအလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကိုလည်း စဉ်းစားရန် လိုအပ်ပါသေးသည်။ မြန်မာနိုင်ငံသည် သမိုင်းကြောင်းအရရော၊ လက်ရှိအခြေအနေအရရောပါ လွန်စွာမှပင် အကဲဆတ်၍ အထိခိုက်မခံသောအခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရပါသည်။ ယင်းမှာရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှပြည်သူများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ ၅၃ သန်းကျော်နှင့်လည်း သက်ဆိုင်နေသည့်ကိစ္စဖြစ်ပါသည်။

ဤကိစ္စများအတွက် ဖြေရှင်းရန် မျှော်လင့်ချက်ထားနိုင်ပါသည်။ သို့သော် ကမ္ဘာတစ်ဝန်းအနေနှင့် အပြစ်တင်နေမည့်အစားလက်တွေ့ကျသည့် အဖြေရှာမှု ပြုလုပ်ရန် လိုလားမှု ရှိရပါလိမ့်မည်။ ရေရှည်အတွက်မူ ကျွန်တော်တို့၏ ပြည်သူများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင်ပင် အသက်မွေးဝမ်းကျောင်းမှုအတွက် တိုးတက်မှုများ၊ ဝင်ငွေတိုးမြှင့်ရေးများနှင့် လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်းအတွက် ပိုမိုကောင်းမွန်သည့်အခွင့်အလမ်းများကို ဖန်တီးနိုင်နေပြီဖြစ်ပါသည်။ ကျွန်တော်တို့အနေနှင့် စနစ်တကျလုပ်ဆောင်နိုင်သည်နှင့်အမျှ ရွှေ့ပြောင်းနေထိုင်မှု၊ အထူးသဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများ ပပျောက်သွားမည်ဖြစ်ပါသည်။

သို့ရာတွင် ထိုသို့ဖန်တီးနိုင်ရေးအတွက် ကုန်ထုတ်လုပ်မှု၊ ငါးဖမ်းလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် အခြားချက်ချင်းဖွံ့ဖြိုးတိုးတက်နိုင်မည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။ သန်းပေါင်းများစွာသော ရင်းနှီးမြှုပ်နှံမှုများသည် အပြောင်းအလဲကို အမှန်တကယ်ဖြစ်ထွန်းစေနိုင်ပါသည်။ လှေစီးဒုက္ခသည်များအရေးနှင့်စပ်လျဉ်း၍ ပြစ်တင်ဝေဖန်နေကြသူများအားလုံးအား အပြစ်တင်မည့်အစား လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးရေးမဟာဗျူဟာများတွင် ကူညီပေးနိုင်ရန် မေတ္တာရပ်ခံလိုပါသည်။ အလှူအတန်းနှင့် အထောက်အပံ့ကို အခြေခံသောကူညီမှုများအစား ရင်းနှီးမြှုပ်နှံမှုကိုအခြေခံသော ကူညီမှုများကသာ ရခိုင်ပြည်နယ်ရှိ လူတစ်ဦးချင်းစီ၏ဘဝတိုးတက်မှုကိုဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။

တစ်ကမ္ဘာလုံးအနေနှင့် လက်ရှိအခြေအနေတွင် လူသားချင်းစာနာထောက်ထားမှုများအရေးတကြီးလိုအပ်နေမှုအပေါ် အာရုံစိုက်လျက်ရှိကြပါသည်။ ကျွန်တော်တို့ လိုအပ်သည်မှာ လူသားချင်းစာနာထောက်ထားသည့် အကူအညီများပြီးသည်နှင့် လက်တွေ့ကျသည့် မဟာဗျူဟာများကို အလျင်အမြန်ရှာဖွေရန်နှင့် ရခိုင်ပြည်နယ်အတွက် အလုံးစုံလွှမ်းခြုံမှုရှိပြီး ရေရှည်ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်ရေးသာဖြစ်ပါသည်။

**ကမ္ဘာတစ်ဝန်းအနေနှင့် အပြစ်တင်နေမည့်အစား လက်တွေ့ကျသည့် အဖြေရှာမှု ပြုလုပ်ရန် လိုလားမှု ရှိရပါလိမ့်မည်။ ရေရှည်အတွက်မူ ကျွန်တော်တို့၏ ပြည်သူများနှင့် ၎င်းတို့၏ပတ်ဝန်းကျင် အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်လိုအပ်**

**(အထက်ဖော်ပြပါဆောင်းပါးသည် ဇွန်(၁) ရက်နေ့တွင် ထုတ်ဝေသည့် Nikkei Asian Review မဂ္ဂဇင်းတွင်ပါဝင်သည့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၏ Inclusive Growth Key for Peace in Myanmar ဆောင်းပါးအား စာရေးသူ၏ခွင့်ပြုချက်ဖြင့် မြန်မာဘာသာ ဆီလျော်အောင် ပြန်ဆိုဖော်ပြထားခြင်းဖြစ်ပါသည်။)**

# မြန်မာ-ဂျပန်အသင်း (MJA) ဖူးကြီးတပ်နယ်တွင် ကျောင်းဝတ်စုံများနှင့် စာအုပ်၊ စာရေးကိရိယာများ လှူဒါန်း

**ရန်ကုန် ဇွန် ၂**

မြန်မာ-ဂျပန်အသင်းက ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ဖူးကြီးတပ်နယ်တွင် ကျောင်းဝတ်စုံများနှင့် စာအုပ်၊ စာရေးကိရိယာများအား စာသင်နှစ်အစတွင် လှူဒါန်းပွဲကို ဇွန် ၂ ရက် နံနက်ပိုင်းတွင် ဖူးကြီးတပ်နယ်ခန်းမ၌ကျင်းပရာ ဖူးကြီးတပ်နယ်မှ တပ်နယ်မှူးနှင့် တပ်မှူးများ၊ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားသို့ ဖူးကြီးတပ်နယ်ရှိ တပ်တွင်း မူလတန်းကျောင်းနှစ်ကျောင်းနှင့် ရွှေမြယာဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းများသို့ ငွေကျပ် ၅၀၃၁၃၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ ၇၅၀၊ ဗလာစာအုပ် ဒါဇင် ၇၅၀ ၊ ကွန်ပါဘူး ၅၀၀၊ ခဲတံအချောင်း ၂၄၀၀၊ ဘောပင်အချောင်း ၁၀၀၀၊ ပေတံ/ခဲဖျက် ၅၀၀ စီတို့အား မြန်မာ-ဂျပန် အသင်းဥက္ကဋ္ဌ ဦးစောလှမင်းက သက်ဆိုင်ရာ ကျောင်း/ ကျောင်းအုပ်ဆရာကြီးများထံသို့ ပေးအပ်လှူဒါန်းကြသည်။

မြန်မာ-ဂျပန်အသင်းက ဦးစီး၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလက ရန်ကုန်မြို့တွင် ကျင်းပသော Friendly Myanmar ဓာတ်ပုံပြိုင်ပွဲ၌ ရောင်းချခဲ့သည့် ဓာတ်ပုံဖိုး အလှူငွေကျပ်သိန်း ၁၀၀ အနက်မှ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်ပင်ဆည်စံပြကျေးရွာ ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းစာသင်ဆောင်များ မွမ်းမံပြင်ဆင်ရန်အတွက် ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ပြီး ကျန်ငွေကျပ်သိန်း ၅၀ အား ဖူးကြီးတပ်နယ်ရှိ စာသင်ကျောင်းအချို့သို့ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# CLMV နှင့် ACMECS ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ကြမည့် ဧည့်သည်တော်များအတွက် စားသုံးရန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အော်ဂဲနစ်စိုက်ခင်းများ စိုက်ပျိုးထားရှိ



**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV)ထိပ်သီးအစည်းအဝေးပွဲနှင့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် (ACMECS)ထိပ်သီးအစည်းအဝေးများသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များ၊ ချစ်ကြည်ရေးကိုယ်စားလှယ်များ၊ ပညာရှင်များအား ကျန်းမာရေးနှင့် ညီညွတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အချိန်မီ၊ အချိန်ကိုက်လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဥတ္တရသီရိမြို့နယ် တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းတွင် ဓာတုကင်းလွတ် အော်ဂဲနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးထားပြီး ဖြစ်သည်။

ထို့အပြင် ဧည့်သည်တော်များကို မြေပြင်ကွင်းဆင်းလေ့လာနိုင်ရေး ရည်ရွယ်၍ ခေတ်မီအအေးခန်းစက်ရုံများ၊ ခေတ်မီထုပ်ပိုးစနစ်စက်ရုံများ၊ ခေတ်မီသန့်စင်ဆေးကြော စက်များဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည့် ဆောင်ရွက်ထားရှိမှုများကို ကဏ္ဍအလိုက် လေ့လာနိုင်ရေး အသင့်ပြင်ဆင်ထားရှိပြီး ဖြစ်သည်။

ယနေ့နံနက် ၈ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဓာတုကင်းလွတ် နာနတ်သီးစိုက်ခင်း၊ သဘော်သီးစိုက်ခင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အရောင်းပြခန်းနှင့် ပျိုးရုံကိုလည်းကောင်း၊ ဓာတုကင်းလွတ် စင်တင်သီးနှံစိုက်ခင်းများ၊ ငရုတ်သီးနှံစိုက်ခင်း၊ ကန်စွန်းဥစိုက်ခင်းနှင့် ရေကန်စွန်းစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် မြန်မာနယူးဧရာကုမ္ပဏီ၏ တစ်နေ့တန် ၅၀၀ ထိန်းသိမ်း သိုလှောင်နိုင်သည့် ခေတ်မီအအေးခန်းစက်ရုံ၌ စင်ကာပူနှင့် နိုင်ငံတကာဈေးကွက်များသို့ နေ့စဉ်တင်ပို့ရန် မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီ၏ စိန်တလုံးသရက်သီးများကို ကြည့်ရှုပြီး မြန်မာအမှတ်တံဆိပ်ဖြင့် အရည်အသွေးခိုင်ခိုင်မာမာ ထိန်းသိမ်းပြီး ဈေးကွက်တွင် ရေရှည်ခိုင်မာစွာ နေရာရရှိရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်နှုန်းထားဖြင့် လျင်မြန်စွာထုတ်ပေး

**နေပြည်တော် ဇွန် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၃၀ ရက် မွန်းလွဲပိုင်းက မြောင်းမြမြို့နယ် အတွင်းလေးဘက်တွားနှင့် အပြင်လေးဘက်တွား ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာကိုးရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူ လျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက် မိုးပွင့်စီမံချက်များဖြင့် အဆင့်အလိုက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မိမိပတ်ဝန်းကျင်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်ပုံနှင့် အကျိုးကျေးဇူးများ၊ သိကောင်းစရာများကို ပြန်လည်ရှင်းလင်းပြသ၍ မပြုလုပ်ရသေးသူများအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာရုံးများသို့ ဆက်သွယ်စာရင်းပေးသွင်းဆောင်ရွက်ကြရေး တိုက်တွန်းပေးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက မိုးပွင့်(အထူး) စီမံချက်နှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သစ်ဆိမ့်ကုန်းကျေးရွာသို့ သွားရောက်၍ ကျေးရွာစက်လှေဆိပ်၌ ဒေသခံပြည်သူများအား တွေ့ဆုံကာ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်း ဆောင်ရွက်ပေးချိန်တွင် မပြုလုပ်ရသေးသူ မကျန်ရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ဆက်သွယ်စာရင်းပေးသွင်းကြရေး ဆွေးနွေးမှာကြားကာ ရွာသူ ရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေရေးရာ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် စင်ကာပူနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာနတို့၏ပူးပေါင်းစီစဉ်မှုဖြင့် " ဥပဒေရေးရာ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း (Legal English Proficiency Course)ကို ဇွန် ၁ ရက် နံနက် ၉နာရီတွင် နေပြည်တော် Royal ACE ဟိုတယ်၌ကျင်းပသည်။

အဆိုပါ သင်တန်းကို စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ " စင်ကာပူ-မြန်မာ ဥပဒေရေးရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ"အရ ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် ဥပဒေဘာသာရပ်ဆိုင်ရာ အင်္ဂလိပ်စာအရည်အသွေး ပိုမိုမြင့်မားလာစေရန်နှင့် ဥပဒေဘာသာရပ်များလေ့လာခြင်း၊ သုတေသနပြုခြင်း၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး သင်တန်းတွင် ဥပဒေရေးရာ အင်္ဂလိပ်စာကို သင်ကြားပို့ချပေးမည် ဖြစ်သည်။

သင်တန်းကို ဇွန် ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သင်တန်းသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော် ပျဉ်းမနားမြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ ဥတ္တရသီရိမြို့နယ် တရားရုံးနှင့် ပုဗ္ဗသီရိမြို့နယ် တရားရုံးတို့မှ တရားရေးအရာရှိများ၊ တရားသူကြီးများ စုစုပေါင်း ၂၅ ဦးတက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ငွေရတုနှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၂၅)ကြိမ်မြောက် ငွေရတု နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် MCC ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ခရိုင်အလိုက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်မှုနှင့် ရာသက်ပန် အင်အားတိုးတက်အောင် စည်းရုံးနိုင်မှု ထူးချွန်ဆုများ၊ မြို့နယ်အဆင့်ဘက်စုံလုပ်ရှားမှု၊ ကျန်းမာရေးလုပ်ငန်းလှုပ်ရှားမှု၊ ပညာရေးလုပ်ငန်းလှုပ်ရှားမှု၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းလှုပ်ရှားမှု၊ အသင်းပိုင်သားဖွားခန်းလုပ်ငန်း၊ အသင်းပိုင် မူကြိုကျောင်းလုပ်ငန်းထူးချွန်ဆုများနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ စေတနာ့ဝန်ထမ်းစွမ်းဆောင်ရှင်ဆုများကို ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး မှ ပံ့ပိုးငွေများအား ခရိုင်များသို့ပေးအပ်ပြီး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက သဘာပတိအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူး ဒေါ်ခင်ချိုဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၂၅)ကြိမ်မြောက် ငွေရတုနှစ်ပတ်လည် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ၂၀၁၄ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင် ဒေါ်နွဲ့ခင်မာဝင်းက နှစ်ပတ်လည် အစည်းအဝေးကြီးမှ ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်မြို့နယ်အလိုက် ထူးချွန်ဆု ၁၀ မျိုး၊ မြို့နယ်များသို့ မိခင်ကလေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်နှင့် သားဖွားခန်းများ ဝန်ဆောင်မှုမြှင့်တင်ရန် ငွေကျပ် ၃၉ သိန်း ငါးသောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

**❒ ရှေ့ဖုံးမှ**

သိမ်ဖြူလမ်းမှာရှိတဲ့ဗဟိုပုံနှိပ်တိုက်ဖြစ်မလားတော့ တိတိကျကျ ပြောလို့မရသေးဘူး။ ကျွန်မတို့ဘက်ကတော့ သက်ဆိုင်ရာဌာနတွေကို အကြောင်းကြားထားပြီးပါပြီ။ မဟာဗန္ဓုလပန်းခြံကတော့ ဝန်းကျင်ရေမြောင်းတွေ ပြုပြင်နေတယ်လို့ ပြောပါတယ်။ အဲဒါပြီးရင်တော့ မကြာမီ ဒီဇွန်လထဲမှာပဲ အပြာရောင်ကမ္ပည်းပြားကို တပ်ဆင်ပေးသွားမှာပါ"ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောကြားသည်။

ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်အပြာရောင် ကမ္ပည်းပြားကို တပ်ဆင်ပေးခြင်းသည် ရန်ကုန်မြို့ပြနောက်ခံသမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာ ဖော်ပြနိုင်မည့် နည်းလမ်းကောင်းတစ်ခုပင်ဖြစ်သည်။ အများပြည်သူ တိုက်ရိုက်ထိတွေ့နိုင်မည်ဖြစ်သည့် အဆိုပါမြို့ပြအမွေအနှစ် အပြာရောင်ကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏သမိုင်းကြောင်းကို နိုင်ငံတစ်ဝန်းပြည်သူများသာမက ပြည်ပကမ္ဘာလှည့်ခရီးသွားဧည့်သည်များပင် သိရှိလေ့လာနိုင်မည်ဖြစ်သည်။

"ဒီရန်ကုန်မြို့လယ်မှာရှိတဲ့ မဟာဗန္ဓုလပန်းခြံဟာ ရန်ကုန်မြို့ရဲ့ နှစ်ကာလကြာရှည်တဲ့ပန်းခြံဖြစ်တဲ့အပြင် ရန်ကုန်မြို့ရဲ့ ပထမဦးဆုံးပြည်သူတွေ အပန်းဖြေနိုင်ခဲ့တဲ့ပန်းခြံလည်းဖြစ်ပါတယ်။ ဒီပန်းခြံက မြို့ပြရဲ့တကယ့်အမွေအနှစ်အစစ်ဖြစ်ပါတယ်။ ပြီးတော့ ရန်ကုန်မြို့ရဲ့ မြို့လယ်ကောင်မှာဖြစ်တဲ့အပြင် မြို့တော်ခန်းမရဲ့ ရှေ့တည့်တည့်လည်းဖြစ်၊ အထင်ကရဖြစ်တဲ့ ဆူးလေဘုရားနဲ့လည်း နီးတာကြောင့် ကျွန်တော်တို့ အတတ်နိုင်ဆုံး ပန်းခြံအင်္ဂါရပ်နဲ့ညီအောင် ပြည်သူတွေအပန်းဖြေနိုင်ဖို့ လုပ်ဆောင်ပေးထားပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးတိုးအောင်(ညွှန်ကြားရေးမှူး)က မြန်မာ့အလင်းသို့ ပြောကြားသည်။

ယခုအခါ မဟာဗန္ဓုလပန်းခြံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်တွင် ထိန်းသိမ်းထားပြီး ယခင်က ဝင်ရောက်အပန်းဖြေသူများကို ဝင်ကြေးကောက်ခံခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှစ၍ ပြည်သူများကို အခမဲ့ ဝင်ရောက်အပန်းဖြေခွင့်ပေးခဲ့သည်။ ထို့အပြင် ပန်းခြံကိုလည်း အဆင့်မြှင့်တင် ပြောင်းလဲခဲ့မှုကြောင့် ယခုအခါ ဝင်ရောက်အပန်းဖြေသူများနှင့် နေ့စဉ်စည်ကားလျက်ရှိသည်။

**(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

ဂိုးရရှိနိုင်သည့် အခွင့်အရေးများကိုလည်း ဖန်တီးစွမ်းဆောင်နိုင်ခဲ့သည်။ ပထမပိုင်းတွင် အကောင်းဆုံးပုံစံဖြင့် မြန်မာအသင်း ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးရလိုစိတ်ဖြင့် တိုက်စစ်ကို အားပြုကစားရာမှ တစ်ဖက်အသင်း၏ တန်ပြန်တိုက်စစ်နှင့် အမြန်နှုန်းတိုက်စစ်တို့ကို မထိန်းနိုင်ဘဲ ဂိုးများခွင့်ပြုလိုက်ရသည်။ ဒုတိယပိုင်းအစတွင် ယခုကဲ့သို့ ဂိုးများ ဆက်တိုက်ပေးလိုက်ရခြင်းမှာ ပွဲ၏ အလှည့်အပြောင်းဖြစ်ခဲ့ရသည်။ ဂိုးများထပ်မံပေးခဲ့ရသလိုဂိုးလည်း ပြန်မသွင်း နိုင်တော့ပေ။ မြန်မာအသင်းသည် ယခုပွဲတွင် ခြောက်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့် ခဲ့သဖြင့် အကောင်းဆုံး တတိယနေရာရရှိရန်အတွက် ဖိအားဝင်သွားခဲ့သည်။ ဇွန် ၅ ရက်တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် ကစားရမည့် အိမ်ရှင်နယူးဇီလန်နှင့်ပွဲမှာ နောက်တစ်ဆင့်တက်ရန် အဆုံးအဖြတ်ပွဲဖြစ်သည်။ ယင်းပွဲတွင် အနိုင်ရရန် လိုအပ်သည့်အတွက် ယခုခြေစွမ်းထက် ပိုမိုကောင်းမွန်မှ ရမည်ဖြစ်သည်။ သီဟထက်အောင်မှာ တိုက်ရိုက်အနီကတ်ထိထား၍ ပါဝင်နိုင်မည်မဟုတ်ဘဲ ငြိမ်းချမ်းအောင်နှင့်ယခုပွဲတွင် ဒဏ်ရာရ၍ လူစားလဲခဲ့ရသည့် မောင်မောင်လွင် တို့ပါဝင်ရန်လည်း မသေချာပေ။

မြန်မာအသင်းသည် ပထမပွဲ၏ ပွဲထွက်လူစာရင်းအတိုင်း ကစားခဲ့သည်။ လာရောက်အားပေးသည့် မြန်မာပရိသတ်များ ယခင်ပွဲထက် ပိုများလာသည်ကို တွေ့ရသည်။ ပွဲအစတွင် အထန်နေကာ ၁၅ မိနစ်နောက်ပိုင်းတွင် ကစားပုံ ကောင်းမွန်လာပြီး အပြန်အလှန် တိုက်စစ်ဆင်နိုင်ခဲ့သည်။ ဂိုးသွင်းခွင့်များရသော်လည်း ကန်ချက်များ ပျော့ကာ ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ယူကရိန်းတိုက်စစ်မှူးများ၏ အပိုင်ဂိုးသွင်းမှုများကို ဂိုးသမား မျိုးမင်းလတ်နှင့် နောက်တန်းကစားများ အကောင်းဆုံး ကာကွယ်နိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတွင် အနိုင်ရရန် ကြိုးစားခဲ့သော်လည်း မထင်မှတ်ဘဲခြောက်မိနစ်အတွင်း သုံးဂိုးပေးလိုက်ရပြီး ကစားပုံပျက်သွားကာ နောက်ထပ်ဂိုးများ ပေးလိုက်ရသည်။ မြန်မာအသင်းသည် ဂိုးပြတ်ရှုံးနိမ့်နေသော်လည်း စိတ်ဓာတ်မကျဘဲ ချေပဂိုးရရှိရန် ကြိုးစားကစားခဲ့ကြသည်။ ၇၄မိနစ်တွင် သီဟထက်အောင် ပယ်နယ်တီ ဧရိယာအတွင်း လက်ထိသဖြင့် တိုက်ရိုက်အနီကတ်ပြခံရကာ တစ်ယောက်လျော့ ကစားခဲ့ရသည်။ ယူကရိန်းအသင်းအတွက် အနိုင်ဂိုးများကို ၅၁မိနစ်တွင် ယာရီမတ်ဟတ်၊ ၅၄မိနစ်တွင် လချ်ကီဖ်ယက်၊ ၅၇ မိနစ်နှင့် ၇၇မိနစ်တို့တွင် ကိုဗာလန်ကို၊ ၆၈ မိနစ်တွင် ဆိုဘိုးလ်နှင့် ၇၁ မိနစ်တွင် ဘက်စ်ရီဒင်တို့က သွင်းယူခဲ့ကြသည်။

မြန်မာအသင်းအနေဖြင့် နယူးဇီလန်နှင့်ပွဲတွင် အနိုင်ကစားနိုင်ပါက အုပ်စုတတိယအဆင့်ဖြင့် တက်နိုင်ရေး မျှော်လင့်ချက်ရှိသည်မို့ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ကောင်းကောင်းဖြင့် နိုင်ငံအတွက် ကြိုးစားကစားမည်ဟု ယုံကြည်ရပေသည်။

မြန်မာအသင်းမှာ ရှုံးသော်လည်း အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြောင်း တွေ့မြင်ရသည့်အတွက် နိုင်ငံတော်သမ္မတကြီးနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်အားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၅ ရက်တွင် အိမ်ရှင်နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အခြားအုပ်စု (က)ပွဲစဉ်အဖြစ် နယူးဇီလန်နှင့် အမေရိကန်တို့ပွဲတွင် အမေရိကန်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

အုပ်စု (ခ) ဩစတြီးယားနှင့် ပနားမားပွဲတွင် ဩစတြီးယားက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ အာဂျင်တီးနားက ဂါနာကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ကြောင်း သိရသည်။

✻ *ရှေ့ဖုံးမှ*

တောင်၊ မြောက်လမ်းမကြီးများ အနက်မှ တောင်၊မြောက်လမ်း မကြီး (၁၆)လမ်းတွင်ပါဝင်သော ပြည်ထောင်စုလမ်းမ ကြီးတစ်လမ်းဖြစ်ပြီး မိုင်အားဖြင့် ၇၅ မိုင်ရှိသည်။

အဆိုပါလမ်းကို ယခုအခါ ရာသီမရွေး သွားလာနိုင်အောင် ဘီးလင်းဘက်မှစ၍ ၁၈ ပေ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိသည်။

“ဒီကားလမ်းမကြီးဟာ ကရင်ပြည်နယ်ဖာပွန်အတွက်အလွန်အရေးပါတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ ဖာပွန်ဒေသဟာယခင်က မဟာဗျူဟာကားလမ်းများနှင့် ဆက်သွယ်မိဖို့ အလွန်ဝေးလံတဲ့ ကားလမ်းများကို ကွေ့ကောက် ကျော်ဖြတ်ပြီးမှသာ ရောက်ရှိကြရပါတယ်။ အခုဘီးလင်းမြစ်ကူးတံတားကြီးလည်းပြီးတော့မှာဖြစ်လို့ ဖာပွန်နဲ့ဘီးလင်းကို ၇၅ မိုင်မောင်းပြီး ဘီးလင်းကတစ်ဆင့် မိမိတို့လိုရာကို သွားနိုင်ကြတော့မှာပါ”ဟုထိုကားလမ်းအား ဘီးလင်းဘက်မှ တာဝန်ယူတည်ဆောက်နေသည့် အင်ဂျင်နီယာ ဦးသန်းထိုက်က ပြောသည်။

အဆိုပါကားလမ်းသည် ယခင်က ကတ္တရာလမ်း ဖြစ်သော်လည်း ဒေသတွင်း နှစ်ပေါင်းများစွာမငြိမ်သက်မှုကြောင့် ပစ်ထားခဲ့ရသလိုဖြစ်ပြီး လမ်းဆိုး လမ်းပျက်တစ်လမ်းဖြစ်နေခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့ပြီဖြစ်သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှစ၍ ကတ္တရာလမ်းအကျယ် ၁၈ ပေအထိ ချဲ့ခဲ့ခြင်းဖြစ်သည်။

ဘီးလင်းမြို့နယ်အပိုင် ၃၂ မိုင်ငါးဖာလုံတွင်တံတားပေါင်း ၁၇၀ ပါရှိရာ တံတားအားလုံးကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်သွားမည်ဟု သိရသည်။ အဆိုပါ ကားလမ်း ဘီးလင်းမြစ်ကူးတံတားကြီးမရောက်မီ ဘီးလင်းဘက်ကမ်း၌ မဲ့လှဲဆံတော်ရှင်ကျောက်ပိဘုရား အပါအဝင် တန်ခိုးကြီး ဘုရားများကိုလည်း ဖူးမြော်နိုင်ကြောင်း သိရသည်။

❂ *ကျောဖုံးမှ*

မြန်မာအသင်း ဂိုးပြန်ပေးရသော်လည်း ကစားကွက်ပျက်မသွားဘဲ ဒုတိယပိုင်းအစတွင်လည်း ဆက်လက်ဖိကစားနိုင်ခဲ့သည်။ ၅၄ မိနစ်တွင် မြန်မာအသင်း တတိယဂိုးရခဲ့ပြီး တောင်ပံကစားသမား စည်သူအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ တတိယဂိုးရခဲ့ပြီး နောက်ပိုင်းတွင်လည်း မြန်မာအသင်းမှာ မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ဆက်လက်ဖိကစားနိုင်ခဲ့သည်။ ၆၆ မိနစ်တွင် ကျော်ဇင်လွင်က စတုတ္ထဂိုးသွင်းယူခဲ့ပြီး အင်ဒိုနီးရှားအတွက် ဒုတိယချေပဂိုးကို ၆၉ မိနစ်တွင် ဒန်နီက သွင်းယူခဲ့သည်။



ဇွန် ၁ ရက်က ပြည်မြို့နယ် ဝက်ထီးကန်အုပ်စု ထိန်ပင်အလယ်ရွာနေ ဦးဇော်မြင့်ဦး-ဒေါ်စန်းစန်းမြင့်တို့က သုံးမြွှာပူးမွေးဖွားခြင်းအတွက် ပြည်ခရိုင်လူမှုဝန်ထမ်းရုံးမှဒုတိယညွှန်ကြားရေးမှူး ဦးသုတအောင်ကငွေကျပ်ငါးသိန်းထောက်ပံ့ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

# ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ဖွင့်

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ IBTC (International Beverages Trading Co., Ltd.) မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်၏ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် IBTC မှ Executive Director ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၃၀၊ အပျော်တမ်းအဆင့် အမျိုးသား ၁၀၂၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း အားကစားသမား ၁၄၂ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **ဖိုးသော်ဇင်**


**Congratulations**

**Our heartiest welcome and warmest congratulations**

**on the successful opening of**

**Bangkok Bank**

**Yangon branch in Myanmar on 2nd June 2015.**

**Wishing you further success and achievements in providing excellent banking services**

**to benefit the dynamic economic development of Myanmar.**

**Chairman**
**and Board of Directors**
**KBZ BANK LTD.**

# ကတ္တရာလမ်းပေါ်သို့ လုံးပတ် ငါးပေရှိ ကုက္ကိုပင်လဲကျ



**မင်းဘူး ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အမှတ်(၁)ရပ်ကွက် စက္ကိန်းတဲဘုရားလမ်း ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာရှေ့ကတ္တရာလမ်း၏ မြောက်ဘက် ၁၅ ပေခန့်အကွာ၌ရှိသော ကုက္ကိုပင်ကြီးသည် ဇွန် ၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ကတ္တရာလမ်းပေါ်သို့လဲကျရာ လမ်းဘေးရှိ လျှပ်စစ်ကြိုးများသွယ်တန်းသည့် ကိုးမီတာရှိ ကွန်ကရစ်တိုင်ငါးတိုင်၊ ဖုန်းကြိုးသွယ်တန်းသည့် ၁၀ မီတာရှိ သံတိုင်ငါးတိုင်တို့မှာ ကျိုးကျပျက်စီးခဲ့သည်။ **(ယာပုံ)**

ယင်းကုက္ကိုပင်လဲကျရာသို့ မင်းဘူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဦး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့၊ မြို့နယ်ဆက်သွယ်ရေးတာဝန်ခံနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့်အဖွဲ့၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ဝိုင်းဝန်းရှင်းလင်းဖယ်ရှားခဲ့ရာ လူ၊ တိရစ္ဆာန်၊ ယာဉ်နှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**သန်းဌေး(မင်းဘူး)**

# မိုးရက်ဆက်ရွာသော်လည်း ကလေးဝ-ယာကြီးလမ်း ကားပြေးဆွဲမှုမပျက်



**ကလေး ဇွန် ၂**

စစ်ကိုင်းတိုင်း ဒေသကြီး အနောက်ပိုင်းနှင့် ချင်းပြည်နယ် မြောက်ပိုင်း မြို့ကြီးများအတွက် ကုန်စည်ပို့ဆောင်ရေးတွင် အဓိကကျသည့် ကလေးဝ-ယာကြီး လမ်းပိုင်း အသုံးပြုနေကြသော ခရီးသည်တင် ကားလေးများအနေဖြင့် မိုးရာသီကာလဖြစ်သော်လည်း လမ်းပိုင်းတို့မှကြောင့် အဆိုပါ ကလေးဝ-ယာကြီး လမ်းမှပင် ဆက်လက်ပြေးဆွဲသွားမည် ဖြစ်ကြောင်း ရှမ်းတောင်တန်းကားဆရာ ဦးကျားကြီးက ပြောကြားသည်။

"ကလေးဝ-ယာကြီးလမ်း (၁၁၅) မိုင်ကို ယခင်အစိုးရလက်ထက်က ချင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးကဘော်လွင်ပြင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဖောက်လုပ်ပေးခဲ့တာပါ။ နောင်တစ်ချိန်မှာ နိုင်ငံတော်အတွက် အားထားရမယ့် အာရှပတ်လမ်းမကြီးတွေ၊ အာဆီယံလမ်းမကြီးတွေ၊ နိုင်ငံဖြတ်ကျော် ကုန်စည်ပို့ဆောင်ရေးလမ်းမကြီးအဖြစ် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးနဲ့ ဆက်စပ်သောလမ်းမကြီးအဖြစ် တည်ရှိလာမှာဖြစ်တဲ့အတွက် ကလေးဝ-ယာကြီးလမ်းဟာ အလေးထား ပြုပြင်ရမယ့် လမ်းဖြစ်ပါတယ်။ ကလေးဝ-ရေဦး-တန့်ဆည်- မုံရွာ ချင်းတွင်းမြစ်တစ်ဖက်ကမ်း မဟာမြိုင်လမ်းက ၁၆၅ မိုင် ရှိတယ်၊ သဲချောင်းတွေက ပေါသေးတယ်၊ လမ်းကလည်း မိုင် ၅၀ ကျော် ပိုရှည်တယ်။ ဒါကြောင့် ကလေးဝ-ယာကြီးလမ်းကို အမြန်ဆုံး ကောင်းမွန်အောင် ပြုပြင်သင့်ပါတယ်"ဟု ကလေးဝမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

**သျှင်နေမင်း**

# ညောင်ဦး၌ မိုးသက်လေပြင်းတိုက်၍ အိမ်နှစ်လုံးပျက်စီး

**ညောင်ဦး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာ၌ မေ ၃၁ ရက် ညနေ ၅ နာရီခွဲက လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး နေအိမ်နှစ်လုံး မန်ကျည်းပင် ကျိုးပိခဲ့သည်။

အဆိုပါမိုးသက်လေပြင်းကျပြီး နှစ်ပေါင်းတစ်ရာကျော်ခန့်မှန်းရသည့် မန်ကျည်းပင်ကြီး နေအိမ်ပေါ်ကျိုးကျခဲ့ပြီး နေအိမ်အောက်တွင် ဟွန်ဒါဆိုင်ကယ်တစ်စီးနှင့် အိမ်သုံးပစ္စည်းများ ပိမိ၍ ပျက်စီးခဲ့သည်။ **(အောက်ပုံ)**

"ကျွန်တော်တို့အိမ်က ပခုက္ကူ ဧရာဝတီတံတားဆောက်တုန်းက မလွတ်တဲ့အိမ်ဝိုင်းတွေကို နေရာချပေးခဲ့တဲ့ဝိုင်းသစ်၊ အိမ်သစ်တွေဖြစ်ပါတယ်၊ တစ်အိမ်ကတော့ ကိုယ့်အားကိုယ်ကိုးနဲ့ ဆောက်ထားတာပါ။ အိမ်နှစ်အိမ်ကြားကို သစ်ကိုင်းကျိုးကျတော့ နှစ်အိမ်လုံးမလွတ်ဘဲ ပိမိသွားတာပါ။ လူကတော့ ဘာမှမဖြစ်ပါဘူး၊ ဆောက်ပေးထားတဲ့အိမ်တွေက တောင့်တင်းလို့ပေါ့၊ မဟုတ်ရင် အားလုံးပြိုကျပြီး လူတွေပါ အန္တရာယ်ပေးနိုင်ပါတယ်"ဟု ကိုမောင်ဖြိုးက ပြောပြသည်။

**သတင်းနှင့် ဓာတ်ပုံ-ကျော်ဌေး**








## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် မာမက်ဆော်လိန် တီဂျီကေအမ်ယ်-၀၃၇၃၃၃ အမှတ် ၉/၈၃၊ ဇာဝေယာလမ်း၊ င/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ကျွန်တော်၏သား မောင်အောင်မြင့်(ခ)သားလေး တီဂျီကေအမ်ယ်-၀၆၉၂၇၇ သည် မိဘ၏ဆိုဆုံးမမှုအား နားမထောင်ဘဲ မိမိ၏သဘောဆန္ဒဖြင့် စိတ်ဆင်းရဲလောက်သော အပြုအမူများကို ပြုလုပ်သည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ် အပြီးအပိုင် စွန့်လွှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမာမက်ဆော်လိန်**

**ဖခင်အမည်မှန်**

ပခုက္ကူမြို့၊ အထက(၅) နဝမတန်းမှ မောင်အောင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆွေမြင့် ၈/ပခက(နိုင်)၁၂၁၈၃၄ ဖြစ်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/သူများအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သောလေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ အသေးစိတ်သိရှိလိုပါက တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံးတွင် ၂-၆-၂၀၁၅ ရက်မှ ၇-၆-၂၀၁၅ ရက်အထိ နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖုန်း-၀၅၉-၂၃၅၅၁၊ ၂၃၉၆၁၊ ၂၃၉၆၃၊ ၂၃၉၆၄**

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အလက(၅) ဆဋ္ဌမတန်း(C)မှ မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးမိုး ၉/တသန(နိုင်)၀၉၉၄၂၅ ဖြစ်ပါသည်။

**ဦးမိုးမိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် မီးစက်ကြီးတစ်လုံးအား ဝယ်ယူလိုပါသဖြင့် ၃-၆-၂၀၁၅ရက်မှစ၍ ၁၆-၆-၂၀၁၅ရက်အထိ ဝယ်ယူမည့်မီးစက်ကြီး၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း ၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**



ဇွန် ၂ ရက်က အီတလီနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာ့ခံပွဲ အခမ်းအနားတက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး **H.E.Mr. Paolo Andrea Bartorelli** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ဖွံ့ဖြိုးဆဲ မြို့ကြီးများတွင် ယာဉ်ကြောကျပ်တည်းမှုဖြေရှင်းခြင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိသောမူဝါဒများ ADB နှင့် GIZ အကြံပြု

**နေပြည်တော် ဇွန် ၂**

"နေ့စဉ် လှုပ်ရှားသွားလာလျက်ရှိသည့် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့ဦးတည်ရာကို ရောက်ရှိအောင် မည်သို့ မည်ပုံသွားလာကြမည်ဆိုသည်မှာ တစ်သီးပုဂ္ဂလ ဆုံးဖြတ် ဆောင်ရွက်ရမည်ဖြစ်သည်။ သို့သော် ယင်းသို့ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် အခြားသူများကိုလည်း သက်ရောက်မှုများရှိပါသည်။ လူများက မော်တော်ယာဉ်ဖြင့် သွားလာကြသည့်အခါ သက်သောင့်သက်သာနှင့် လိုရာရောက်နိုင်သကဲ့သို့ လမ်းပျက်စီးခြင်း၊ လေထုညစ်ညမ်းခြင်း၊ အသံဆူညံခြင်း၊ အခြားသူများအတွက် နှောင့်နှေးမှုများလည်း ဖြစ်စေနိုင်ပါသည်" ဟု နိဒါန်းပျိုးဖော်ပြထားသည့် ဖွံ့ဖြိုးဆဲမြို့ကြီးများတွင် ယာဉ်ကြောကျပ်တည်းမှုဖြေရှင်းခြင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် မူဝါဒများပါဝင်သော အကြံပြုလမ်းညွှန်စာအုပ်ကို စိတ်ဝင်စားသူများ ကူးယူလေ့လာနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ယနေ့ထုတ်ပြန်လိုက်သည်။

အဆိုပါ အကြံပြုလမ်းညွှန်စာအုပ်ကို ADB နှင့် GIZ တို့ ပူးပေါင်းပြုစုကာ ယာဉ်သွားလာမှုများပြားခြင်းကြောင့် ဖြစ်ပေါ်လာသည့် လမ်းပိတ်ဆို့မှုများကို လျော့ပါးအောင် ဆောင်ရွက်ရာတွင် congestion charging ဟုခေါ်သည့် မော်တော်ယာဉ်များကို အကွာအဝေးအလိုက် ဇရိယာအလိုက် ငွေကြေးသတ်မှတ် ကောက်ခံသည့်နည်းလမ်းကို အကြံပြုထားသည်။ စိတ်ပါဝင်စားသူများအနေဖြင့် **http://www.adb.org/ publications/introduction-congestion-charging-guide-practitioners developing-cities** လင့်ခ်တွင် ကူးယူလေ့လာနိုင်ကြောင်း သိရသည်။ **မိုးသူ**

# လှည်းတန်းလမ်းဆုံအနီး ယာဉ်ရှစ်စီးဆင့်တိုက်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီးတွင် ယနေ့နံနက် ၇ နာရီခွဲခန့်က ယာဉ်ရှစ်စီးဆင့်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မှ ဆူးလေဘက်သို့ အင်းစိန်လမ်းမအတိုင်း ယာဉ်မောင်း ဦးခင်မြင့် မောင်းနှင်လာသည့် စစ်မှုထမ်းဟောင်း ယာဉ်လိုင်းမှ ခရီးသည်တင် မီနီဘတ်စ် အပြာရောင်ယာဉ် 2G/ . . . သည် ကမာရွတ်မြို့နယ် စံရိပ်ငြိမ်(၂) လမ်းထိပ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လှည်းတန်းမီးပွိုင့်တွင် တန်းစီစောင့်ဆိုင်းနေသည့် ယာဉ်မောင်း ဦးမျိုးမင်း မောင်းနှင်သည့် ကရီနာ အဖြူရောင်အငှားယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းသို့ အရှိန်ဖြင့် တိုက်မိသောကြောင့် အငှားယာဉ်ရှေ့တွင် မီးပွိုင့်၌ တန်းစီစောင့်ဆိုင်းလျက်ရှိသည့် တိုယိုတာ ဘယ်တာ ကိုယ်ပိုင်ယာဉ်၊ တိုယိုတာ ပရီဗီယာကိုယ်ပိုင်ယာဉ်၊ ပရိုဘောက်စ်အငှားယာဉ်၊ အေဒီဗင်အငှားယာဉ်၊ ပရိုဘောက်စ် ကိုယ်ပိုင်ယာဉ်နှင့် (၄၈)ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်တို့အား ဆင့်ကဲယာဉ်ရှစ်စီးတိုက်မိသဖြင့် ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။ **မင်းသစ်**






# ပေ ၂၀၀ ကျော်နက်သည့် ချောက်ထဲသို့ လမ်းကြိတ်စက်ထိုးကျ

**ခမောက်ကြီး ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၁)ရပ်ကွက်သို့သွားသည့် လမ်းကြောင်းမိုင်တိုင်အမှတ် သုံးဖာလုံခန့်နေရာ၌ အမှတ်(၃)ရပ်ကွက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ရန် မေ ၃၁ ရက် နံနက်ပိုင်းက မောင်ဦး(၃၅နှစ်) မောင်းနှင်လာသည့် လမ်းကြိတ်စက်ကြီးသည် အဆိုပါနေရာအရောက် စက်ချွတ်ယွင်းကာ လမ်းယာဘက် ပေ၂၀၀ ကျော်နက်သည့် လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားသည်။

အဆိုပါဖြစ်စဉ်တွင် လမ်းကြိတ်စက်မောင်းနှင်သူ မောင်ဦးမှာ ခုန်ဆင်းလွတ်မြောက်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ နံရံကပ်စာစောင် ပြပွဲကျင်းပ

**မင်းလှ ဇွန် ၂**

သာယာဝတီခရိုင် မင်းလှမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်နှိမ်နင်းရေးကပ်စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ ဇွန် ၂ ရက်က ပြသရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**


## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံ (ခွဲကပင်)တွင် ဆောက်လုပ်မည့် အောက်ပါအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်း**

| စဉ် | အကြောင်းအရာ | ဆောက်လုပ်သည့်ဒေသ | အရေအတွက် |
|---|---|---|---|
| ၁။ | စာသင်ဆောင်(၁)ဆောင် (၁၂၀'×၄၃'×၁၄')RC | စိုက်ပျိုးရေးသိပ္ပံ (ခွဲကပင်) | (၁) လုံး |
| ၂။ | လက်တွေ့ခန်း (၆၀'×၃၀'×၁၂')RC | ״ | (၂) လုံး |

**စက်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်း**

| စဉ် | စက်ပစ္စည်းအမျိုးအစား | ဝယ်ယူမည့်ဒေသ | အရေအတွက် |
|---|---|---|---|
| ၁။ | Cenerating Set (100KVA.50Hp) | စိုက်ပျိုးရေးသိပ္ပံ(ခွဲကပင်) | (၁)လုံး |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၆-၂၀၁၅ ရက် နံနက် ၉း၃၀ နာရီ
**တင်ဒါတင်သွင်းရမည့်ရက်** - ၂၉-၆-၂၀၁၅ ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၂၉-၆-၂၀၁၅ ရက် နံနက် ၀၉း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - စိုက်သိပ္ပံ (ခွဲကပင်)

တင်ဒါပုံစံများကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်သိပ္ပံ(ခွဲကပင်) ဘားအံမြို့တွင် ၇-၆-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၉၂၃၈၂၃၆၊ ၀၉-၂၅၀၈၀၅၁၆၉ နှင့် ၀၅၈-၂၁၁၈၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်၊ ဘားအံမြို့**

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးရုံးမှ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သောရုံးသုံးမော်တော်ယာဉ်များ ဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါတင်သွင်းရမည့်ရက်** - ၄-၆-၂၀၁၅ ရက်
**တင်ဒါတင်သွင်းရမည့်အချိန်** - ၀၉း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊
**တင်ဒါပိတ်ရက်/အချိန်** - ၁၅-၆-၂၀၁၅ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၁၆-၆-၂၀၁၅ ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - ၁၃း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဆင်ဖြူရှင်ခန်းမ၊ အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ၄-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၂၄၂၇၆၂**
**ဖုန်း-၀၁-၃၉၁၃၄၁**
**ဖုန်း-၀၉-၅၀၂၂၉၀၉**

## မွေးနေ့ဆုတောင်း

ဇွန်လ၂ရက်တွင်ကျရောက်သော ချစ်တဲ့မေမေကြီး ဒေါ်စုစုလှိုင်၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါးကျန်းမာပျော်ရွှင်အေး ချမ်းစွာဖြင့် ချစ်တဲ့မိသားစုနှင့်အတူ ဘဝကိုဖြတ်သန်းနိုင်ပြီး လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်တဲ့မောင် - အောင်နိုင်ထွန်း (မြစ်ကြီးနား)**
**သားကြီး - စည်သူ-မြပွင့်ဖြူ**
**သားလတ် - အာကာ (ပြင်ဦးလွင်)**
**သားငယ် - ပြည့်ဖြိုး**
**မြေး - အောင်စည်ဦး**

## CLAIMS DAY NOTIC
## M.V SPRING SKY VOY:NO (48)

Consignees of cargo carried by M.V SPRING SKY VOY:NO (48)are here by notified that the vessel will arrive of about 5-6-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှချပြီးချိန်တွင်မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကိုORIGINAL BILLS OF LADINGများယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုစိုးမိုးအောင် (၁၀/သထန(နိုင်)၀၀၀၄၀၁)၏ PP No.(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၈၁၅၅၉၁

## တိုက်ခန်းကျယ်ရောင်းမည်

ရန်ကင်းမြို့နယ်၊MBR 1, BR 2၊ အဆင့်မြင့်ပြင်ဆင်ပြီး (1200 sqft)

**Ph : 09-5044926**

## အမည်ပြောင်း

ဦးဇင်မင်းအောင်၏သား မောင်စိုးသူရအောင် စတုတ္ထတန်း အထက(၂၂) နေပြည်တော်အား မောင်ဉာဏ်လင်းထွဋ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ပဲခူးမြို့၊ မြို့တွင်းအနောက်(ခ) ဆဋ္ဌမတန်း(B)မှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦးဖြစ်ပါသည်။

**ဦးဝင်းဇော်ဦး ၇/ပခန(နိုင်)၀၄၅၈၈၃**

# ရေလုပ်ငန်းအတွက် အီးယူထောက်ပံ့ငွေ ယူရိုသန်း ၂၀ ကို ထောက်ပံ့ငွေစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်း၍ အသုံးပြုမည်

**ရန်ကုန် ဇွန် ၂**

ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပသမဂ္ဂမှ ထောက်ပံ့သည့်အနေဖြင့် ယူရိုသန်း ၂၀ ပေးအပ်ရန် အဆင်သင့်ဖြစ်နေပြီး မကြာမီ ကော်မတီဖွဲ့စည်းကာ ငွေကြေးလက်ခံရယူသွားမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရှိရသည်။



ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ ယူရိုသန်း ၂၀ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အီးယူမှ ပြီးခဲ့သည့်လအတွင်းက သတင်းထုတ်ပြန်ခဲ့ပြီးနောက် ရေလုပ်ငန်းကဏ္ဍများ ပိုမိုတိုးတက်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာန၊ ရေလုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်သည့် ဦးဆောင်ကော်မတီကို ဖွဲ့စည်းကာ ထောက်ပံ့ငွေများကို စနစ်တကျ ခွဲဝေအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

"ကော်မတီဖွဲ့စည်းပြီးတာနဲ့ အီးယူဘက်က ထောက်ပံ့ငွေတွေ ပေးအပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဝန်ကြီးဌာန၊ အဖွဲ့ချုပ်နဲ့ ပညာရှင်တွေ စသည်ဖြင့် ညှိနှိုင်းအကောင်အထည်ဖော်ပြီး ဦးဆောင်ကော်မတီဖွဲ့စည်းနိုင်ဖို့ ပြင်ဆင်နေပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးကပြောကြားသည်။

အီးယူသည် ထောက်ပံ့ငွေ သန်း ၂၀အပြင် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ ရေငန်ပုစွန်၊ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများအားလုံးသို့ နည်းပညာများကိုလည်း ထောက်ပံ့ပေးရန်အစီအစဉ်ရှိကြောင်း သိရသည်။

"ဦးဆောင်ကော်မတီဖွဲ့စည်းဖို့အတွက် အဖွဲ့ချုပ်က ပညာရှင်တွေအားလုံး စုပေါင်းညှိနှိုင်းထားတာတွေ ရှိပါတယ်။ ဒါ့အပြင် ရေလုပ်ငန်းပညာရှင်တွေဖြစ်တဲ့ အဏ္ဏဝါဇီဝသိပ္ပံပညာရှင်တွေလည်း အဆင့်သင့်ဖြစ်နေပါပြီ။ ဝန်ကြီးဌာနက ပါဝင်မယ့် လူစာရင်းသိရတာနဲ့ ထောက်ပံ့ငွေတွေကို စနစ်တကျ စီမံခန့်ခွဲသွားမယ့် ဦးဆောင်ကော်မတီကို ဖွဲ့စည်းနိုင်ပါပြီ။ ရေလုပ်ငန်းမှာ နိုင်ငံတကာထောက်ပံ့မှု အားနည်းတဲ့အတွက် အခုလို အီးယူက ထောက်ပံ့မှုကို အလွန်အလေးထားပါတယ်။ ကျွန်တော်တို့ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်တွင်းစားသုံးမှုရော၊ ပြည်ပပို့ကုန်ပါ တိုးတက်လာမယ်လို့ ယုံကြည်တယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

လက်ရှိ မြန်မာ့ရေလုပ်ငန်းကဏ္ဍမှာ နည်းပညာလိုအပ်ချက်နှင့် အရင်းအနှီးလိုအပ်ချက်များကြောင့် အခက်အခဲများရှိနေပြီး လုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် ထောက်ပံ့ငွေများကို စနစ်တကျသုံးစွဲစေခြင်းအပြင် ရေလုပ်ငန်းလုပ်ကိုင်သူများ၏ အခက်အခဲများကိုလည်း ဝန်ကြီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးရန်လည်း ရေလုပ်ငန်းရှင်များက မျှော်လင့်နေကြကြောင်း သိရသည်။

**သတင်း-ခင်လေးမြင့်အောင်**
**ဓာတ်ပုံ-သက္က**

**အီးယူသည် ထောက်ပံ့ငွေ သန်း ၂၀ အပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ ရေငန်ပုစွန်၊ ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများအားလုံးသို့ နည်းပညာများကိုလည်း ထောက်ပံ့ပေးရန်....**

# ဇူလိုင်လဆန်းမှစ၍ ကျန်းမာရေးအာမခံ စတင်ထားနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇွန် ၂**

ပြည်သူများ၏ ကျန်းမာရေးကုန်ကျစရိတ်ကို အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ကျန်းမာရေးအာမခံစနစ်သစ်တစ်ခုဖြစ်သည့် Commercial Health Insurance ကို ဇူလိုင် ၁ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

"ကျန်းမာရေး အာမခံဆောင်ရွက်ခွင့်ကို မြန်မာ့အာမခံလုပ်ငန်းအပါအဝင် ပုဂ္ဂလိကအာမခံလုပ်ငန်းများကိုပါ နိုင်ငံတော်က တရားဝင်ခွင့်ပြုထားပါတယ်။ ယခုဆောင်ရွက်မယ့် ကျန်းမာရေးအာမခံက Commercial Health Insurance ဖြစ်ပါတယ်။ ကျန်းမာရေးအာမခံ ပရီမီယံယူနစ်တွေကို လာမယ့် ဇူလိုင် ၁ ရက်မှာ စတင်ရောင်းချဖို့ စီစဉ်သတ်မှတ်ထားပါတယ်"ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါကျန်းမာရေးအာမခံကို တစ်နှစ်စာယူနစ်တစ်ခုလျှင် ကျပ်ငါးသောင်းသတ်မှတ်ထားပြီး တစ်နှစ်အတွင်း ဆေးရုံတက်ရပါက အာမခံငွေ တစ်ရက်လျှင် ကျပ်တစ်သောင်းခွဲ ရရှိမည်ဖြစ်သည်။ မြန်မာ့အာမခံလုပ်ငန်း၌ဖြစ်စေ ပုဂ္ဂလိက အာမခံလုပ်ငန်းများ၌ဖြစ်စေ အဆိုပါအာမခံကို ထားရှိနိုင်မည်ဖြစ်ကြောင်း၊ အာမခံတစ်ယူနစ်ထက်ပို၍ ထားရှိပါက ယူနစ်တစ်ခုချင်းစီမှ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ လူတစ်ဦးလျှင် အာမခံငါးယူနစ်အထိသာ ထားရှိအကျိုးခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဥပမာအားဖြင့် အာမခံတစ်ယူနစ်ထားရှိပြီး ဆေးရုံတက်ရပါက တစ်ရက်လျှင် ကျပ်တစ်သောင်းခွဲရရှိမည်ဖြစ်ရာ နှစ်ယူနစ်ထားရှိလျှင် ကျပ်သုံးသောင်း၊ သုံးယူနစ်ထားရှိလျှင် ကျပ်လေးသောင်းခွဲစသည့် နှုန်းများရရှိမည်ဖြစ်ကာ အများဆုံးငါးယူနစ်အထိ ခံစားနိုင်မည်ဖြစ်သည်။ အဆိုပါ အာမခံငွေကို တစ်နှစ်လျှင် အများဆုံးရက် ၃၀ အထိသာ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အာမခံထားရှိစဉ်အတွင်း ယာဉ်တိုက်မှုကဲ့သို့ မတော်တဆမှုများကြောင့် သေဆုံးပါက လျော်ကြေးငွေအဖြစ် အများဆုံး ကျပ် ၁၀ သိန်းအထိပေးရန်လည်း သတ်မှတ်ထားကြောင်းနှင့် အဆိုပါအာမခံကို အသက်အရွယ်အားဖြင့် အသက် ၆ နှစ်မှ ၆၅ နှစ်အတွင်းရှိ ကျန်းမာသန်စွမ်းသူများသာ ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။



မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ အာမခံကိစ္စဆောင်ရွက်နေသည့် ပြည်သူများ။

**သတင်း-ကြဲတိုင်းအောင်၊ ဓာတ်ပုံ-သက္က**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်စီးပွားရေးတက္ကသိုလ်

# ကြေညာချက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ပူးပေါင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်စီးပွားရေးတက္ကသိုလ်)အစီအစဉ်ဖြင့် အောက်ပါသင်တန်းကိုဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **သင်တန်းအမည်** | - | အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ်ရသင်တန်း (Certificate in ASEAN Economic Studies-CAES) |
| ၂။ | **သင်တန်းအောင်လက်မှတ်** | - | အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ် (Certificate in ASEAN Economic Studies-CAES) |
| ၃။ | **သင်တန်းဝင်ခွင့်အရည်အချင်း** | - | (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ခ) လက်ရှိဝန်ထမ်း/စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူဖြစ်ရမည်၊ လုပ်သက်အတွေ့အကြုံရှိသူများအတွက် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။ (ဂ) သင်တန်းကိုအချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။ |
| ၄။ | **သင်တန်းသားရွေးချယ်မှု** | - | အထက်ပါအချက်အလက်များနှင့် ပြည့်စုံပြီးစီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။ |
| ၅။ | **သင်တန်းကာလ** | - | (၃)လ |
| ၆။ | **သင်တန်းချိန်** | - | ညနေပိုင်း (၁၇း၃၀ မှ ၁၉း၃၀ နာရီအထိ) |
| ၇။ | **လျှောက်လွှာစတင်လက်ခံမည့်ရက်** | - | ၂-၆-၂၀၁၅ ရက်မှ ၁၂-၆-၂၀၁၅ ရက်အထိ |
| ၈။ | **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** | - | ၂၀၁၅ ခုနှစ် ဇွန် ၁၅ရက် (တနင်္လာနေ့) |
| ၉။ | **ဆက်သွယ်ရမည့်လိပ်စာ** | - | လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) |

၁၀။ **အသေးစိတ်အချက်အလက်များကို သိရှိလိုပါက**
ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ကမာရွတ်နယ်မြေ) ဖုန်း-၀၁-၅၁၀၂၁၃၊ ၀၁-၅၃၆၄၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်

**အတွင်းရေးမှူး**
**သင်တန်းကြီးကြပ်ရေးကော်မတီ**

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အောက်ပါလုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ဖျာပုံခရိုင်လူမှုဝန်ထမ်းရုံး(ပေ၆၀×ပေ၄၀×၁၁ပေ)(၁)ထပ် RC ရုံးနှင့် (၈ပေ×၈ပေ× ၆ပေ) အုတ်မိုးရေလှောင်ကန် ဆောက်လုပ်ခြင်း

(ခ) ဖျာပုံမူလတန်းကြိုးကျောင်း(ကျုံကဒွန်း)(ပေ၅၀×၂၅ပေ×၂၁ပေ)(၂)ထပ် RCကျောင်း၊ (၈ပေ×၈ပေ×၆ပေ)အုတ်မိုးရေလှောင်ကန်နှင့်အမြင့် (၂၅ပေ) သစ်မာရေစင် ဆောက်လုပ်ခြင်း၊

(ဂ) မြောင်းမြခရိုင်လူမှုဝန်ထမ်းရုံး(ပေ၆၀×ပေ၄၀×၁၁ပေ)(၁)ထပ် RC ရုံးနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း(အချင်း ၄လက်မ၊ အနက် ပေ၁၅၀)

(ဃ) အိမ်တွင်းမှုကျောင်း(ပုသိမ်)ပင်မဆောင်ဆေးသုတ်ခြင်း၊ ပြတင်းတံခါးပြုပြင်ခြင်း၊ ခေါင်မိုးသွပ်ပြားလဲလှယ်ခြင်း၊ ဒိုင်း၊ မြားအစားထိုးလဲလှယ်ခြင်း၊ ရေအိမ်မွမ်းမံပြင်ဆင်ခြင်းနှင့် ဆားဗစ်ကျင်းပြုပြင်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၄-၆-၂၀၁၅ရက်မှ စတင်ရောင်းချပါမည်။တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၅-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီနောက်ဆုံးထား၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုဌာနသို့တင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဖုန်းအမှတ် ၀၄၂-၂၁၀၁၃ နှင့် တိုင်းလူမှုဝန်ထမ်းဦးစီးဌာနရုံး ဖုန်း-၀၄၂-၂၄၆၈၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်ပြောင်း

ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၉၇၅၅၉ ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ပိုးတန်းရပ်၊ အမက(၁) စတုတ္ထတန်းမှ မောင်ပိုင်သက်ကျော်အား မောင်အောင်မိုးထက်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/ 6935၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/ 4881၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၃၃၀၈၃ ၊ Honda Dream , M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စိန် ၃/လဘန(နိုင်)၁၀၁၀၂၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B-5125 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# ကျောက်တံခါးမြို့နယ်တွင် တရားမဝင်လိုင်စင်မဲ့ယာဉ် ၁၀ စီးနှင့်အတူ ကျွန်းသစ်များ ဖမ်းဆီးရမိ

**ကျောက်တံခါး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ညွှန်ကြားမှုဖြင့် ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းညွန့် ကြီးကြပ်သည့် ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက်နံနက် ၅နာရီခွဲက ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စုအတွင်း တရားမဝင်ကျွန်းသစ်နှင့်တရားမဝင် လိုင်စင်မဲ့ယာဉ်များထားရှိကြောင်း သတင်းအရ သွားရောက်စုံစမ်းဖမ်းဆီးရာ တရားမဝင် လိုင်စင်မဲ့ယာဉ် ၁၀ စီးနှင့်ကျွန်းသစ်များ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရားမဝင်ဖမ်းဆီးရမိသောယာဉ်များမှာ မြို့ချောင်းရွာမရပ်ကွက် မင်းလှ-စိန်ကန့်လန့်လမ်းတွင် YGN 90/--- ELEGRAND အဖြူရောင်ယာဉ်နှင့်အတူ ကိုရာဇာ(ခ)ရာဇာမြင့်ကိုကို(၃၀နှစ်) ဈေးတန်းရပ်ကွက် မြို့ချောင်းကျေးရွာနေသူထံမှ တစ်စီး၊ YGN 5G/--- GRANVIA အဖြူရောင်ယာဉ်အား ရဲစိုး(၂၉နှစ်) ဈေးတန်းရပ်ကွက် မြို့ချောင်းကျေးရွာနေသူထံမှ ကားတစ်စီး၊ YGN 4D/--- ISUZU ခဲရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ဖမ်းဆီးရမိ၊YGN 1D/--- CROWN အဖြူရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ဖမ်းဆီးရမိ(အင်ဂျင်ပျက်)၊ YGN 4G/--- ELEGRAND အဖြူရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ(ကျွန်းသစ်ခွဲသားဆိုက်စုံ ၄၃ ချောင်း ၁ ဒသမ ၁၉၉၂ တန်ပါရှိ)၊ YGN 4G/--- ALEHARD အဖြူရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ ၊ YGN5D/--- CORONA ခဲရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ၊ YGN 1H/--- ELEGRAND အဖြူရောင်ယာဉ်တစ်စီးကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ၊ YGN 5A/--- SALOM အဖြူရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိ (အင်ဂျင်ပျက်)၊ YGN GF/--- ELEGRAND အဖြူရောင်ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့ဖမ်းဆီးရမိ (ကျွန်းသစ်ခွဲသားဆိုက်စုံ ၂၇ချောင်း ၁ ဒသမ ၂၃၈၀ တန်ပါရှိ) စုစုပေါင်း ယာဉ် ၁၀စီးနှင့်ကျွန်းသစ်ခွဲသားစုစုပေါင်း ၂ ဒသမ ၄၃၇၂ တန် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှုဒုရဲအုပ် ဇေယျာထွန်းက စစ်ဆေးဆောင်ရွက်၍ ယာဉ်နှစ်စီးပေါ်တွင် ပါရှိသော သစ်များကို ကျောက်တံခါးမြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ လိုင်စင်မဲ့မော်တော်ယာဉ်များအား ဖဒိုမြို့နယ် ရဲစခန်းသို့ပို့ဆောင်ခဲ့ပြီး ဖဒိုနယ်မြေ ရဲစခန်းက ဆက်လက် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ခင်ကို(ကျောက်တံခါး)**




# မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**သီပေါ ဇွန် ၂**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းအထူးစီမံချက် (ယင်းမာ)အရ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၂၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယရဲမှူးကြီး ခိုင်စိုးက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒနှင့် လက်ရှိတားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ အသိပညာပေးရေး၊ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုးမှ တက်ရောက်လာသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပြီး တပ်ဖွဲ့စု မှူးရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများ အန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများ တားဆီးနှိမ်နင်းရေး ဥပဒေနှင့် ဗဟုသုတများအား ပရိုဂျက်တာဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ မေးမြန်းချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပညာရေးကောလိပ်ကျောင်းသားများ ရေးဆွဲသည့် မူးယစ်ဆေးဝါးဆိုင်ရာ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာလက်ရာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ရေတာရှည် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မေလပထမပတ်က လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ်များအမိုးလန်ခြင်း၊ ပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ လေဘေးသင့်ခံခဲ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့ရေးအကူအညီများပေးအပ်ပွဲကို မေ ၂၉ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဆွာမင်းလမ်းကျေးရွာအုပ်စု၊ အင်ဒိုင်းကျေးရွာအုပ်စု၊ ငွေတောင်ကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာအုပ်စုနှင့် မြို့လှကျေးရွာ အုပ်စုများရှိ လေဘေးသင့် အိမ်ထောင်စု (၂၁) စုတို့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ် ငွေကျပ် ၆၇၅၀၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် လူသုံးကုန်ပစ္စည်းများကို အိမ်ထောင်စုအလိုက် ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကင်းတားတမံအတွင်း တရားမဝင်သွားလာနေသော စက်လှေများကို အရေးယူမည်

**မလှိုင် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံအနီးရှိ ပြက္ခယွေ့တောင်နှင့် ဆက်လျက်ရှိသည့် ရွှေမင်းဝံတောင်၊ မုံတောင်အစရှိသည့် တောင်များအပြင် သဘာဝစိမ့်စမ်းရေများထွက်ရှိနေခြင်းကြောင့် ခရီးသွားနိုင်ငံခြားသားများ မကြာခဏ လာရောက်လေ့လာကြသည်။

အဆိုပါတောင်၏အောက်ခြေတွင် ကျီတိုင်ကျေးရွာ အစရှိသော ကျေးရွာများအပြင် တမံ(၃) ဟုခေါ်သော ကင်းတားတမံတွင် တရားမဝင်သစ်တင်/ဆွဲ စက်လှေများ သွားလာလျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရေဝပ်ဧရိယာအတွင်း လိုင်စင်မဲ့ ခုတ်မောင်း သွားလာနေသော စက်လှေများပေါ်၌ တရားမဝင်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းများကို တားမြစ်ကြောင်း ကြိုတင်သတိပေးသည့်အနေဖြင့် မြစ်သားမြို့နယ် ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်လှေပိုင်ရှင် ၂၉ ဦးကို ခေါ်ယူဆွေးနွေးခဲ့ကြောင်း သိရသည်။ ထိုသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်နေသော်လည်း တရားမဝင် စက်လှေ ပိုင်ရှင်များက လိုက်နာမှုအားနည်းနေကြောင်း ယင်းဒေသနေပြည်သူများထံမှ သိရသည်။

**ကျော်ကျော် (မလှိုင်)**

# လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိစစ်ဆေးရာမှ ခိုးမှုများ ထပ်မံပေါ်ပေါက်

**ရန်ကုန် ဇွန် ၂**

အလုံမြို့နယ် အလုံလမ်း အထက (၂)ကျောင်းရှေ့၌ မေ ၂၁ ရက် နံနက် ၃ နာရီက ချယ်ရီအမျိုးအစား အနီရောင်တက္ကစီယာဉ်ပေါ်ပါ အမျိုးသားများက လူငယ် သုံးဦးအား လက်သီးဖြင့်ထိုးကြိတ်၍ ငွေကျပ် ၄၀၀၀၀ နှင့် Apple အမျိုးအစား I PAD -2 တစ်လုံးပါ ကျောပိုးအိတ်အား လုယူခဲ့ကြသဖြင့် အလုံမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် သယ်န်းကျွန်းမြို့နယ်နေ ယာဉ်မောင်းစံကြီး(ခ) စံမင်းထက် ( ၃၇ နှစ်) ကို 5D ချယ်ရီအနီရောင်ယာဉ်နှင့် အတူယင်းရက် ည ၈နာရီခွဲက ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် ဗဟန်းမြို့နယ်နေ ရန်ပိုင် (ခ) ရန်နိုင်ထူး ( ၁၉ နှစ်)၊ ရန်ကင်းမြို့နယ်နေ နားပေါက် (ခ) အောင်ဝင်းထွန်း (၁၉ နှစ်)၊ လှိုင်သာယာမြို့နယ်နေ ဖိုးခွား(ခ) ရဲမွန်ခန့် (၁၉ နှစ်)နှင့် ဝိတ်ပေါ(ခ) မျိုးမင်းဦး (၂၃ နှစ်) တို့အား ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ငါးဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းတို့ ငါးဦးကို အခြားခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားခြင်း ရှိမရှိ စစ်ဆေးခဲ့ရာ ဧပြီလတွင်းကစံကြီး (ခ) စံမင်းထက်၊ ရန်ပိုင်(ခ) ရန်နိုင်ထူးနှင့်နားပေါက် (ခ)အောင်ဝင်းထွန်းတို့သုံးဦးသည် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း၌ လူငယ်တစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံး ခိုးယူခဲ့ကြောင်းနှင့် တာမွေမြို့နယ်အောင်မင်္ဂလာကားမှတ်တိုင်အနီးတွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ခေါက်ထီး တစ်လက်တို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး မေ ၁၆ ရက်က စံကြီး(ခ) စံမင်းထက်၊ ဝိတ်ပေါ(ခ) မျိုးမင်းဦး နှင့်ဖိုးခွား (ခ) ရဲမွန်ခန့် တို့ သုံးဦးသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အင်းလျားကန်ပေါင်ဘေးတွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံးနှင့် ဗဟန်းမြို့နယ် စက်မှု(၁)လမ်းတွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ထို့အပြင် စံကြီး(ခ) စံမင်းထက်၊ ရန်ပိုင်(ခ) ရန်နိုင်ထူး၊ ဖိုးခွား(ခ) ရဲမွန်ခန့်နှင့် နားပေါက် (ခ) အောင်ဝင်းထွန်းတို့ လေးဦးသည် မေ ၁၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းတွင် အမျိုးသား တစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံး၊ မေ ၁၉ ရက်ကလည်း ဗဟန်းမြို့နယ် ကန်တော်ကြီး ပတ်လမ်းတွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံးနှင့် မေ ၂၀ ရက် က တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းတွင် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ယင်းကဲ့သို့ ထပ်မံပေါ်ပေါက်သည့် အမှုများမှ သက်သေခံပစ္စည်းများကို သိမ်းဆည်းပြီး သက်ဆိုင်ရာရဲစခန်းများတွင် အမှုများရေးဖွင့်ကာ စံကြီး (ခ) စံမင်းထက်ပါ ငါးဦးကို ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း (SP)**



# ရှမ်းတိုင်းရင်းသားတို့ အမြတ်တနိုးတန်ဖိုးထားစားသုံးသော ပဲပုပ်စိုက်ပျိုး ဝင်ငွေတိုး

စိုင်းသာလှိုင်(လိမ္မော်မြေ)



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မှီတင်းနေထိုင်ကြသော ဒေသခံရှမ်းတိုင်းရင်းသားများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ခြံလုပ်ငန်း လုပ်ကိုင်ခြင်းဖြစ်သည်။ တောင်သူလယ်သမားများမှာ လယ်ယာလုပ်ငန်းပြီးစီးချိန်တွင် နားနေခြင်းမရှိဘဲ ခြံလုပ်ငန်းဆီသို့ ဦးတည်လှုပ်ရှားရပြန်သည်။

စပါးရိတ်သိမ်း နယ်လှေ့ပြီးလျှင် အပိုဝင်ငွေရရှိရေးအတွက် ပဲပုပ်သီးနှံစိုက်ပျိုးရန် တာစူကြရသည်။ ရှမ်းတိုင်းရင်းသားများသည် ပဲပုပ်ကို အမြတ်တနိုးတန်ဖိုးထားကာ စားသုံးကြသည်။ ထမင်းဝိုင်းတွင် မည်သည့်ဟင်းလျာမရှိစေကာမူ ပဲပုပ်ထောင်းတစ်ခွက်ရှိရုံနှင့်ပင် စားသုံးနိုင်ကြပေသည်။

မြန်မာနိုင်ငံတွင် ပဲပုပ်အမြောက်အမြား စိုက်ပျိုးသော ဒေသများမှာ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ ကျောက်ဆည်နှင့် စစ်ကိုင်းတို့ဖြစ်ပြီး တောင်ပေါ်ဒေသများမှာလည်း ပဲပုပ်ကို အဓိကထား၍ စိုက်ပျိုးကြသည်။ အောက်မြန်မာနိုင်ငံတွင် ဟင်္သာတ၊ သာယာဝတီ၊ ပြည်နှင့် မအူပင်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပဲပုပ်ပင်သည် ပင်စည်တည့်မတ်လျက် အကိုင်းအခက်များ ဖြာထွက်ပြီး သီးပွင့်ကြသည်။ အရွက်နှင့် အသီးများပေါ်တွင် နူးညံ့သော အမွေးတိုကလေးများ ဖုံးအုပ်လျက်ရှိသည်။ အခွံရောင်မှာ တစ်မျိုးနှင့်တစ်မျိုးမတူဘဲ အဝါရောင် အနုအရင့်၊ အစိမ်းရောင်နှင့် အညိုရောင် အနက်အစင်းပါသော အရောင်များဖြစ်သည်။ အချို့ ပဲပုပ်မျိုးသည် အရောင်နှစ်မျိုးစပ်နေသည်များလည်း ရှိသည်။

ပဲပုပ်စေ့၏ အဆင်းသဏ္ဌာန်မှာ လုံးပြားပြားဖြစ်၍ အသီးများရင့်မှည့်လာချိန်တွင် အရွက်များရောကာ ကြွေကျသွားသည်။ ပဲပုပ်ပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော သီးနှံပင်မျိုးဖြစ်သည်။ အထူးသဖြင့် သဲနုန်းမြေနှင့် မြေပွမျာတွင် ပိုမိုဖြစ်ထွန်းသည်။ တစ်နှစ်ပတ်လုံး မိုးရေချိန်လက်မ ၄၀မှ ၅၀ ရွာသွန်းသည့် ဒေသမျိုးတွင် ဖြစ်ထွန်းသည်။ ပဲပုပ်ကိုစိုက်ပျိုးသဖြင့် မြေသြဇာဆီကုန်ခန်းမသွားသည့်အပြင် အသီးများရင့်မှည့်လာ၍ ကြွေကျသွားသော အရွက်များက သစ်ဆွေးဓာတ်ကို ဖြစ်စေ၍ မြေဆီပြန်လည်ဖြည့်ဆည်းပေးသကဲ့သို့ ဖြစ်သည်။ ပဲပုပ်ကို ပေါင်းမြက်ကင်းစင်၍ မွနေအောင် ပြုပြင်ထားသောမြေတွင် စိုက်ပျိုးရသည်။ စိုက်ပျိုးမြေတစ်ဧက အတွက် မိုးမကျမီ သဘာဝမြေသြဇာ (နွားချေး) ၁၅ လှည်းခန့် ထည့်ပေးရသည်။ သို့မှသာ ပဲပုပ်အထွက်နှုန်း ပိုမိုကောင်းမွန်မည်ဖြစ်သည်။

ဦးစွာ ပထမပိုင်း မိုးရွာသွန်းပြီးလျှင် ချထားသောသဘာဝမြေသြဇာ (နွားချေး)များ သမသွားအောင် ထယ်ရေးလိုက်ပြီးမှ ပဲပုပ်ကို စိုက်ပျိုးနိုင်ပေသည်။ တောင်ပေါ်ဒေသများတွင် ပဲပုပ်စိုက်ပျိုးချိန်မှာ မတ်လနောက်ဆုံးပတ်နှင့် ဧပြီလအတွင်းဖြစ်သည်။ အပင်နုကလေးများ တစ်လမပြည့်မီ မိုးသည်းထန်စွာရွာသွန်းလျှင် အပင်ကြီးထွားရေးထိခိုက်နိုင်သဖြင့် မိုးမကျမီ အပင်သန်ရန်လိုပေသည်။ စိုက်မြေတစ်ဧကလျှင် ပဲပုပ်မျိုးစေ့ရှစ်ပြည်ခန့် ချပေးရန်လို၍ တစ်ပင်နှင့်တစ်ပင် လေးလက်မနှင့် ခြောက်လက်မခန့်ခြားပြီး ညီညာသေသပ်စွာ စိုက်ပျိုးရသည်။ နှစ်လက်မခန့်ထက် ပို၍နက်အောင် မစိုက်ပျိုးသင့်ပေ။ မိုးရွာလျှင် မြေပိပြီး မြေမာသွားသည့်အခါ ပျိုးပင်အညှောက်ကလေးများက မြေမာကို မထိုးဖောက်နိုင် ဖြစ်သွားတတ်ပေသည်။ ပဲပုပ်သီးနှံပင်ကလေးများသည် ငါးရက်မှ ခုနစ်ရက်အတွင်း အပင်ပေါက်၍ ၁၀ ရက်မှ ၁၅ ရက်အတွင်း ပေါင်းမြက်သင့်၍ မြေတောင်မြှောက်ပေးရန်လိုသည်။ အပင်ပေါက်နှုန်းကောင်းလျှင် နှစ်လပြည့်သောအခါ ပန်းပွင့်လေသည်။ ပဲပုပ်သီး တစ်တောင့်လျှင် အစေ့သုံးစေ့မှ နှစ်စေ့ရှိ၍ အသီးများဝါလာပါက မခြောက်သွေ့မီ ရိတ်သိမ်းရသည်။ ခြောက်သွေ့အောင်ထားလျှင် ပေါက်ကွဲ၍ ပဲစေ့များ အလေအလွင့် ဖြစ်တတ်သည်။ အပင်လိုက်နုတ်သိမ်းပြီး အမိုးအကာအောက်တွင် ခြောက်သွေ့အောင်ထားပြီး နွားနှင့်သော်လည်းကောင်း၊ စက်ဖြင့်သော်လည်းကောင်း၊ လက်ကိုင်တုတ်ဖြင့်သော် လည်းကောင်း ခြွေရသည်။

ပဲပုပ်သီးနှံမှရသော ပဲနို့ကို ကလေးများအတွက် အာဟာရအဖြစ် တိုက်ကျွေးကြသည်။ ပဲပုပ်တွင် ပါဝင်သည့်အသားဓာတ်မှာ ကြက်ဥထက် သုံးဆ၊ အမဲသားထက် နှစ်ဆ၊ နွားနို့ထက် ၁၁ ဆပိုသည်ဟု ဆိုကြသည်။ အဆီဓာတ်မှာ အရိုးနှင့်သွားများကို ခိုင်မာစေ၍ ကိုယ်ခန္ဓာကြီးထွားသန်စွမ်း ထုံးဓာတ်လည်း ပါဝင်သည့်အပြင် ဦးနှောက်အာရုံကြော၊ အသည်းနှလုံးနှင့် အစာအိမ်ကို သန်စွမ်းစေသော ဗီတာမင်ဓာတ်များ ပါဝင်ကြောင်း သိရသည်။ အာဟာရချို့တဲ့သူများအတွက် အလွန်အသုံးဝင်သော အစားအစာဖြစ်၍ ပဲပုပ်ကို အစဉ်အမြဲစားသုံးသူများသည် အစဉ်ကျန်းမာရေး ကောင်းမွန်လျက်ရှိသဖြင့် ရှမ်းပဲပုပ်မှ မဟုတ်ဘဲ တောင်ပေါ် မြေပြန့်မကျန် တိုင်းရင်းသားပြည်သူအားလုံး ပဲပုပ်ကို နှစ်ခြိုက်စွာ စားသုံးနေကြပြီဖြစ်သည်။

ယခုအခါ တောင်သူများအနေဖြင့် ပဲပုပ်သီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာကြသည်နှင့်အမျှ အကျိုးဖြစ်ထွန်းလျက်ရှိသည်ကို လေ့လာရေးသားတင်ပြအပ်ပါသည်။

## အသွင်သစ်နှင့် မေလထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် ဇွန် ၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် မေလကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

မေလထုတ် သုတပဒေသာစာစောင်တွင် ဆရာ KM.A ၊ ဦးဟန်ညွန့်(ဥပဒေ)၊ တင်တင်ဝင်း(စာပေဗိမာန်)တို့၏ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ရေးသားဖော်ပြထားသော "နိုင်ငံတော်တည်ဆောက်ရေးတွင် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၏ ရွေးကောက်ပွဲဆိုင်ရာဆောင်းပါး၊ နေဇင်လတ်၊ ဟိန်းလတ်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ကြည်မင်း၊ အေးဖြူ၊ T Nay Yar၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ထွန်း(ဆေး-၁)၊ မဲကလေး (ခေတ္တ-အမိုကရီ)၊ သိပ္ပံစာရေးဆရာကိုကိုအောင်၊ မြသိန်းတို့၏ နီတိကျင့်ဝတ်၊ နိုင်ငံတကာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ၊ မောင်မြင့်နိုင်၊ ဒေါက်တာ မြင့်သန်း (သန္တေသား)၊ ဖိုးရန်နိုင်(ကျောက်ကြီး)စသည်တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုဖြစ်ရပ်မှန်၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါးများကို ရောင်စုံဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၂၄၅/၂၄၇) အနော်ရထာလမ်းနှင့် (၉)လမ်းထောင့် လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၂၆၀၉၂၀၉၇၅၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန် မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံမှ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သရက်မြို့ရုံးရပ်ကွက် ထရန်စဖော်မာအသစ်တပ်ဆင်

**သရက် ဇွန် ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့ရုံးရပ်ကွက်စာတိုက်လမ်း လျှပ်စစ်ဗို့အားအပြည့်အဝရရှိရေးအတွက် (6.6/11/0.4) K4(200) KVA ထရန်စဖော်မာတစ်လုံးအသစ်တိုးချဲ့တည် ဆောက်ခြင်းလုပ်ငန်းကို မေ ၂၉ ရက်က ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြင့်စိန်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့ကကြီးကြပ်၍ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့၍ စာတိုက်လမ်း၊ လျှပ်စစ်လမ်း၊ ကျွန်းသာယာနယ်မြေရှိ အိမ်ထောင်စုပေါင်း ၂၀၀ ခန့်ကို လျှပ်စစ်ဗို့အားအပြည့်အဝဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

## ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်သင်တန်းဆင်း

**ရန်ကုန် ဇွန် ၂**

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်သင်တန်း အမှတ်စဉ် (၂၅) နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာသင်တန်းအမှတ်စဉ် (၁၂)သင်တန်းဆင်းပွဲကို မေ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။ အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယာအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမဟာသံ့သာရဆရာတော်ဘဒ္ဒန္တကုမာရက သင်တန်းဆင်းဩဝါဒကထာမြွက်ကြားတော်မူသည်။ ထို့နောက် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရက သင်တန်းသားရဟန်းတော်များကို သင်တန်းဆင်းလက်မှတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ဖြည့်စွက်ဖတ်ရှုပါရန်

၂၉-၅-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၇) တွင် ပါရှိသော " မိုးရာသီစိုက်ပျိုးရေးအတွက် တောင်သူများအား ကျပ်သိန်းပေါင်းသုံးသောင်းကျော် ထုတ်ချေးမည်" သတင်းတွင် မြေယာလုပ်ပိုင်ခွင့်လက်မှတ်၊ ပုံစံ -၇ (သို့မဟုတ်) ထောက်ခံစာ ပြည့်စုံပါက(အစား) မြေယာလုပ်ပိုင်ခွင့် သက်သေခံလက်မှတ်၊ ပုံစံ-၇ (မိတ္တူ)ပါရှိမှသာ" ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**နေအောင်(iprd)**



## လက်ပံတန်းမြို့နယ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**လက်ပံတန်း ဇွန် ၂**

လက်ပံတန်းမြို့နယ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက အထက(၁) လက်ပံတန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မေသက်နွယ်တို့က အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ မူလတန်းကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို မြို့နယ်ပညာရေးမှူးက ပေးအပ်ခဲ့ပြီး အလှူရှင်များ လှူဒါန်းသော အလှူငွေများ၊ ပစ္စည်းများကို လက်ခံယူခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်းက အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသူ ၂၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ရွှေစင်အိ**



# ထွန်-ရှားလှ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**ဆိပ်ဖြူ ဇွန် ၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဖောက်လုပ်လျက်ရှိသည့် ထွန်-ရှားလှ ကျေးရွာချင်းဆက်မြေသားလမ်းကို မေ ၃၁ ရက်တွင် ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထွန်-ရှားလှ ကျေးရွာချင်းဆက်မြေသားလမ်းသည် အရှည် ၁၀ မိုင်ရှိပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇၂၂ သိန်းဖြင့် ကောင်းမွန်ဆောက်လုပ်ရေးဝန်ဆောင်မှုကုမ္ပဏီက မတ် ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကြည်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးစိုးသိန်းတို့က မေ ၃၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များသည် ရှားလှကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများအား တွေ့ဆုံခဲ့ကာ ထွန်-ရှားလှကျေးရွာချင်းဆက်လမ်းကို အကျိုးရှိရှိအသုံးပြုသွားကြရန်နှင့် လမ်းကိုရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရန် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့သည်။

**စိုးလင်းနိုင်(iprd)**

# မြန်မာ-ထိုင်းချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မြဝတီမြို့ ချစ်ကြည်ရေးတံတားပေါ်၌ကျင်းပ

**မြဝတီ ဇွန် ၂**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ချစ်ကြည်ရေးပိုမိုခိုင်မြဲစေရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စအဝဝတွင် မြန်မာနှင့် ထိုင်းဗုဒ္ဓဘာသာဝင်များ စုပေါင်းဆောင်ရွက်မှုများတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ-ထိုင်းချစ်ကြည်ရေး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြဝတီမြို့ ချစ်ကြည်ရေးတံတားပေါ်၌ ဇွန် ၁ ရက်(နယုန်လပြည့်နေ့)က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၌ ထိုင်းနိုင်ငံ တာ့(ခ်)ခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟထယတန်တိက ကြိုဆိုကြောင်း မိန့်ခွန်းပြောကြားပြီး မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် နှစ်နိုင်ငံခရိုင်အုပ်ချုပ်ရေးမှူးများက မြန်မာနိုင်ငံမှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်နှင့် ထိုင်းနိုင်ငံမှ မြို့နယ်ဒုတိယသံဃနာယကဥက္ကဋ္ဌ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြဝတီခရိုင်နှင့် တာ့(ခ်)ခရိုင် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနှင့် ထိုင်းနိုင်ငံမှ ဗုဒ္ဓဘာသာဝင်ပြည်သူများက ဆရာတော်များထံမှ သီလခံယူဆောက်တည်ကြပြီး ထိုင်းနိုင်ငံမှ သံဃာတော် ၉၉ ပါးနှင့် မြန်မာသံဃာတော် ၉၉ ပါးတို့အား ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စုပေါင်းလေ့ကျင့်

**မြင်းမူ ဇွန် ၂**

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းလေ့ကျင့်မှုကို မေ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများအပြင် သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့ရင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ အသင့်ဖြစ်နေဖို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များနဲ့အတူ လက်တွေ့စုပေါင်းလေ့ကျင့်ခြင်း ဖြစ်ပါတယ်" ဟု မြင်းမူမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်းက ပြောသည်။

စုပေါင်းလေ့ကျင့်ရာ၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်တွင် အထပ်မြင့်အဆောက်အအုံများပေါ်မှလူများအား ခါးသိုင်းကြိုးများချည်၍ ကယ်ဆယ်ခြင်း၊ အပေါ့စားလှေကားများအား ကြိုးဖြင့်ထိန်း၍ပြောင်းရွှေ့ခြင်း၊ လူနာများအား ထမ်းစင်များဖြင့် သယ်ယူခြင်း၊ ကျန်းမာရေးအဖွဲ့များ၊ ကြက်ခြေနီအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို စုပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**



## သတင်းတိုများ

### ပြည်ရွှေဆံတော်စေတီတော်ကြီးသို့ ကျပ်သိန်း ၄၀ လှူဒါန်း

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တောင်တော်ကြံ့ခိုင်ရေး ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ဓမ္မာရုံအသစ်တည်ဆောက်ခြင်း လုပ်ငန်းကြီးသုံးရပ်အတွက် အလှူငွေကျပ်သိန်း ၄၀ ကို ပြည်မြို့ အမှတ်(၂၀၆) လမ်းရှည်လမ်းနေ ဦးညီနု-ဒေါ်ငြိမ်းမြင့် မိသားစုက စေတီတော် ဂေါပကအဖွဲ့ရုံးသို့ မေ ၃၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တော်ခန်းမ၌ မေ ၂၉ ရက်က ကျင်းပခဲ့ရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဦးက ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဆေးလိပ်ကင်းစင်ရေးနှင့် ဆေးလိပ်သောက်ခြင်းကြောင့်လူမှုဘဝထိခိုက်နိုင်မှုများအကြောင်း ရှင်းလင်းပြောကြားပြီး ကျိုင်းတုံဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာရဲကျော်စိုးက ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါမျိုးမျိုးအကြောင်းတို့ကို အသေးစိတ်ရှင်းလင်း ဟောပြောခဲ့သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

### တောထိန်းသိမ်းခြင်းလုပ်ငန်းမှ ထင်း ၁၄ တန်ကျော် အခမဲ့ဖြန့်ဝေ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ဆားတွင်းကြီးကြိုးပြင်ကာကွယ်တောနှင့် ဆားတွင်းကြီးကြိုးဝိုင်းတောများ၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး မြို့နယ်ဦးစီးဌာနက ဆောင်ရွက်သည့် ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ သစ်ပင်များ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသော ထင်း ၁၄ ဒသမ ၂၅ တန်ကို အင်းမအုပ်စု ပင်းတဲကျေးရွာရှိ ဒေသခံပြည်သူများအား မေ ၂၆ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း**

**တာချီလိတ်မြို့လယ်ကို ဖြတ်သန်းစီးဆင်းနေသည့် နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်ရေး၊ တောင်ကျချောင်းရေ တားဆီးကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇော်မင်းထွန်း ဦးဆောင်သည့် တပ်မတော်သားများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဇင်နှင့် ဝန်ထမ်းများက မေ ၃၀ ရက်တွင် စုပေါင်းဆောင်ရွက်နေစဉ်။**

မြင့်မိုရ်(တာချီလိတ်)



# သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး မြို့နယ်လုံးကျွတ်ဆောင်ရွက်

**ကော့သောင်း ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ မြို့ပေါ်ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်လုံးကျွတ် လူထုလှုပ်ရှားမှုအသွင်ဖြင့် မေ ၃၁ ရက်က တစ်ပြိုင်နက် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လူနေရပ်ကွက်များအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခြင်ဆေးဖြန်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ခြင်မခိုအောင်းရေးအတွက် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပိုးလောက်လန်းများမပေါက်ပွားရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများလုပ်ဆောင်ကြပြီး ရပ်ကွက်နေပြည်သူများအား တစ်အိမ်တက်ဆင်း ပညာပေးသရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ NGO အဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုကော်မတီအဖွဲ့များ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကော့သောင်းမြို့တွင် နှစ်စဉ်ကျောင်းဖွင့်ချိန် မိုးဦးကျရာသီတိုင်း ကျောင်းသားများနှင့် ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ ဘေးအန္တရာယ်မှ ကင်းဝေးရေးအတွက် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကျောင်း ၁၀ ကျောင်းမှ အန္တရာယ်ရှိအဆောက်အအုံများကို ယခုနှစ်အတွင်း အသစ်ဆောက်ရန် ပညာရေးဝန်ကြီးဌာန ခွင့်ပြု

**ဖြူး ဇွန် ၂**

ပဲခူးတိုင်း ဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်း အဆောက်အအုံအချို့သည် နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သောကြောင့် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် အန္တရာယ်ရှိနိုင်သဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် လက်ရှိအဆောက်အအုံဟောင်းများကို ဖျက်သိမ်း၍ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အသစ်ပြန်လည်ဆောက်လုပ်ရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

အသစ်ပြန်လည် ဆောက်လုပ်ရန်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ကျောင်း ၁၀ ကျောင်းကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ လှသင်းမောင်ကျေးရွာ အလက(ခွဲ)ကို ခွင့်ပြုငွေ ၃၂ ဒသမ ၄ သန်း၊ ကညွတ်ကွင်းမြို့ အမက(မူလွန်)ကို ခွင့်ပြုငွေ ၇၅ ဒသမ ၆ သန်း၊ ဖြူးမြို့ အမက(မူလွန်)ကို ခွင့်ပြုငွေ ၄၃ ဒသမ ၂ သန်း၊ ဖြူးမြို့ စာရေးလမ်း အမကကျောင်းကို ခွင့်ပြုငွေ ၇၅ ဒသမ ၆ သန်း၊ ထန်းပင်ကုန်းရွာ အမကကျောင်းကို ခွင့်ပြုငွေ ၃၂ ဒသမ ၄ သန်း၊ ကီလားရွာအနောက် အမကကျောင်းကို ခွင့်ပြုငွေ ၃၂ ဒသမ ၄ သန်း၊ ရွာသစ်ကြာအင်းကျေးရွာ အမကကို ခွင့်ပြုငွေ ၂၁ ဒသမ ၆ သန်း၊ မျက်နီကွင်းရွာအမကကို ခွင့်ပြုငွေ ၂၁ ဒသမ ၆ သန်း၊ သစ်ချဆိပ်ရွာ အမကကို ခွင့်ပြုငွေ ၂၁ ဒသမ ၆သန်းနှင့် လေးအိမ်စုရွာအမကကို ခွင့်ပြုငွေ ၂၁ ဒသမ ၆ သန်းဖြင့် ကျောင်းအဆောက်အအုံဟောင်းများကို ဖျက်သိမ်းပြီး အသစ်တည်ဆောက်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ခွင့်ပြုမိန့်ရရှိပြီးသော ကျောင်း အဆောက်အအုံများကို ၂၀၁၅-၂၀၁၆ ပညာ သင်နှစ်အတွင်း အပြီးဆောက်လုပ်ရမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



အသစ်တည်ဆောက်ရန်ခွင့်ပြုထားသည့် ဖြူးမြို့ စာရေးလမ်းမှ အမကကျောင်းဆောင်။

## မီးဘေးသင့်ပြည်သူများအား လှူဒါန်းရန် ဓာတ်ပုံပြပွဲဖြင့် ရန်ပုံငွေရှာဖွေ

**ထားဝယ် ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်၌ ဧပြီ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်ကျွမ်းမှုကြောင့် အိုးအိမ်များပျက်စီးခဲ့သော မီးဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းရန်အတွက် ထားဝယ်သား ဓာတ်ပုံပညာရှင်များစုပေါင်း၍ ဓာတ်ပုံအရောင်းပြပွဲကို မေ ၂၉ မှ ဇွန် ၂ ရက်အထိ ကျင်းပပြီး ဝင်ငွေရှာဖွေခဲ့ကြောင်း သိရသည်။

ဓာတ်ပုံပြပွဲကို နိုင်ငံတကာဆုကြီးများနှင့် မြန်မာ့အကောင်းဆုံးဓာတ်ပုံပညာရှင်ဆု နှစ်ကြိမ်ရခဲ့သည့် ဦးပြည့်စိုးထွန်း(ပန်းချီ)က စီစဉ်ကြီးကြပ်၍ ထားဝယ်သား ဓာတ်ပုံပညာရှင်များက ဓာတ်ပုံများ ပါဝင်ပြသရောင်းချခြင်းဖြစ်ကာ စုစုပေါင်း ဓာတ်ပုံ ၆၄ ပုံကို ပြသထားပြီး ရောင်းချရသော အနုပညာကြေးများနှင့် ဓာတ်ပုံပညာရှင်များ စုပေါင်းမတည်ထားသောငွေများကို မီးဘေးသင့်ပြည်သူများထံ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့သည့် အဆိုပါဓာတ်ပုံအရောင်းပြပွဲသို့ တနင်္သာရီတိုင်း ဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဓာတ်ပုံဝါသနာရှင် ပြည်သူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## မူးယစ်ဆေးဝါးတားဆီးရေးအသိပညာပေး ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ကော့မှူး ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲနှင့် လူကုန်ကူးမှုတားဆီးရေး အသိပညာပေး ဟောပြောပွဲကို မေ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းတွင် ကျင်းပသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတွင် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး အသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးရေးလှုပ်ရှားမှု မှတ်တမ်းများ၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့သည်။ ညနေပိုင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပပြီး ဆရာမဒေါ်နုနုဝင်းတင်(ပါမောက္ခ-ငြိမ်း)က ပညာရေးနှင့်စိတ်ပညာ ခေါင်းစဉ်ဖြင့် လူငယ်ဖွံ့ဖြိုးမှုနှင့် ပညာသင်ကြားမှုများကိုလည်းကောင်း၊ ဆရာမနီနီနိုင်(သထုံ)က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ကျော်သူရ(ကော့မှူး)**

## ဓမ္မစကူးလ်ကျောင်းများသို့ ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် တက်ရောက်သင်ကြား

**တာချီလိတ် ဇွန် ၂**

တာချီလိတ်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ကျောင်းတော်က တာချီလိတ်မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ဓမ္မစကူးလ်ကျောင်းများ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူပေါင်း ၃၃၂၃ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ကျောင်းတော်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြို့နယ်အတွင်း၌ ဓမ္မစကူးလ်ကျောင်း ၁၄ ကျောင်း၊ တာလေမြို့၊ မိုင်းဖြတ်မြို့၊ မိုင်းယောင်းမြို့၊ မိုင်းဆတ်မြို့နှင့် ထိုင်းနိုင်ငံ-မယ်ဆိုင်မြို့ စသည့်နေရာများ၌ ရှစ်ကျောင်း စုစုပေါင်း ၂၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကာ ဆရာ ဆရာမ ၁၃၅ ဦးဖြင့် သင်ကြားလျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓဘာသာပြန့်ပွားစေရေး၊ လူငယ်များ ဗုဒ္ဓဘာသာဆိုင်ရာ အသိအမြင်များ တိုးတက်စေရေးနှင့် နိုင်ငံတော်အတွက် သားကောင်း သမီးကောင်း ရတနာများပေါ်ထွန်းစေရေးအတွက် ဗုဒ္ဓတရားတော်များကို စနစ်တကျ သင်ကြားပေးလျက်ရှိသည့် ဓမ္မစကူးလ်ကျောင်းတော်-တာချီလိတ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲနှင့် အလှူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ပွဲကို ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ ဟုတ်တက်ခန်းမ၌ မေ ၃၀ ရက်က ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ ပဉ္စမတန်း ကျောင်းသား ကျောင်းသူ ၉၂ ဦး၊ စတုတ္ထတန်း ၅၆ ဦး၊ တတိယတန်း ၄၉ ဦး၊ ဒုတိယတန်း ၄၃ ဦးနှင့် ပထမတန်း ၈၇ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်ယူပြီးမြောက်ကြောင်းလက်မှတ် ပေးအပ်ပွဲတွင် ဓမ္မစကူးလ်ကျောင်းတော်-တာချီလိတ်၏ အလုပ်အမှုဆောင်ဆရာတော်က ဓမ္မစကူးလ်နှင့်စပ်လျဉ်းသည့် သိကောင်းစရာများကို မိန့်ကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက တက်ရောက်လာသူများကိုယ်စား ဓမ္မစကူးလ်ကျောင်းတော် ဖွင့်လှစ်နိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။ ထို့နောက် နာယက ဆရာကြီးဦးလှဝင်းက ဓမ္မစကူးလ်ကျောင်းတော်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ကျောင်းတော်အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးကျော်သီဟက ဓမ္မစကူးလ်ကျောင်းတော်များ ရေရှည်တည်တံ့နိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ဆက်လက်လျှောက်ထားခဲ့သည်။

ထို့နောက် ၂၀၁၄-၂၀၁၅ပညာသင်နှစ်အတွက် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များအား အလုပ်အမှုဆောင် အတွင်းရေးမှူး ဦးနေဦး၊ တွဲဖက်အတွင်းရေးမှူး၊ အလုပ်အမှုဆောင် ဆရာတော်များနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ပြီး ပညာသင်နှစ်အတွင်း ပညာဒါန ကုသိုလ်ရှင်များ၊ အာဟာရကုသိုလ်ရှင်များ၊ အခမ်းအနား အပြင်အဆင်ဖြစ်မြောက်ရေး အလှူရှင်များနှင့် ထာဝရငွေပဒေသာပင် စိုက်ထူ လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ဝေယံလင်း(iprd)**




## လူကုန်ကူးခံရသော ရေလုပ်သားများအား နေရပ်သို့ ပြန်လည်ပို့ဆောင်ပေး

**ရန်ကုန် ဇွန် ၂**

အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခြင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ရေလုပ်သားများအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ ရေးမြို့နယ်အတွင်းမှ ၁၃ ဦးကို တတိယအသုတ်အဖြစ် ပို့ဆောင်ပေးခဲ့သဖြင့် မေ ၃၁ ရက်တွင် နေအိမ်များသို့ ပြန်ရောက်ပြီဖြစ်ကြောင်း သိရသည်။

လူကုန်ကူးခံရသည့် မွန်ပြည်နယ်အတွင်းမှ ရေလုပ်သားများအား ပြန်လည်ပို့ဆောင်ပေးရာတွင် အင်ဒိုနီးရှားနိုင်ငံမှတစ်ဆင့် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် မွန်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက မော်လမြိုင်မြို့ရှိ စမ်းကြီးလူငယ်သင်တန်းကျောင်းသို့ ပို့ဆောင်ကာ ထိုသင်တန်းကျောင်းမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ အုပ်ချုပ်ရေးမှူးများက တာဝန်ခံ၍ လာရောက်ခေါ်ယူကြပြီး နေအိမ်များသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

ရေးမြို့နယ်မှ ရေလုပ်သားများကို ပထမအသုတ်တွင် လေးဦးနှင့် ဒုတိယအသုတ်တွင် ငါးဦးစီခေါ်ယူခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုတတိယအသုတ် ၁၃ ဦးကို မေ ၃၁ ရက်တွင် ခေါ်ယူခဲ့ပြီး မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ကန့်ဘလူမြို့နယ်၌ မိုးစပါးဧက တစ်သိန်းခွဲနီးပါး စိုက်ပျိုးမည်

**ကန့်ဘလူ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း မိုးစပါးဧက တစ်သိန်းခွဲနီးပါးနှင့် အခြားသီးနှံ ဧကလေးသိန်းခွဲကျော်ကို စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ မြို့နယ်အတွင်းရှိ ကျေးရွာများ၌ မိုးစပါးဧက ၁၄၅၉၀၅ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ချက်ကြံ(ရင့်)နှင့် နေကြာစသည့် အခြားသီးနှံများအတွက် ၄၆၉၈၃၀ ဧကစိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ မေ ၂၉ ရက်တွင် ကျင်းပသည့် သီးနှံစုံလျာထားချက်များ တာဝန်ပေးအပ်ပွဲမှ သိရသည်။

အဆိုပါ သီးနှံစုံလျာထားချက်များ တာဝန်ပေးအပ်ပွဲ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်မောင်တို့က သီးနှံများ လျာထားချက်အတိုင်း အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော်မှု၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး စသည့်အချက်များကို ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ချန်ပီယံလိဂ်ဖလားကို ဘယ်အသင်းကိုင်မြှောက်အောင်ပွဲခံမလဲ

**— မိုးမြင့်လင်းလက် —**

ဒီနှစ်ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်ကို ဇွန် ၆ ရက် ညပိုင်းမှာ ဂျူဗင်တပ်နဲ့ ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ နှစ်သင်းစလုံးက ချန်ပီယံလိဂ်မှာ မှတ်တမ်းကောင်းတွေ ရေးထိုးထားနိုင်တဲ့ အသင်းတွေဖြစ်ပါတယ်။ ဘာစီလိုနာက ချန်ပီယံလိဂ်ဖလားကို လေးကြိမ်ဆွတ်ခူးထားပြီး ဂျူဗင်တပ်က နှစ်ကြိမ်ရယူထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်သင်းရဲ့ အားပြိုင်မှုက ကမ္ဘာတစ်ဝန်းကပရိသတ်တွေကို ဖမ်းစားဦးမှာဖြစ်ပါတယ်။

ဂျူဗင်တပ်နဲ့ ဘာစီလိုနာအသင်းတို့ရဲ့ အားပြိုင်မှုကိုကြည့်ရင်တော့ ဂျူဗင်တပ်တို့က ခြေစွမ်းပိုင်းအားနည်းမှုရှိပေမယ့် နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဘာစီလိုနာတို့က တစ်ပွဲနိုင်ပြီး ဂျူဗင်တပ်တို့က နှစ်ပွဲနိုင်ကာ သရေနှစ်ပွဲဖြစ်ထားတာမို့ ဂျူဗင်တပ်ကို လျှော့တွက်ရင် ဘာစီလိုနာတို့ရဲ့ ဖလားသုံးလုံး အိပ်မက်ပျက်ပြယ်သွားနိုင်ပါတယ်။

ထူးခြားတာက ဒီနှစ်ဘောလုံးရာသီမှာ နှစ်သင်းစလုံး ဖလားသုံးလုံးရရှိရေး ရည်မှန်းချက်တွေရှိနေပြီး ဘာစီလိုနာတို့က လက်ရှိမှာ လာလီဂါဖလားနဲ့ စပိန်ဘုရင့်ဖလားတွေရယူထားနိုင်ပြီးဖြစ်ပါတယ်။ ဂျူဗင်တပ်တို့ကတော့ ဒီနှစ်မှာ အကောင်းဆုံးခြေစွမ်းရရှိနေပြီး ဖလားသိမ်းပိုက်ရေးအတွက် ကစားသမားတွေလည်း ဒဏ်ရာပြဿနာ ကြီးကြီးမားမားမရှိတာမို့ ဘာစီလိုနာကို တန်ပြန်တိုက်စစ်တွေမှတစ်ဆင့် ဂိုးရအောင်စွမ်းဆောင်နိုင်ရေး ကြိုးစားရပါလိမ့်မယ်။

ဘာစီလိုနာအသင်းအတွက် ချန်ပီယံလိဂ်မှာ ဂိုးအများဆုံး သွင်းထားတာကတော့ မက်ဆီဖြစ်ပြီး စုစုပေါင်း ၁၀ ဂိုးသွင်းယူထားပါတယ်။ ဂျူဗင်တပ်မှာတော့ တီဗက်ဇ်က ခုနစ်ဂိုးသွင်းယူထားပြီး တိုက်စစ်မှာ ပေါ့ဘာကလည်း အခွင့်အရေးရရင် ဂိုးသွင်းနိုင်သူဖြစ်ပါတယ်။ တိုက်စစ်ပိုင်းမှာတော့ မက်ဆီ၊ နေမာတို့ရဲ့ စွမ်းဆောင်မှုက ပိုကောင်းပြီး ဘာစီလိုနာရဲ့ရလဒ်ကောင်းဖို့ကို ပုံဖော်နိုင်မှုက တီဗက်ဇ်နဲ့ ပေါ့ဘာတို့ရဲ့ ဂျူဗင်တပ်တိုက်စစ်ထက် ပိုပြီး အားကောင်းတာ အမှန်ပါပဲ။

ဘာစီလိုနာတို့က ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာ ပီအက်စ်ဂျီအသင်းကို နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး အကြိုဗိုလ်လုပွဲမှာ နာမည်ကြီးဘိုင်ယန်မြူးနစ်ကို နှစ်ကျော့ပေါင်း ငါးဂိုး-သုံးဂိုးနဲ့ ဖြတ်ကျော်ကာ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာဖြစ်ပါတယ်။ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွေကနေပြီး နောက်ဆုံးဗိုလ်လုပွဲအထိ ဘာစီလိုနာတို့ စုစုပေါင်း ၂၈ ဂိုး သွင်းယူခဲ့သလို ပေးဂိုး ၁၀ ဂိုးရှိခဲ့ပါတယ်။

ဂျူဗင်တပ်တို့ကတော့ ကွာတားဖိုင်နယ်မှာ မိုနာကိုအသင်းကို နှစ်ကျော့ပေါင်း တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲမှာတော့ နာမည်ကြီး ရီးရဲမက်ဒရစ်ကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူကာ အခုလို နောက်ဆုံးဗိုလ်လုပွဲတက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်တို့ဟာ ၁၀ နှစ်တာကာလအတွင်း ချန်ပီယံလိဂ်မှာ ဒုတိယအကြိမ် ဗိုလ်လုပွဲ တက်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဂျူဗင်တပ်တို့ဟာ ဒီနှစ်ချန်ပီယံလိဂ်မှာ ကိုးပွဲဆက်တိုက် ရှုံးပွဲမရှိ ကစားထားနိုင်တဲ့ ခြေစွမ်းပိုင်ဆိုင်ထားပါတယ်။ ဂျူဗင်တပ်တို့ဟာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ကနေပြီး နောက်ဆုံးဗိုလ်လုပွဲအထိ စုစုပေါင်း ၁၆ ဂိုးသွင်းယူခဲ့သလို ပေးဂိုး ခုနစ်ဂိုးရှိခဲ့ပါတယ်။

ဒီနှစ်သင်းမှာ ဂျူဗင်တပ်တို့က ခံစစ်လုံအောင်ကစားပြီး တန်ပြန်တိုက်စစ်နဲ့ ပုံဖော်မှာဖြစ်သလို ဘာစီလိုနာတို့ကတော့ တိုက်စစ်ဖွင့်ကစားကာ အနိုင်ရရှိရေးအတွက် ဖိအားပေးကစားပါလိမ့်မယ်။ ဘာစီလိုနာတို့က ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ရင်တော့ ဖလားသုံးလုံးအိပ်မက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှာဖြစ်တာမို့ ခြေကုန်ထုတ်ပြီး အောင်ပွဲခံနိုင်မို့ ကြိုးစားပါလိမ့်မယ်။

ဘာစီလိုနာအသင်းဟာ အီတလီကလပ်တွေနဲ့ ဆုံတွေ့မှုမှတ်တမ်းကို ကြည့်ရင် စုစုပေါင်း ၃၃ ပွဲကစားခဲ့တဲ့ ရလဒ်မှာ ၁၆ ပွဲနိုင်၊ ၁၁ ပွဲသရေနဲ့ ခြောက်ပွဲရှုံးထားပါတယ်။ ဒါကြောင့် ဂျူဗင်တပ်ကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရဖို့ဆိုတာ ဘာစီလိုနာအတွက် ခက်ခဲနိုင်ပေမယ့် အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ကစားမှာမို့ အဆုံးသတ်မှာ ဘာစီလိုနာတို့ အောင်ပွဲခံဖို့များနေတာတော့ အမှန်ပါပဲ။

ဒါပေမယ့် ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ရေး ပြင်ဆင်ထားတဲ့ ဂျူဗင်တပ်တို့ကလည်း မထင်မှတ်တဲ့ရလဒ်တွေ ဖော်ဆောင်ပြီး ဖလားကိုင်မြှောက် အောင်ပွဲခံသွားနိုင်မလားဆိုတာ ရင်ခုန်စွာစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ॥




## မန်ယူက ခေါ်ယူဖို့ကြိုးစားနေတဲ့ စနိုက်ဒါလင်း

မန်ယူက အာဆင်နယ်ကိုကျော်ပြီး ဆောက်သမ်တန် ကွင်းလယ်ကစားသမား မော်ဂန်စနိုက်ဒါလင်းကို စာချုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ လာမယ့်ရာသီမှာ ပရီမီယာလိဂ်ဖလားကို အရယူဖို့ ကြိုးဝါးထားတဲ့အသင်းဖြစ်တဲ့အလျောက် ကစားသမားကောင်းတွေ ခေါ်ယူဖို့ ပြင်ဆင်နေတဲ့အသင်းပါ။ မန်ယူကလည်း အာဆင်နယ်နဲ့ အပြိုင် လူသစ်တွေ စုဆောင်းဖို့ ကြိုးစားနေတာပါ။ ဒီအတွက် စနိုက်ဒါလင်းကို ခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးက စနိုက်ဒါလင်းကို ပေါင် ၂၅ သန်းအထိ ပေးခေါ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် လူးဝစ်ဗန်ဟားလ်အနေနဲ့ ဆောက်သမ်တန်က ထွက်ခွာသွားနိုင်တဲ့ ကွင်းလယ်ကစားသမား စနိုက်ဒါလင်းကို အရခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ မန်ယူအနေနဲ့ ပြီးခဲ့တဲ့ ရာသီမှာ မိုက်ကယ်ကာရစ် ဒဏ်ရာရထားတဲ့အတွက် ကွင်းလယ်ကစားကွက် လစ်ဟာမှုတွေရှိနေခဲ့ပါတယ်။ ဒီအတွက် နည်းပြဗန်ဟားလ် အနေနဲ့ အသက် ၂၅ နှစ်အရွယ်သာရှိသေးတဲ့ စနိုက်ဒါလင်းကို ခေါ်ယူဖို့ နီးစပ်နေတဲ့ အနေအထားရှိနေပါတယ်။ စနိုက်ဒါလင်းဟာ ၂၀၀၈ ခုနှစ်က ထရာဘော့မှ ဆောက်သမ်တန်သို့ ပြောင်းခဲ့ပြီး ပွဲပေါင်း ၂၃၀ ပါဝင်ကစားပေးနိုင်ခဲ့ပါတယ်။



## အာဆင်နယ်ရဲ့ ကမ်းလှမ်းမှုကို မျှော်လင့်နေတဲ့ ဝေါကော့




အာဆင်နယ်တိုက်စစ်မှူး ဝေါကော့အနေနဲ့ လက်ရှိစာချုပ်မှာ တစ်နှစ်သာကျန်ပါတော့တယ်။ ဒီအတွက် သူ့အနေနဲ့ အာဆင်နယ်ရဲ့စာချုပ်ထပ်မံကမ်းလှမ်းမှုကို မျှော်လင့်နေတဲ့သူဖြစ်ပါတယ်။ အက်စ်တွန်ဗီလာကို လေးဂိုးပြတ်နဲ့ အနိုင်ရတဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ဝေါကော့အနေနဲ့ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အင်္ဂလန်တိုက်စစ်မှူး ဝေါကော့ဟာ အာဆင်နယ်နဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်မှာ တစ်နှစ်သာကျန်တော့တဲ့အတွက် စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ ဆန္ဒပြင်းပြနေပါတယ်။ အာဆင်နယ်မှာ ကျွန်တော်ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ ကျွန်တော်ယုံကြည်မှုအပြည့်အဝရှိပါတယ်။ လာမယ့်ရာသီမှာလည်း အာဆင်နယ်အသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားပါတယ်လို့ ဝေါကော့က ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ ၁၂ ကြိမ်မြောက် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့ပါပြီ။ အက်ဖ်အေဖလားကို ကာကွယ်ပေးနိုင်ခြင်းကပင် လာမယ့်ရာသီမှာ ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်တဲ့ ခြေစွမ်းကို ပြသနိုင်ခြင်းပါပဲလို့ ဝေါကော့က ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ချယ်လ်ဆီးသို့ ရောက်လာဖွယ်ရှိနေတဲ့ ဖယ်ကာအို

ပြီးခဲ့တဲ့ရာသီက မန်ယူမှာခြေစွမ်းမပြနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖယ်ကာအိုကို ချယ်လ်ဆီးက ခေါ်ယူသွားဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။ မိုနာကိုနဲ့ ချယ်လ်ဆီးတို့အကြား ဖယ်ကာအိုကို ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ တိုက်စစ်မှူး ဖယ်ကာအိုအနေနဲ့လည်း ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားဖို့ စိတ်အားထက်သန်မှုတွေ ရှိနေတယ်လို့ ဆိုပါတယ်။ လက်ရှိမှာတော့ ဖယ်ကာအိုကို မိုနာကိုက တစ်ပတ် ပေါင် ၂၆၅၀၀၀ ပေးထားပါတယ်။ ကိုလံဘီယာတိုက်စစ်မှူးအနေဖြင့် ချယ်လ်ဆီးရဲ့ ကမ်းလှမ်းမှုကို လက်ခံဖို့အဆင့်ရှိနေတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေနဲ့လည်း ဖယ်ကာအိုကို ခေါ်ယူဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။ ဖယ်ကာအိုအနေနဲ့ ပြီးခဲ့တဲ့ရာသီက မန်ယူအသင်းမှာ အကောင်းဆုံးခြေစွမ်းမပြနိုင်ခဲ့ခြင်းအပေါ် အားမလိုအားမရဖြစ်နေပြီး ပရီမီယာလိဂ် ပရိသတ်အတွက် သူ့ရဲ့ခြေစွမ်းအမှန်ကို ပြန်လည်ပြသခွင့်ရဖို့ ကြိုးစားနေပါတယ်။ နည်းပြ မော်ရင်ဟိုအနေနဲ့ ဖယ်ကာအိုကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင်တော့ အင်္ဂလန်မြေပေါ်မှာ ခြေစွမ်းအမှန်ကို ပြန်လည်ပြသနိုင်တဲ့ အခွင့်အလမ်းရှိလာမှာ ဖြစ်ပါတယ်။

# ခြေတုလက်တုစက်ရုံနှင့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးကုသဆောင် အုတ်မြစ်ချအခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇွန် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ကုန်ကျငွေ ၁ ဒသမ ၉ဘီလီယံဖြင့် ဆောက်လုပ်လှူဒါန်းမည့် ခြေတုလက်တုစက်ရုံနှင့် ၅၇ ခုတင်ဆံ့ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး ကုသဆောင်တို့အတွက် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက ဆေးရုံဝင်းအတွင်း ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ICRC မှ Mr. Didier Reck နှင့် Mrs.Claudia Matter တို့က သတ်မှတ်နေရာတွင် အုတ်မြစ်ချပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။



ယင်းနောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ Mr. Didier Reck က ဆေးရုံဆောက်လုပ်ရသည့် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ကိုယ်ကာယပြန်လည်သန်စွမ်းရေး အကူအညီများကို လိုအပ်သူတိုင်းရရှိနိုင်ပြီး လုပ်ငန်းအရည်အသွေးမြင့်မားလာစေရန်နှင့် အကူအညီပေးမှု အစီအစဉ်များ ရေရှည်တည်တံ့ခိုင်မြဲစေကာ ကချင်ပြည်နယ်အတွင်း ကိုယ်ကာယ ပြန်လည် သန်စွမ်းရေးနှင့် ခြေတုလက်တု လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပထမဆုံးအကြိမ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်းနှင့် အဆောက်အအုံများ ဆောင်ရွက်ပြီးစီးသည့်အခါတွင်လည်း ကျွမ်းကျင်ဝန်ထမ်းများကို တာဝန်ပေးအပ်ပြီး နိုင်ငံသား ဝန်ထမ်းများနှင့်အတူ လက်တွဲ၍ လုပ်ငန်းများလွှဲပြောင်း တာဝန်ယူနိုင်သည်အထိ မိမိတို့ဌာနမှ နည်းပညာရှင်များကို ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ အဆောက်အအုံကို ICRC မှ ဗိသုကာပညာရှင်က ဒီဇိုင်းရေးဆွဲပေး၍ ပရောဂျက်မန်နေဂျာကိုလည်း ICRC မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားကုမ္ပဏီတစ်ခုဖြစ်သည့် မနော‌ဧရာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မူးယစ်ဆေးဝါး ပပျောက်ရေး ပညာပေး

**ကွန်ဟိန်း ဇွန် ၂**

လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့မကျေးရွာအုပ်စု သိန်းဖုံကျေးရွာတွင် မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးလုပ်ငန်းများကို မေ ၃၁ ရက်က သိန်းဖုံကျေးရွာ ကက်သလစ်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ မြို့မရဲစခန်းမှူး၊ မူးယစ်အထူးအဖွဲ့မှ ဒုရဲအုပ်နှင့် မြို့နယ် မြေစာရင်းဦးစီးမှူးတို့က မူးယစ်းအန္တရာယ်အကြောင်း၊ မြေလွတ်များတွင် ဘိန်းအစားအခြားသီးနှံစိုက်ပျိုးရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်ယာ စိုက်ခင်းသုံး ပိုးသတ်ဆေး ပြုလုပ်နည်း လက်တွေ့ပြသခြင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းရင်းဆေးသေတ္တာများပေးအပ်

**လယ်ဝေး ဇွန် ၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ကျေးရွာပေါင်း ၂၆၁ ရွာမှ ဒေသခံပြည်သူများအတွက် တိုင်းရင်းဆေးသေတ္တာများပေးအပ်ခြင်းကို မေ ၃၀ ရက် မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးကုဦးစီးဌာနမှ နေပြည်တော် တိုင်းဦးစီးဌာနမှူး ဦးထွေးမောင်က တိုင်းရင်းဆေးသေတ္တာ ပေးအပ်ရခြင်းရည်ရွယ်ချက်များနှင့် တိုင်းရင်းဆေးသေတ္တာတွင် ပါဝင်သောဆေးအမျိုးအစားများ၊ အသုံးပြုနည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်ထံသို့ တိုင်းရင်းဆေးသေတ္တာ ၂၆၁ လုံးကို ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့သည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

# ဗုဒ္ဓသာသနာစာမေးပွဲနှင့် ယဉ်ကျေးလူငယ်တွေ့ဆုံပွဲ ကျင်းပ

**နတ်မောက် ဇွန် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာနှင့်ကန်စွယ်ရွာတွင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တဝိဇ္ဇောဒယနှင့် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံကျောင်း(ယောဆရာတော်ကျောင်း)တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီ ကဥ္စနာဘိဝံသ (ပိဋကတ်နှစ်ပုံအောင်)ဆရာတော် ဦးဆောင်၍အောင်ပြည့်ငြိမ်းချမ်း ကျွဲတဲကျောင်းတိုက် သဒ္ဓမ္မပီတိ သန္တိသုခအသင်းကြီးမှ စတုတ္ထအကြိမ်မြောက် ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု နှုတ်ဖြေ၊ ရေးဖြေစာမေးပွဲကြီးနှင့် ယဉ်ကျေးလိမ္မာ လူငယ်ပေါင်းစုံတွေ့ဆုံပွဲတော်ကို မေ ၂၂ ရက် (၁၃၇၇ ခုနှစ် နယုန်လဆန်း ၅ ရက်)က ကျင်းပသည်။ အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၉၄၄ ဦးနှင့် ပတ်ဝန်းကျင် ကျေးရွာပေါင်း ၁၄ ရွာမှ အုပ်ချုပ်ရေးမှူးများနှင့် မိဘများ တက်ရောက်ခဲ့သည်။

**အောင်သန်းထွန်း(နတ်မောက်)**








*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့ သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလ ထုတ်မှစတင်၍ လစဉ်မပြတ်ရေးသား ခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာ ရဲချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဉတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ကြေးရုပ်တွေနဲ့ လမ်းမတော်

ဆူးငှက်

မန်း. . . သီ. . . တာ. . . ဉယျာဉ်၊
မန်းသီတာဉယျာဉ်၊
မန်း . . . သီ. . . တာ. . . ဉယျာဉ်၊
မန်းသီတာဉယျာဉ်၊

ကျွန်တော်ငယ်ငယ်က ဘူတာကြီး လူကူးခုံးကျော် တံတားပေါ်ရောက်တိုင်း မြောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်မိပါသည်။ မန္တလေးသားတွေကတော့ ထိုနေရာကို တံတားကုန်းကြီးဟု ခေါ်ကြသည်။ တံတားကုန်းကြီးပေါ်မှ မြောက်ဘက်သို့ မျှော်ကြည့်လေတိုင်း ကောင်းကင်ယံတွင် နီယွန်မီးစာလုံးကြီးများ တစ်လုံးစီပေါ်နေတာ လှမ်းမြင်ရနေရ၏။ နီယွန်မီးစာလုံးကြီးများထိပ်မှာ မီးလုံးလေးတွေ လှည့်ပတ်ပြေးနေသည့် မီးဆိုင်းလုံးကြီးရှိသည်။ မီးလုံးဝါဝါလေးတွေ တဖျပ်ဖျပ်။

နီယွန်မီးများက ဧရာမစာလုံးကြီးတွေကို တစ်လှည့်စီ လှစ်ပြနေ၏။ စာလုံးပုံက အချိုးကျသော လက်ရေးစာလုံးမို့ ခေတ်မီလှပါသည်။ ဟော---

မန်း. . . .။ တဲ့။

ဟော

သီ. . . .။ တဲ့။

ဟော

တာ. . . ။ တဲ့။

နောက်မှ ထိုစာလုံးများထက် အချိုးအနည်းငယ်သေးသော ခရမ်းရောင် 'ဉယျာဉ်' ဆိုသည့် စာလုံးက ဆက်တိုက်လင်းလာ၏။ ပေါ်လာသည့် စာလုံးတွေကို ဖတ်ကြည့်လိုက်တော့

'မန်း . . . သီ. . . တာ. . . ဉယျာဉ်'

'မန်း . . . သီ. . . တာ. . . ဉယျာဉ်. . . ' ဟူလို။

နီယွန်စာလုံးတွေက နီလိုက်၊ ဝါလိုက်၊ စိမ်းလိုက်၊ ကျုံးရေပြင်တွင် ပတ္တမြား၊ ရွှေရည်၊ ဂန္ဓာလရာဇ်ကျောက်စိမ်း၊ နီလာတို့ အရည်ပျော်ကျနေလေသည်။

အလွန်လှပသော ထိုနီယွန်မီးစာလုံးလေးများကို တစ်နယ်တစ်ကျေး ခရီးဝေးမှပြန်လာပြီး မန္တလေးဘူတာကြီးက ထွက်လာသည်နှင့် လှမ်းမြင်လိုက်ရသောအခါ အိမ်လွမ်းစိတ်ပြေပျောက်ပြီး အမောပြေရသည်ချည်း ဖြစ်သည်။

သည်တုန်းက မန္တလေးမှာ နီယွန်မီးဆိုင်းဘုတ်ဆို၍ (၈၄)လမ်းက 'နဂါးဆေးလိပ်'၊ (၈၃) လမ်း 'ရှားမီး'၊



တောင်ကျုံးထောင့်ရှိ 'ရှေ့သို့ဆိုလျှင် လုပ်သားပြည်သူ့နေ့စဉ်ဖတ်မှုဖြစ်မယ်' နှင့် 'မန်းသီတာဉယျာဉ်'များပဲ ရှိသည်။ သည်အထဲ 'မန်းသီတာဉယျာဉ်' ဆိုင်းဘုတ်က အလှဆုံး၊ အကြီးဆုံး။ အမြင့်က ပေ ၃၀ လောက်ရှိမည်။ စာလုံးတစ်လုံးကလည်း ခြောက်ပေကျော်လောက်ရှိမှာပေ့ါ။

နောက်တော့ အပေါ်က မီးပန်းဆိုင်းအလုံးကြီးက မီးလုံးတွေမလင်းတာက များလာ။ အရင်လို မပြေးမလွှား. . .။ 'မန်း' စာလုံးက ပျောက်ချင်ပျောက်နေ။ မပျောက်လျှင် အမြဲလင်းနေ. . .။ 'သီ' စာလုံးက ဘယ်တော့မှ မီးမလာတာမျိုး. . .။ ထို့အတူ 'တာ' စာလုံး. . .။ 'ဉယျာဉ်' စာလုံး. . .။

နောက်တော့ နီယွန်စာလုံးမဟုတ်ဘဲ မီးလုံးတွေ တန်းစီထွန်းထားသည့် စာလုံးမျိုးဖြစ်သွားပြန်သည်။ မန်းသီတာဉယျာဉ်သည် 'မ' သုံးလုံးနယ်မြေသို့ အောင်မာဃစစ်ဆင်ရေးဆင်နွှဲသည့်အခါ ဗိုလ်အာဇာဝကအား ဖမ်းဆီးနိုင်သည့်အတွက် အနောက်မြောက်ပိုင်းစစ်ဌာနချုပ်သို့ ချီးမြှင့်သည့် ဆုငွေများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ ထိုစဉ်က တိုင်းမှူးမှာ ဗိုလ်မှူးချုပ်စန်းယုဖြစ်သည်။

ယခင်က (၇၈)လမ်းနှင့် အာဇာနည်လမ်းဆုံ အနောက်ဘက်မှာ ဓာတ်ဆီဆိုင်ရှိသည်။ ခပ်လွယ်လွယ် ကျုံးထောင့်ဓာတ်ဆီဆိုင်ဟု ခေါ်ကြသည်။ ဓာတ်ဆီဆိုင် တစ်ထပ်တိုက်လေးဘေးနားမှာ အာဇာနည်လမ်းမဘက် မျက်နှာမူပြီး ဆိုင်းဘုတ်လေးတစ်ခု ရှိခဲ့ဖူးသည်။ အဝါခံ အနက်စာလုံးများနှင့်။

**တိရစ္ဆာန်များကို မစားခြင်းဖြင့် သူတို့အား ကြင်နာပါတဲ့**

အခု ဓာတ်ဆီဆိုင်လည်း မရှိတော့၊ ဓာတ်ဆီဆိုင်တောင်ဘက်က အမိုးခုံးကြီးနှင့် မီးရထားဂိုဒေါင်လည်း မရှိတော့။ 3 BROTHERS ကုမ္ပဏီ၏ အဆောက်အအုံသစ်ကြီးတွေ တည်ဆောက်နေသည်။ နှစ်ချီကြာနေသော်လည်း လက်စမသပ်သေး။ ခပ်နှေးနှေး၊ ခပ်လေးလေးနှင့် တရွေ့ရွေ့ ဆောက်နေပုံရသည်။

သူနှင့်မျက်နှာချင်းဆိုင် အရှေ့ဘက်မှာ ပြပေါက်နီးပါးကျယ်သော ဝင်းကြီးတစ်ခုရှိ၏။ အခုတော့ အုတ်ကျိုးအုတ်ပဲ့၊ အသားတိုစ၊ ချုံပုတ်အမှိုက်များနှင့် ရွာပျက်ကြီးတစ်ခုလို ကျန်ရစ်သည်။ မနှစ်ကမှ ပြောင်းရွှေ့သွားရသော တိုင်းလျှပ်စစ်ရုံးဝင်းကြီးဖြစ်၏။ မန္တလေးကတော့ ထိုဝင်းကြီးကို 'ဓာတ်စက်ရုံ' ဟု ခေါ်ကြသည်။ ဓာတ်စက်ရုံ အခေါ်အဝေါ်ကလည်း သမိုင်းကြောင်း ရှိသည်။

မန္တလေးတွင် ဓာတ်ရထားလမ်းကို ပထမဆုံး ၁၉၀၄ ခု ဇူလိုင်လ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့၏။ ရုံးကြီးကနေ ဂေါဝိန်အထိဖြစ်သည်။ ရုံးကြီးကနေ လမ်း(၃၀)အတိုင်း အနောက်တည့်တည့် ဆေးရုံကြီးရှေ့ဖြတ်၊ ဘူတာကြီးကို လာ၊ ဘူတာကြီးရောက်တော့ မြောက် (၇၈)လမ်းအတိုင်း သွား၊ ကျုံးရောက်တော့ အနောက်ချိုး၊ အာဇာနည်လမ်း အတိုင်း နာရီစင်ဖြတ်၊ ပိုက်ကျုံးလာ. . .။ သစ်တောရုံး ရောက်တော့ တောင်ချိုး. . . အေလမ်းထိ. . .။ အေလမ်းရောက်မှ အနောက်ချိုးပြီး ဂေါဝိန်သွားသည်။ ရုံးကြီးမှ ဂေါဝိန်ကို ၆ ပြားပေးရ၏။

၁၉၀၇ ခုနှစ်ရောက်တော့ (၈၄)လမ်း အတိုင်း တောင်ဘက်၊ မဟာမုနိဘုရားကြီးနဲ့ ရှမ်းစုဘူတာအထိ တစ်လမ်းထပ်ချဲ့ပါသည်။ မန္တလေးဓာတ်ရထားတွေကို ပြေးဆွဲသော ကုမ္ပဏီမှာ Dick Kerr & Co. Ltd of Preston, London ဖြစ်၏။ ကာလကတ္တား၊ မက်ဒရစ်၊ ဘာစီလိုနာစတဲ့ မြို့ကြီးတွေမှာလည်း ဓာတ်ရထား လုပ်ငန်းတွေ ဖွင့်ခဲ့သည်။ မန္တလေးမှာ အရင်းငွေ ပေါင်စတာလင် နှစ်သိန်းနဲ့ စတင်ခဲ့သော မန္တလေးဓာတ်ရထားကို မြန်မာပြည်ဘုရင်ခံ ဆာဟာရူးဘားနီးစ် က ဖွင့်လှစ်ပေးခဲ့သည်။

မန္တလေးမှာ ဓာတ်ရထားအစင်းပေါင်း ၂၄ စင်းထားရှိသည်။ ဓာတ်ရထားတွေမှာ တစ်ထပ်ရထား တွေ၊ လူ ၄၈ ယောက် ကျယ်ကျယ်ဝန်းဝန်း စီးနိုင်အောင် ဘေးဖွင့် ဘိုဂီတွေဖြစ်သည်။

ဓာတ်ရထားကုမ္ပဏီ ရုံးခန်း၊ ဓာတ်အားပေးစက်ရုံ၊ ဓာတ်ရထားတွေပြင်ဖို့နေရာ၊ သိမ်းဆည်းထားသိုဖို့ နေရာတွေကို (၇၈)လမ်းနှင့် အာဇာနည်လမ်းထောင့် ဓာတ်စက်ရုံနေရာမှာ ထားရှိသည်။ ထိုခေတ်က ဓာတ်ရထားဌာနသည် ခေတ်အမီဆုံးဌာနကြီးဖြစ်သည်။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

## အင်းပေါက်ဝ အုပ်စု ကုမ္ပဏီလီမိတက် အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု (ပြည်နယ်အဆင့်) တွင် နိုင်ငံတော် အတွက် "ဘဏ္ဍာထူးချွန်အခွန်ထမ်းဆု" များကို ချီးမြှင့်ရာတွင် Inn Pauk Wa Group of Companies တွင်ပါဝင်သော

➢ **အင်းပေါက်ဝကုမ္ပဏီလီမိတက်** အနေဖြင့် **ပထမဆု** ကို (၂)နှစ်ဆက်တိုက်ရခဲ့ပါသည်။

➢ အဆိုပါအုပ်စုကုမ္ပဏီလီမိတက်တွင်ပါဝင်သော **ရွှေမင်းဂံကုမ္ပဏီလီမိတက်** သည်လည်း ၂၀၁၄ခုနှစ်တွင် **ဒုတိယဆု**ကို ရရှိခဲ့ပြီး ၂၀၁၅ခုနှစ်တွင် **တတိယဆု** ကိုရရှိခဲ့ပါသည်။

သို့အတွက်အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်နောင်နှစ်များတွင်လည်းယခုကဲ့သို့နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပြီးနိုင်ငံ့အကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌လည်း တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

- ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက်
- သဖင့်ဂုဏ်ရောင်ကုမ္ပဏီလီမိတက်
- Asia Pacific Management Holdings Pte.Ltd
- Good Life Purified Drinkinking
- သက်တန့်ရောင်စက်သုံးဆီအရောင်းဆိုင်များ
- Western Myanmar Multi Development Public Co.,Ltd.
- ဝိုးအင်းလန်းဖွံ့ဖြိုးရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
- ရခိုင်ဘက်စုံကုန်သွယ်မှုကုမ္ပဏီလီမိတက်
- Shwe Family Holdings Pte.Ltd
- Mrauk Oo Nawarat Hotel
- ရွှေရိုးမစက်သုံးဆီအရောင်းဆိုင်များ
- BMG ရေသန့်စက်နှင့်ရေခဲစက်လုပ်ငန်း
- Vaguard Myanmar Co;Ltd

# ခမောက်ကြီးမြို့တွင် ချောင်းကူးဘေလီတံတားတည်ဆောက်

**ခမောက်ကြီး ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီးကော့သောင်းခရိုင် ခမောက်ကြီးမြို့တွင် နယ်စပ်ဒေသကျေးရွာများသို့ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် Kanl ကုမ္ပဏီက ချောင်းကူးဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၅ခုနှစ် မတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ မေလ ၃၀ ရက်အတွင်း လုပ်ငန်းအားလုံး၏ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာအရှည်ပေ ၃၂၀ ၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၄ ပေ၊ နှင့် ၃ ပေပတ်လည်ကွန်ကရစ်တိုင် ၅၄ လုံးဖြင့် ငွေကျပ် ၁၃၅၀ သိန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါတံတားပြီးစီးပါက နယ်စပ်ဒေသကျေးရွာများနှင့် ကော့သောင်းမြို့သို့ ဆက်သွယ်သွားလာမှု ကောင်းမွန်မြန်ဆန်ချောမွေ့လာမည်ဖြစ်ပြီးဒေသခံပြည်သူများနှင့် ဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများ တိုးတက်ကောင်းမွန်လာမည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက် ကြည်နူးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ဇွန်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ဇွန်လ ပထမ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအား အသင့်အတင့်မှအားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

မိုးရွာသွန်းမှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင်ရွာသွန်း မြဲအောက် လျော့ကာ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၅ ပေမှ ၇ ပေ ခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၃ပေမှ ၅ပေခန့်၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ပေခန့် လက်ရှိရေမှတ်များ၏ အထက်မြင့် တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၄ပေမှ ၅ ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် ၂ပေမှ ၃ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။ **မိုး/ဇလ**

# ပိုးသတ်ဆေးနှင့်ခြင်ဆေးခွေများ ရောင်းချခြင်း စစ်ဆေး

**ကလော ဇွန် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ်အောင်ပန်းမြို့မဈေး၊ ပြည်သာယာဈေးနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ရောင်းချသော ဈေးဆိုင်များသို့ ကလောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့ဖြင့် မေ ၂၈ ရက်တွင် တရားမဝင်ပိုးသတ်ဆေးနှင့်ခြင်ဆေးခွေများ ရောင်းချခြင်းရှိမရှိ စစ်ဆေးခဲ့သည်။ အဆိုပါစစ်ဆေးရေးအဖွဲ့သည် ဈေးဆိုင်များအား မြန်မာစာတန်းမပါသော ပိုးသတ်ဆေးများကို ရောင်းချခြင်းမပြုရန်၊ အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြို့နယ်လုံးကျွတ်ကျောင်းအုပ်နှံရေးနေ့မင်္ဂလာတောင်ညွန့်၌ကျင်းပ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၀ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ပညာရေးမှူးဒေါ်တင့်တင့်က ကျောင်းနေရွယ်ကလေး ကျောင်းနေရေးလုပ်ငန်းအစီအစဉ်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ကျောင်းနေရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး တက်ရောက်ပြီး လမ်းညွှန်အမှာစကားပြောကြားသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**





ယခုရာသီတွင် တင်းဝါးများ မြင်းမူဆိပ်ကမ်းနှင့် မြစ်ပေါက်ရွာ ဆိပ်ကမ်းတို့တွင် အဆက်မပြတ် ဝင်ရောက်လေ့ရှိရာ ဇွန် ၁ ရက်က ဝါးများ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရန် ဆိပ်ကမ်း၌ ကားများပေါ်သို့ တင်ဆောင်နေကြစဉ်။ (၀၇၉)

# စံပြရဲရေးဖြေစာမေးပွဲကျင်းပ

**မန္တလေး ဇွန် ၂**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအဆင့် စံပြရဲရေးဖြေစာမေးပွဲကို မေ ၃၀ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းမွမ်းမံသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာမေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမန္တလေး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ရမည်းသင်းနှင့် ညောင်ဦးခရိုင်တို့မှ အရာရှိအရာခံ အကြပ်ရဲတပ်သားတပ်ဖွဲ့ဝင်များ လာရောက်ကြိုဆိုကြပြီး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ကိုယ်စားဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်ဦးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**


## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ (ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။)

**ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀**






# အခန်းပိုင်ဘဝသို့ချက်ခြင်းပြောင်းလဲပေးမည့်

# iGREEN

## လစဉ်(၄)သိန်းခန့်အတိုးပေးရန်မလို

# ၁၀နှစ်

## ငွေချေစနစ်

သိန်း (၆၀၀)
တန် အခန်း

## မြေပိုင်မြေ (၁.၅) ဧက

## ပေါ်တွင်ဆောက်လုပ်မည်

iHOME
APARTMENT

ဘုံပိုင်မြေစနစ်၊ Swimming Pool & GYM, (၁)ခန်းလျှင်ကားပါကင်(၁)နေရာရမည်

## မြေရှင် - iGREEN DEVELOPER - iGREEN
## CONSTRUCTION - iGREEN

**iGREEN Head Office -** 30၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။

**iGREEN Show Room -** 82/A၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့။

ဇွန်( 6 )၊( 7 ) Junction Square တွင်ရောင်းမည့်

# သိန်း( ၂၀ )ယူပြီး တန်းစီမှ အခန်းရဖို့ သေချာမယ်နော်


iHOME APARTMENT



## ၂၀၁၆ စဆောက်၊ ၂၀၁၇ အခန်းအပ်

## ၁၀၀ ခန်းတွက် ဝယ်ခွင့် iGREEN မှတာဝန်ယူမည်


အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရမည် မှတ်ပုံတင် သန်းခေါင်စာရင်းမိတ္တူပါရမည်




629 Sq-ft

## လစဉ် ၄ သိန်းခန့်

ပေးရုံဖြင့်အခန်း ပိုင်နိုင်မည့် အခွင့်အရေး




Site လေ့လာသူများအတွက် ဇွန်လ( 1 )ရက်နေ့မှ( 5 )ရက်နေ့ထိ

Location Map မှမြားတလျှောက်တွင် iGREEN မှဝန်ထမ်းများကြိုဆိုပြီးလိုက်လံပြသပေးပါမည်

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# သရေစည်သူ ဦးသိန်းထိုက်

ပြည်ထောင်စုစာရင်းစစ်ချုပ်

ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)

မိသားစုနှင့် ခွဲခွာကွယ်လွန်ခဲ့သည်မှာ ဒီနေ့ ၃-၆-၂၀၁၅ရက်တွင် (၁)လပြည့်ခဲ့ပါပြီ။ မိသားစုအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် စောင့်ရှောက်ပြီး အေးချမ်းသော အရိပ်အာဝါသပေးခဲ့သည့် ချစ်ခင်ပွန်း၏ ကျေးဇူးတရားများအား နေ့စဉ်သတိရလျက်ပါ။

ယနေ့ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းခဲဖွယ်ဘောဇဉ်နှင့် ပစ္စည်းလေးပါးလှူဒါန်းခြင်း၊ သက်ရှိထင်ရှားရှိစဉ်ကပင် လစဉ်မပြတ် လှူဒါန်းခဲ့သော ပျဉ်းမနား ဘိုး၊ ဘွားရိပ်သာနှင့် သီလရှင်ဆရာလေးများအား ဒါနအစုစုကို ရည်စူးလှူဒါန်းပါသည်။ ပြုခဲ့သမျှသော ကောင်းမှုအားလုံးကို အမျှပေးဝေပါသည်။ အမျှရ၍ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီးလျှင် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရှိ မျက်မှောက်ပြုနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဖေဖေရေ-အမျှ…အမျှ…အမျှ…

လွမ်းဆွတ်ကြေကွဲခြင်းများစွာဖြင့်

ချစ်ဇနီး 'မြ'
ချစ်သမီးကြီး
ချစ်သမီးငယ်
ချစ်သားငယ်

---

## ဒေါ်ကြည်ကြည်

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၇၄/စီ)နေ (အငြိမ်းစားသံအမတ်ကြီး ဒေါက်တာကျော်ဝင်း)၏ချစ်လှစွာသောဇနီး၊ (ဦးချစ်မောင်-ဒေါ်သန်းမြင့်)တို့၏သမီး၊(ဦးဖိုးစ-ဒေါ်ခင်လေး)တို့၏ချွေးမ၊ ဒေါက်တာထွဋ်ကျော်ဝင်း(ခေတ္တ-USA)၊ ဒေါ်အေးစန္ဒာကျော်ဝင်း(ခေတ္တ-UK)-ဦးအောင်ကျော်စိုး၊ ဦးအောင်ကျော်ဝင်း-ဒေါ်ကြည်ကြည်စန်းတို့၏ ချစ်လှစွာသောမိခင်၊ မသံသာကျော်စိုး(ခေတ္တ-UK)၊ မဆုနဒီကျော်ဝင်းတို့၏အဘွားသည် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သီတာ (လက်ထောက်မန်နေဂျာ)

**မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)(စာရင်းဌာန)၊ နေပြည်တော်**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ယူကလစ်မြိုင်လမ်း၊ ၂၈၅/၆နေ (ဦးအောင်ငွေ)-ဒေါ်ကြည်လေးတို့၏သမီးကြီး၊ ဦးဝင်းနိုင်-ဒေါ်ကျော့ကျော့လှိုင်တို့၏ညီမ၊ ဦးတင်ထွန်း-ဒေါ်စန္ဒာ၊ ဦးဝင်းကိုကို-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ မဇင်သူသူဟန်၊ မောင်ကောင်းကျော်သူဟန်၊ မချိုတိုး၊ မသန့်သန့်သော်တာ၊ သန့်သော်ဝင်း၊ ဖွဲ့ညီညီတို့၏အဒေါ်၊ ဦးငွေသိမ်းမောင်(မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်၊ နေပြည်တော်)၏ဇနီးသည် ၂-၆-၂၀၁၅ရက် နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းနု

**အသက်(၄၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊အင်းစိန်လမ်းမကြီး၊ အမှတ်(၁)ဖိနပ်စက်ရုံဝန်ထမ်းအိမ်ရာနေ ဦးဌေးလွင်-ဒေါ်အုန်းမြင့်တို့၏သမီး၊ ဒေါ်နီနီဝင်း၊ ဦးရဲလင်းအောင်-ဒေါ်ဆွေဇင်ဝင်း၊ ဦးမိုးကျော်သူ - ဒေါ်ခင်လှလှ၊ ဦးအောင်သူ-ဒေါ်မြတ်စုဝင်း၊ ဦးမြတ်မင်းဇော် - ဒေါ်ခင်ဌေးဌေးကျော်တို့၏အစ်မ၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊ အမှတ် ၂၁နေ (ဦးစိုးလှိုင်) - ဒေါ်မြသင်တို့၏ သမီးချွေးမ၊ ဦးမောင်မောင်ဇော် (ရိုးမဘဏ်)-ဒေါ်ဌေးဌေးရီ (က/မ၊ ငြိမ်း)၊ ဗိုလ်မှူးသိန်းထွန်း (မြဝတီစာပေတိုက်) - ဒေါ်မြင့်မြင့်ဦးတို့၏ ညီမ၊ ဦးကျင်ငြိမ်း-ဒေါ်ရီရီစိုး (ကျန်းမာရေးဓာတ်ခွဲ)၊ ဦးလှမျိုး(ရိုးမဘဏ်)-ဒေါ်အမာကြည်တို့၏အစ်မ၊ (မောင်အောင်ကိုကို)၏မိခင်၊ ဦးအောင်သူ၏ချစ်လှစွာသောဇနီးသည် ၃၁ -၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## မောင်အောင်ကိုကို(ခ)

## ဖိုးလပြည့် အသက်(၁၈)နှစ်

မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ဖိနပ်စက်ရုံဝန်ထမ်းအိမ်ရာနေ ဦးဌေးလွင်-ဒေါ်အုန်းမြင့်၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆လမ်း၊အမှတ် ၂၁နေ (ဦးစိုးလှိုင်)-ဒေါ်မြသင်တို့၏မြေး၊ ဦးအောင်သူ - (ဒေါ်စန်းစန်းနု)တို့၏ ချစ်လှစွာသောသားသည် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၆ လမ်း၊ အမှတ် ၂၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်နွယ်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ကုန်းမြင့်ရိပ်သာလမ်း၊အမှတ် 9Aနေ(ဦးကျင်မောင်-ဒေါ်ငွေမိုး)တို့၏သမီး၊(ဦးဗိုရား-ဒေါ်ကျောက်တီ)တို့၏ချွေးမ၊ (ဦးစိန်ဝင်း)၏ဇနီး၊ American နိုင်ငံ Sanfrancisco မြို့နေ Jhon Wong-ဒေါ်ဝင်းပပမျိုး၊ ဦးကျော်မိုးရှိန်-ဒေါ်ဇင်မာဝင်း၊ ဦးသန်းဇော်ဝင်း-ဒေါ်သီဂီအောင်တို့၏ ချစ်လှစွာသောမိခင်၊ မခိုင်ကျော်ဇင်သော်၊မယွန်းပြည့်မွန်(MISY)၊ မောင်ထူးမြတ်ဘုန်းရှိန်၊ Brian Wang၊ မပိုးနှင်းဖြူတို့၏အဘွားသည် ၂-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၃နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဇော်လွင်မျိုး

**(နေခြည်စားသောက်ဆိုင်)**

**(တိုက်ကြီးမြို့နယ်အသင်းဝင်)**

**အသက်(၅၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ ဒေါ်ကျင်သန်း(ရွှေအုန်းသီး-ရွှေထီးသက်န်းဆိုင်)၏တူ/သား၊ (ဦးရွှေသီး)-ဒေါ်ကျင်တီတို့၏ ဒုတိယသား၊ ရန်ကုန်မြို့နေ ဦးခေတ်လာ-ဒေါ်စွက်တီတို့၏သားသမက်၊ တိုက်ကြီးမြို့နေ ဦးကိုနိုင် - ဒေါ်ကြည်ကြည်အေး (မော်ဒန် စားသောက်ဆိုင်)တို့၏ ညီ၊ ဦးကျော်ကျော်မိုး - ဒေါ်ဇင်မာအောင်တို့၏အစ်ကို၊ ကိုဖြိုးလင်းဇော်-မပြုံးသီရိညွှန့်၊မနှင်းဇာခြည်လွင်တို့၏မိခင်၊ မောင်ပိုင်မှူးဇော်၏အဘိုး၊ ဒေါ်မာမာလွင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျင်မောင်

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၀လမ်း၊ အမှတ် ၇၅၃/ခနေ (ဦးစောအေး-ဒေါ်ချုပ်)တို့၏သား၊ (ဒေါ်စောရင်)၏ခင်ပွန်း၊ ဦးထင်ကျော်-ဒေါ်လှလှဝင်း၊ ဦးမြင့်သိန်း-ဒေါ်ဝင်းမြင့်၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်အေး၊ ဦးစိုးသန်း-ဒေါ်တင်တင်နွယ်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အမာကြည်

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊အမှတ် ၃၀၇၊ အခန်း ၅နေ (ဗိုလ်မှူးမောင်မောင်၊ ငြိမ်း)၏ဇနီး၊ (ဦးအေးဖေ) - ဒေါ်တင်လှိုင်၊ ဒေါက်တာအေးမောင်-ဒေါ်စီစီ၊(ဦးတင့်လှိုင်)-ဒေါ်ထားထားတို့၏ညီမ၊ ဒေါ်ညိုညို၊ (ဦးခင်မောင်ကြည်)-ဒေါ်ချိုချို၊ ဦးမြင့်အောင် - ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ ဦးဝင်းဇင်ထွန်း-ဒေါ်သက်သက်ဝင်း၊ ဦးအောင်မွန်-ဒေါ်သက်သက်နွယ်၊ ဒုတိယဗိုလ်မှူးကြီးသောင်းထိုက် (မဆရ-၁၄) - ဒေါ်ခင်စန္ဒာမြင့်တို့၏မိခင်၊ မောင်အောင်သီဟ၊ မအေးစုရည်မွန်၊ မောင်ကောင်းထိုက်အောင်တို့၏အဘွားသည် ၂-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဌေးဌေးမော်

**(TTC ကျောင်းသူဟောင်း)**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်း၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၄/၈နေ (ဦးမောင်မောင်ကြီး)-ဒေါ်ညွန့်ညွန့်ခင်တို့၏ သမီးငယ်၊ (ဦးတင်အောင် - ဒေါ်လှသန်း)တို့၏ သမီးချွေးမ၊ ဦးကျော်ဆန်း (Golden Rain Enterprise)၏ချစ်လှစွာသောဇနီး၊ ဗိုလ်လောင်းသုထက်ထွန်း ($1^{st}$ Year, DSTA)၊မောင်လင်းဝေယံအောင် (Grade-8, E, TTC)တို့၏ချစ်လှစွာသောမိခင်၊ ဦးမြတ်ကျော်၊ ဒေါ်စန်းစန်းဝေ(ဒု-ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးကျော်ဇောတို့၏ညီမ၊ ဦးညီညီနိုင်-ဒေါ်နီနီရွှေ၊ ဦးမောင်မောင်ခိုင်-ဒေါ်ရည်မွန်အောင်တို့၏အစ်မသည်၃၁-၅-၂၀၁၅ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးတင်ထွေး

**အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန**

**အသက်(၆၇)နှစ်**

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်ထွေး အသက်(၆၇)နှစ်သည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

---

## ဝမ်းနည်းကြေကွဲခြင်း

# ဦးတင်ထွေး

**အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန**

**အသက်(၆၇)နှစ်**

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်ထွေး အသက်(၆၇)နှစ်သည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ
ပြည်သူ့လွှတ်တော်

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေရီ(ပုသိမ်) အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယား ၄လမ်း၊ အမှတ် ၇၄၀နေ (ဦးဘဌေး-ဒေါ်မယ်လွှာ)တို့၏သမီး၊ (ဦးမောင်ကျင်)၏ဇနီး၊ (ဦးသိန်းဟန်-ဒေါ်မြင့်မြင့်)၊ ဦးကြည်စိန်-ဒေါ်ခင်အေးကြူ၊ ဒေါက်တာဦးအုန်းသွင်(ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဝဲချောင်းရွာ ပုသိမ်အရှေ့နေ ဦးအောင်မြိုင်-ဒေါ်အေးကြူတို့၏ဒေါ်လေး၊ မြေး ၁၅ယောက်၊ မြစ် ငါးယောက်တို့၏အဘွားသည် ၁-၆-၂၀၁၅ရက်(တနင်္လာနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်သောင်း

**စက်မှုလယ်ယာဦးစီးဌာန**

**(ရုံးချုပ်၊ ငြိမ်း)**

**အသက်(၇၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လောင်းရှည်ရွာနေ (ဦးဘရင်-ဒေါ်အုံးခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃/၁၀၈ စက်မှုလယ်ယာ ၁ လမ်းနေ ဒေါ်ခင်ရီ၏ခင်ပွန်း၊(ကိုအေးမြင့်)-မလှကြည်၊ဦးလှအောင် (ကားဘော်ဒီလုပ်ငန်း) - ဒေါ်ခင်အေးမွန်၊ ဦးသန်းထွန်း-ဒေါ်ကြည်ကြည်ခင်၊ ဦးသန်းလွင် (M.S-F. Holla nd)၊ မဇာဇာလှိုင်၊ ကိုဝင်းဇော်-မမာမာခင် (ဘတ်ဂျက်နှင့် ငွေစာရင်းဌာနစု၊ Y.C.D.C)၊ ကိုသန့်ဇော်ဝင်း-မသီတာခင်[(စက်မှုလယ်ယာဦးစီးဌာန၊ ပင်မပစ္စည်းသိုလှောင်ရုံ၊ အဆင့်(က) ကျိုက္ကလို့)]တို့၏ဖခင်၊ မခင်ငြိမ်းချမ်းအောင်-ဗိုလ်မျိုးမင်းသူ (တပ်မတော်-ကြည်း)၊ မဆောင်းနှင်းဖြူ၊ မောင်ကောင်းစည်သူ၊ မောင်မင်းသူကျော်၊ မပန်းမြတ်ဝသန်တို့၏ အဘိုးသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ နံနက် ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်ဝင်း

**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ကွက်သစ် ၁လမ်း၊ အမှတ် ၁၄နေ (ဦးမောင်ကြိုင်-ဒေါ်ရင်ဟုန်)တို့၏သား၊ ဒေါ်အေးအေးမော်၊ ဒေါ်တင်တင်၊ ဦးဌေးဝင်း-ဒေါ်ကြူကြူ၊ ဦးဝင်းစိန်-ဒေါ်စန်းမြင့်၊ ဦးဝင်းသိန်း-ဒေါ်ခင်သန်းဝင်း၊ [ဦးဝင်းတင်(ခ)ဦးသြဘာ]၊ ဦးချစ်လှ-ဒေါ်ခင်သိန်းတို့၏ ညီ/မောင်၊ ဦးမောင်ကြီး-ဒေါ်ဌေးဌေးဝင်း၊ (ကိုမောင်ငယ်)၊ ဒေါ်လှလှ၊ ဦးကျော်ကျော်-ဒေါ်ခင်ရွှေ၊ ဦးသိန်းရွှေ - ဒေါ်ခင်သက်လျာအေးတို့၏အစ်ကို၊ ဒေါ်ထွေးထွေးအောင်၏ခင်ပွန်း၊ မောင်ဖြိုးဟန်ကျော်၏ဖခင်၊ အမှတ် ၂၄၊ နတ်ချောင်း၊ ကွက်သစ် ၁လမ်းနေ ဦးခင်ဝင်းသည်၂-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်ဝင်း

**ကုန်သွယ်-ဆေး(ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ ၁လမ်း၊ အမှတ် ၃၇၂ (လေးလွှာ)နေ (ဦးလွန်းမောင်-ဒေါ်လှတင်)တို့၏သမီး၊ (ဦးဖေခင်)၏ဇနီး၊ ကိုစိုးသီဟ-မနွယ်နီဝင်း၊ ကိုမျိုးသူရနိုင်၊ ကိုစည်သူ-မရတနာ၊ မယွန်းမီမီနိုင်တို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်မောင်ရည်

**ကျန်းမာရေးကြီးကြပ်(၂)**

**ဘိုမကျေးလက်ကျန်းမာရေးဌာန**

**ပျဉ်းမနား**

**အသက်(၅၈)နှစ်**

မန္တလေးမြို့၊မဟာဇေယျာဘုံ၊အကွက် ၇၉၅နေ (ဦးလှ-ဒေါ်တင်ဝေ)တို့၏သား၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ဘိုမအထက် ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေး ကြီးကြပ်(၂) တာဝန်ထမ်းဆောင်နေသော ဦးတင်မောင်ရည်သည်၁-၆-၂၀၁၅ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၅ရက်မွန်းလွဲ ၂နာရီတွင် ပျဉ်းမနား (ခုတင်-၂၀၀) ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ပျဉ်းမနားမြို့နယ်
ကျန်းမာရေးဝန်ထမ်းများ

---

## ဦးတင်မြင့် အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် (G)၊ အခန်း ၅၀၂၊ အနော်ရထာအိမ်ရာနေ (ဦးကျော်ရှိန်-ဒေါ်အုန်းကြည်)တို့၏သား၊ ဦးအောင်ဇော်အောင်-ဒေါ်သန်းသန်းအေး၊ဦးဌေးမြင့်-ဒေါ်စန်းစန်းမြင့်၊ (ဦးထွန်းအောင်ကျော်)တို့၏မောင်/ညီ၊ ဦးတင်ထွန်းအောင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင်အောင်ကျော်-ဒေါ်တင်မာချို၊ ဒေါ်ဌေးဌေးရီတို့၏အစ်ကို၊ ဒေါ်ချိုချိုအေး၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးဝေ၊မချိုရီချစ်စု၊ မောင်သူရိန်မိုးမြင့်တို့၏ ဖခင်သည် ၂-၆-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တကောဝိဒ မဟာထေရ်

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ**

ပခုက္ကူမြို့သစ်အရှေ့ပိုင်း၊ ကွက်သစ်ရပ်ကွက်၊ ဓမ္မဇေယျကျောင်း ပဓာနနာယက ဘဒ္ဒန္တကောဝိဒ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ဝိနယဂရုက သံသရာဘီရု ဖြစ်တော်မူသော မဟာထေရ်ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် နယုန်လဆန်း ၁၃ရက်) ၃၀-၅-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) ၉-၆-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ
ဓမ္မဇေယျကျောင်း ပခုက္ကူမြို့သစ်အရှေ့ပိုင်း

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဂန္ဓာကုဋိတိုက် ဒါယကာကြီး

## ဦးတင်ရှိန် (ဖျာပုံ)

**အသက်(၉၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ ရွှေနတ်ကူဘုရားလမ်း၊ အမှတ် ၆နေ (ဦးကျင်-ဒေါ်သိန်းရှင်)(ဒေါ်ကြည်)တို့၏သားကြီး၊ ဒေါ်နွယ်နွယ်(စီမံကိန်း)- ဦးကျော်ရှင်း၊ ဒေါ်စန်းစန်းကြည်- (ဦးဝင်းလွင်)၊ ဒေါ်လှလှမြင့်-ဒုမှူးကြီး(ငြိမ်း)ဦးကျော်ဝင်း၊ ဒေါ်ခင်ဝင်းသော်-ဦးဝင်းအောင်(PGI၊ ဒေါပုံ)၊ ဦးတင်လွင်(အာရှမယ်)-ဒေါ်ခင်လှဝင်း၊ ဒေါ်ချိုချိုရှိန်-ဦးမြင့်သန်း(ပါရမီ)၊ ဦးလှိုင်ထွန်းတို့၏ဖခင်ကြီး၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏အဘိုး၊ (ဒေါ်မြသန်း)၏ခင်ပွန်းသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးစောရွှေ (ပဲခူးမြို့)

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန**

**အသက်(၈၄)နှစ်**

သူငယ်ချင်းဖြစ်သူ ဗိုလ်မှူးသိန်းဝင်းရွှေ(ငြိမ်း) လေယာဉ်မှူးကြီး (Air KBZ)-ဒေါ်မြဝင်းသာတို့၏ဖခင် ဦးစောရွှေသည် ၃၁-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အပတ်စဉ်(၂၅)မှ သူငယ်ချင်းများနှင့် မိသားစုများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးမြင့်ဦး(ငြိမ်း) OTS (38) အသက်(၇၃)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း) (မြိတ်)**

**စက်မှု(၁)(ကွေ့/မြေ)**

မြိတ်မြို့နေ(ဦးမဲငယ်-ဒေါ်ထွေးခင်)တို့၏သားကြီး၊ (ဦးဘသက်-ဒေါ်နုခင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် ၂၀နေ ဒေါ်ခင်မြဝင်း(အထပ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုစည်သူမောင်၊ ကိုစည်သူအောင်-မလီလီနိုင်၊ ကိုဖြိုးဇော်သိန်း-မမေသူခင်တို့၏ချစ်လှစွာသောဖခင်၊ မမြဒါလီအောင်၊ မဟန်နီလေးတို့၏အဘိုးသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းအမ၊ အလှူ့ဒါယိကာမ၊

ငါန်းဇွန်မြို့နယ်သားကြင်ကျေးရွာ၊ တိုက်နယ်ဆေးရုံအလှူရှင်

## ဒေါ်ညွန့်ညွန့်အောင်(ခ)ဒေါ်မာဂျရီအောင်ခင်

**စိန့်ဖလိုးကျောင်းသူဟောင်း B.Sc (Chemistry)**

**(ကျောင်းဆရာမ၊ ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ၁၃၉/ကနေ (ဦးမြ-ဒေါ်အုန်းစိန်)တို့၏မြေး၊ (ဦးအောင်ခင်-ဒေါ်ညွန့်မေ)တို့၏သမီး၊ (အထောက်တော်လှအောင်)-ဒေါ်ကြည်ကြည်မြင့်တို့၏သမီး၊ ဦးသိန်းလွင်၏ချစ်လှစွာသောဇနီး၊ ဦးအောင်သန်း-ဒေါ်မေသင်းအောင်၊ (ဦးကိုကိုအောင်)-ဒေါ်ခင်ကြူတို့၏ညီမ၊ ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)-ဒေါ်သန္တာအောင်တို့၏အစ်မ၊ ကိုဇော်ရဲနောင်(ဖိုးသား)-မခိုင်ဝါအောင်တို့၏မွေးစားမိခင်၊ မဖြူသန့်စင်၊ မသဇင်ဖေချစ်၊ မရွှန်းလဲ့ကိုကို၊ မဝင်းလဲ့ကိုကို၊ မဝေလဲ့ကိုကို၊ မရှိန်းလဲ့ကိုကို၊ ကိုကျော်သက်အောင်၊ မဟန်စုတင်တို့၏အဒေါ်သည် ၂-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း

## အဖီးဂျွန်း

**(ကျုံပျော်၊ လှည်းဆိပ်)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၅)ရပ်ကွက်၊ ဗိုလ်ချို ၁လမ်း၊ အမှတ် ၉၉၈နေ (ဖူးကံ-ဖီးမယ်စိန်)တို့၏သမီး၊ (မန်းထွန်းရွှေ)၏ဇနီး၊ နန့်လှလှဝင်းရွှေ (L.H.V ဒဂုံဆိပ်ကမ်းမြို့နယ်)-ဦးထွန်းဦး၊ နန့်ဝင်းမာရွှေ-ဦးသိန်းဝင်း၊ စထွန်းထွန်းဦး (E.E, Monsoon Shipping Ltd.) - နန်းသန္တာချစ်တို့၏မိခင်၊ စပိုင်ဆက်အောင်၊ နန့်မေသူခိုင်၊ စအောင်ခန့်ဖြိုး၊ နန့်သွယ်မိုးဖြူ၊ နန့်မေသင်းခိုင်၊ စဟိန်းမင်းထွန်း၊နန့်အိမ့်ကြည်ဖြူနှင်း၊စညဏ်လင်းထွန်းတို့၏အဘွားသည် ၁-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၆-၂၀၁၅ရက်မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအပ်ပါသည်။(နေအိမ်များကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း (အဖျောက်)

**အသက်(၇၈)နှစ်**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၇၂)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၃၀၂နေ (ဦးသူတော်-ဒေါ်လှရှိန်)တို့၏သမီး၊ (ဦးသီ-ဒေါ်အေးချယ်)တို့၏သမီးချွေးမ၊ (ဒေါ်စောမြ)၊ (ဦးတင်မောင်)-ဒေါ်သန်းမြတို့၏ညီမ၊(ဦးဝင်းဇော်)-ဒေါ်မြမြလှိုင်၊ (ဦးကျော်ညွှန့်)-ဒေါ်အေးအေးလှိုင်တို့၏အစ်မ၊ (ဦးမျိုးမင်းထိုက်) - ဒေါ်မြင့်မြင့်စန်းတို့၏မိခင်၊ တူ/တူမ၂၂ယောက်တို့၏အဒေါ်၊ မြေး ၁၈ယောက်၊ မြစ်ငါးယောက်တို့၏အဘွား၊ ဦးစံငွေ၏ချစ်လှစွာသောဇနီးသည် ၂-၆-၂၀၁၅ရက်နံနက် ၃း၅၅နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဂိုးပြတ်နိုင်ပွဲဖြင့် မြန်မာ ယူ-၂၃ အသင်း ပွဲဦးထွက် မျက်နှာပန်းလှ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ရန်နိုင်



**စင်ကာပူ　ဇွန်　၂**

(၂၈)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ဒုတိယပွဲစဉ်ဖြစ်သည့် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် ယနေ့ညပိုင်းက စင်ကာပူနိုင်ငံရှိ ဂျလန်းဘာဆာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**မြန်မာ　-　လေးဂိုး**
**အင်ဒိုနီးရှား　-　နှစ်ဂိုး**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုနောက်ဆုံးပွဲ၌ ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရမှုကို မြန်မာတို့ ရှုံးကြွေး ပြန်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။ အသင်းကြီးနှစ်သင်းနှင့် ပွဲကျပ်နှစ်ပွဲများပြားလှသည့် စင်ကာပူနိုင်ငံရောက် ဆက်တိုက်ကစားရမည့် မြန်မာအသင်းမှာ ပထမပွဲတွင် အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်ဖြင့် စတင်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲတွင် အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့ပြီး အင်ဒိုနီးရှားအသင်းကို အနိုင်ကစားကာ ပွဲဦးထွက် အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းမှာ ကျော်မင်းဖြိုး၊ ရဲမင်းအောင်၊ ဝင်းဇင်ဦး၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ စည်သူအောင်၊ နေလင်းထွန်း၊ ကောင်းဆက်နိုင်၊ ရှိုင်းသူရတို့ဖြင့် ပွဲထွက်ကစားခဲ့သည်။ မြန်မာ ဘောလုံးပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သည်။ မြန်မာအသင်းမှာ အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် ဂိုးစရခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ရှိုင်းသူရက သွင်းယူခဲ့ပြီး တရစပ်ထိုးဖောက်နိုင်ခဲ့သည်။ ၃၈ မိနစ်တွင် တောင်ပံကစားသမား စည်သူအောင်က ဂိုးထပ်မံသွင်းယူခဲ့သော်လည်း ပထမပိုင်းပွဲပြီးခါနီးတွင် လီစတာလူပဟူက အင်ဒိုနီးရှားအတွက် ချေပဂိုးပြန်သွင်းယူခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅*

# မြန်မာယူ-၂၀ အသင်း ယူကရိန်းကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြည်တွင်းနှင့် ပြည်ပရောက်ပြည်သူများက တစ်ခဲနက်အားပေးလျက်ရှိ

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF



မြန်မာ ယူ-၂၀ အသင်း တိုက်စစ်မှူး အောင်သူ ယူကရိန်းခံစစ်ကို ထိုးဖောက်စဉ်။

**ဟန်ဂရေး　ဇွန်　၂**

၂၀၁၅ ဖီဖာ ယူ-၂၀ ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နယူးဇီလန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၀ အသင်းသည် ယူကရိန်း ယူ-၂၀ အသင်းကို ပထမပိုင်းတွင် ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ပေးလိုက်ရသော ဂိုးများကြောင့် အရေးနိမ့်ခဲ့ရသည်။

**ယူကရိန်း　-　ခြောက်ဂိုး**
**မြန်မာ　-　ဂိုးမရှိ**

အဖွင့်ပွဲတွင် အမေရိကန်အသင်းကို ခြေရည်တူကစားနိုင်ခဲ့သည့် မြန်မာယူ-၂၀အသင်းမှာ ယခုပွဲတွင်လည်း ဥရောပနာမည်ကြီး ယူကရိန်းအသင်းထံမှ အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် မမျှော်လင့်ဘဲ ဂိုးများဆက်တိုက်ပေးခဲ့ရသောကြောင့် ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ အတွေ့အကြုံနုနယ်သေးသည့် မြန်မာအသင်းအတွက် သင်ခန်းစာတစ်ခုဖြစ်ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲဖြစ်သည့် အိမ်ရှင် နယူးဇီလန်အသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရန်ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် ခြေရည်တူကစားနိုင်ခဲ့ပြီး ဂိုးမရှိသရေဖြစ်ခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁*

နယူးဇီလန်နိုင်ငံရောက် မြန်မာပရိသတ်များ အားပေးမှုကို တွေ့ရစဉ်။



မြန်မာအသင်းမှာ ရှုံးသော်လည်း အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြောင်း တွေ့မြင်ရသည့်အတွက် နိုင်ငံတော်သမ္မတကြီးနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်အားပေးသွားမည်ဖြစ်ကြောင်း သိရ

## ယနေ့ မာတိကာ


တောင်ကိုရီးယား၌ လူနှစ်ဦး မားစ်ရောဂါဖြင့် သေဆုံးကြောင်း အတည်ပြု　စာမျက်နှာ-၄

မိုးရက်ဆက်ရွာသော်လည်း ကလေးဝ-ယာကြီးလမ်း ကားပြေးဆွဲမှုမပျက်　စာမျက်နှာ-၁၂

ပေ ၂၀၀ ကျော်နက်သည့် ချောက်ထဲသို့ လမ်းကြိတ်စက် ထိုးကျ　စာမျက်နှာ-၁၃

ရေလုပ်ငန်းအတွက် အီးယူ ထောက်ပံ့ငွေ ယူရိုသန်း ၂၀ ကိုထောက်ပံ့ငွေ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်း၍ အသုံးပြုမည်　စာမျက်နှာ-၁၄

ကင်းတားတမံအတွင်း တရားမဝင်သွားလာနေသော စက်လှေများကိုအရေးယူမည်　စာမျက်နှာ-၁၅


မြန်မာ့အလင်း　mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS



# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့်

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်–ပထမဆု)** ကို

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို

**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား

လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး

ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍

ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးအောင်မြတ်

Mother Trading & Construction Co., Ltd

